
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ
သံကျန်း သပိတ်ဆိုင်တောရ သီတဂူဆရာတော်
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ မဟာသဒ္ဓမ္မဇောတိကဓဇ

[illegible]

# ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ

# အချိန်နှင့်အလုပ်



သု(သဒ္ဓမ္မရံသီ)

[illegible]

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ

သဒ္ဓမ္မသီတဂူဈောင်၊ သပိတ်အိုင်တောရ၊ သဲကုန်းဆရာတော်

မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

အဂ္ဂမဟာပဏ္ဍိတ

သီတဂူအရှင်ဉာဏိဿရ (D.Litt)

# အချိန်နှင့်အလုပ်တရားတော်

၁၃၆၄-ခုနှစ်၊ နှောင်းတန်ခူး လဆန်း (၄)ရက်နေ့ညချမ်းကာလ
(၇) နာရီ မိနစ် (၃၀) အချိန်၊ စစ်ကိုင်းမြို့၊
မလွန်ဆန်လှူအသင်းကြီး၏ (၂၅) နှစ်မြောက်
ငွေရတု အထိမ်းအမှတ် ဟောကြားချီးမြှင့်တော်မူပါသည်။

၂၄၀၂၈

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် * ၈၈၉/ ၂၀၀၃ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် * ၅၇၂/ ၂၀၀၃ (၁၂)
၂၀၀၃ ခုနှစ် * ဒီဇင်ဘာလ
ပထမအကြိမ် * အုပ်ရေ (၁၀၀၀)
မျက်နှာဖုံး ဒီဇိုင်း * နေဝင်းအောင်
တန်ဖိုး * ၇၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၈၇)၊ ၅၆လမ်း၊ အမှတ် (၁) ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ယုံကြည်ချက်စာပေ
အမှတ် (၁၁၁)၊ (၃) ထပ်၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အထူးဖြန့်ချိရေး
မျိုးဆက်သစ်စာပေ
အမှတ် (၂၁၂/B-2)၊ ပထမထပ်၊
၃၆-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၂၄၉၉၄၁

# မာတိကာ


| | စာမျက်နှာ |
|---|---|
| ဤစာပေဖြင့် | က |
| ကျေးဇူးမင်္ဂလာ | ခ |
| စာဖတ်ပါ | ဂ |
| ကြည်ညိုမိတာမှားသွားလား | ဃ |
| သီတဂူဆရာတော်နှင့် သာသနာပြုနည်း (အရှင်ဒေဝိန္ဒာလင်္ကာရာဘိဝံသ) | ည |

## သီတဂူဆရာတော်ဘုရားကြီး၏ အချိန်နှင့်အလုပ် တရားတော်

| | |
|---|---|
| မေတ္တာသီတလ အာသီသဂါထာ | ၁ |
| မေတ္တာပို့ဝေ ငြိမ်းချမ်းစေဖို့ | ၂ |
| မမ္မပလ္လင် စတင်လို့ဖွင့် | ၃ |
| အခွင့်အလမ်းကို မလွန်ကြမိ | ၄ |
| အချိန်လွန်မှ သံဝေဂ ဆိုတာ | ၆ |
| အခွင့်အရေးတစ်ခု လက်မလွတ်အောင် သတိပြုပါ | ၇ |
| တွေ့ဆုံခြင်းရဲ့ ထူးခြားမှုတွေ | ၈ |
| လူ့ပြည်က ထူးခြားမှုကိုမှ ဦးဦးဖျားဖျားသိသူတွေ | ၁၁ |
| ကပ်ပြီးလွဲနေတဲ့ လာဘ်ကြီး | ၁၂ |
| ဉာဏ်မယှဉ်တဲ့မျက်စိ ကြည့်တိုင်းလည်း အကျိုးမရှိပြီ | ၁၄ |
| သူ့အထင်နဲ့သူ့အမြင် | ၁၅ |
| သိခြင်းနဲ့မသိခြင်းအကျိုးခြင်းရယ်ကကွာ | ၁၇ |
| ကျေးဇူးတွေ အထူးဆပ်လိုသော်လည်း | ၁၉ |
| ဒါနက သံသရာလည်သတဲ့ သီလကရော | ၂၀ |
| သံသယတောမှာ မောနေသူ | ၂၂ |
| အသံတူကြောင်းကွဲ သတိမလွဲစေနဲ့ | ၂၄ |
| ဘုန်းကြီးတို့ ရဲရဲပြောတဲ့ စေတီဆိုတာ | ၂၆ |
| ပရိနိဗ္ဗာန်စံ ကျော်ငြာသံ | ၂၇ |
| သေခြင်းတရားကို လက်တွေ့ခံစားခြင်း | ၂၈ |



ကျေးဇူးတော်ရှင်

သီတဂူဆရာတော်ဘုရားကြီး

# ဤစာပေဖြင့်

ဥာဏ်ရည်ဖွံ့ဖြိုး အသိတိုး၍ သဘောပေါက်နားလည်အောင် လက်ဆင့်ကမ်း စာပေရေးသားတော်မူခဲ့ပါသော စာရေးဆရာ ကျမ်းပြု ဆရာမြတ်အပေါင်း တို့ကို ရိုသေလေးစား တန်ဖိုးထားလျက် ဤစာပေ ရေးသားခြင်းဖြင့် ပူဇော်အပ်ပါသည် –။

သု (သဒ္ဓမ္မရံသီ)


အရှင်သုမတိ
(သု-သဒ္ဓမ္မရံသိ)
သဒ္ဓမ္မရံသိရိပ်သာ
အမှတ်-၇၊ ဧယျာခေမာလမ်း
၈-မိုင်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုံး – ၆၆၁၅၉၇၊ ၆၅၀၅၇၆

# ကျေးဇူးမင်္ဂလာ

ဤစာအုပ်နှင့်ပတ်သက်သမျှ ကိစ္စအဝဝတို့ကို ဖြူဖွေး သန့်စင်သော-အကြံကောင်း၊ မှန်ကန်မြင့်မြတ်တဲ့-ဉာဏ်ရည်တို့ဖြင့် ဝိုင်းဝန်းကူညီကြပါသော-(ဤစာမူကို စာအုပ်ဖြစ်ပြန့်ပွားလိုတဲ့ -သီတဂူအရှင်ပညာနန္ဒ)။ (အမှာစာကို အသုံးပြုခွင့်ပေးတဲ့- အရှင်ဒေဝိန္ဒာလင်္ကာရာဘိဝံသ)။ အရှင်ပညာသေဋ္ဌာလင်္ကာရ (စာရေးဆရာ-မြတ်ပညာ၊ သဒ္ဓမ္မရံသီ)။ အရှင်ကိတ္တိ ယောသ (စာရေးဆရာ-တာရာမျိုး)။ အရှင်ဓမ္မိက (စာရေးဆရာ-လင်းဖွံ့အား၊ Tavoy)။ စာရေးဆရာ-စာပဒေသာ မောင်လှထွေး။ (တိတ်မှတစ်ဆင့် စာသားအဖြစ် ရေးကူးပို့တဲ့ မအေးအေးမူ-အ၊ ထ၊ က စစ်ကွင်းမြို့)။ကိုနေဝင်းအောင်(ဂရပ်ဖစ် ဒီဇိုင်း)။ ကိုတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်)။ မတင်မာဦး (မျိုးဆက်သစ်စာပေ) တို့အား အထူး ပျူငှာစွာ ကျေးဇူးမင်္ဂလာပါ။

မေတ္တာဝေစည်
သု (သဒ္ဓမ္မရံသီ)

## စာပတ်ပါ

မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊
ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များသော်၊ သားမယားပင်၊
မိုက်မဲခဲ့စွာ၊ မလိမ္မာလည်း၊ စာပေစကား နေ့တိုင်းကြွားကာ၊
ထူးခြားလိမ္မာ၊ ရှိသည်သာတည်း။

(ရှင်မဟာရဋ္ဌသာရ)

# ကြည်ညိုမိတာ မှားသွားလား

ကိုယ့်ဘဝ၊ ကိုယ့်အယူ၊ ကိုယ်ပိုင်ဆိုင်တဲ့ အတွေးတွေနဲ့ပဲ ချရေးပါရစေ။ အဘယ့်ကြောင့်ဆိုသော် ဘာသန္တရကလည်း မကျွမ်းကျင် ပါဠိသုံးနှုန်းဖို့ကြတော့လည်း (၉-ဘွဲ့ရ၊ ၁၀-ဘွဲ့ရ) မဟုတ်တော့လည်း သေချာခိုင်မာဖို့က မလွယ်ကူလှလို့ပါ။ စာရေးသူရဲ့ အသိမှာ တစ်ခုခုကို မှတ်သားဖို့ ကြည်ညိုဖို့ အခွင့်ပေးလာတဲ့ အရွယ်၊ အချိန်အခါက စတင်လို့ - ကျေးဇူးတော်ရှင် သီတဂူဆရာတော်ဘုရားကြီးကို အစအဦး မှတ်မိဖူးတာပါ။ ကြည်ညိုမိတာပါ။ သို့သော် - ယခု (၃၅)နှစ် အသက်ရလင့်ကစား တစ်ကြိမ်တစ်ခါသော်မှ မျက်ဝါးထင်ထင် မဖူးမြင်ဘူးသေးပါ။

ကြည်ညိုနေမိခြင်းရဲ့ အကြောင်းတရားများမှာ -

**တစ် = တည်ကြည်ခိုင်ခန့် တည်တည်တံ့တံ့ တရားတော်များကို ဟောကြားချီးမြှင့်ခြင်းကို နာကြားဖူးတာကြောင့် (တိတ်မှတစ်ဆင့်)**

**နှစ် = အများအကျိုးပြု လုပ်ငန်းကြီးများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူသောကြောင့်။**

ဤအကြောင်းတရား နှစ်ပါးကြောင့် စာရေးသူမှမဟုတ်ပါ နိုင်ငံသိ၊ ကမ္ဘာအသိ - သိရှိသူအားလုံးက အသိအမှတ်ပြု ခံယူရပါသော ဆရာတော်ကြီးတစ်ပါး ဖြစ်လို့ပါ။

အထက်ပါ အချက်နှစ်ချက်ထဲက နှစ်နံပါတ်အချက်သည် မည်သူမျှ မလုပ်ဆောင်နိုင်၊ မစွန့်စားနိုင်သော အံ့ဖွယ်အချက်ပင်

ဖြစ်ပါတယ်။ သာသနာပြင်ပမှာရော သာသနာအတွင်းမှာပါ ပစ္စည်း ချမ်းသာဖို့ ဘုန်းကံကြီးမားဖို့ ခက်ခဲတယ်လို့ ထင်ရငြားလည်း ရှေး အတိတ်က ဖြည့်ဆည်းလာမှု ပစ္စုပ္ပန်အကျင့် လုံ့လဝီရိယ ထက်သန် ပါက မခက်ခဲလှပေ။ ခက်ခဲသည်က -ရရှိရောက်ရှိလာတဲ့ ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာမှုများကို အများအတွက် အကျိုးရှိရာအတွက်ကို စွန့်လွှတ်နိုင်ဖို့ရာ အလွန်ခက်ခဲလှပါတယ်။

တဖိန့်ဖိန့်တောက်နေတဲ့ ရွှေကျောင်းကြီးတွေ မကြုံစဖူးတဲ့ အခြံအရံတွေ မသုံးဆောင်ဖူးတဲ့ ပစ္စည်းဥစ္စာတွေ အလွန်ပေါ်များကြ ပါ၏။ ဘုန်းကံကြီးမားကြောင်းသတင်းတွေ ဒလဟိုး ကျော်ကြားနေ ငြားလည်း လိုအပ်တဲ့ နေရာမှာ တကယ်အကျိုးရှိတဲ့အရာတွေကို စိုးစဉ်းမျှဆောက်ရွက်ဖို့ရာ စိတ်ကူးမရှိကြပါ။ ဆောင်ရွက်ဖို့ စွန့်စား ဖို့ရာမှာ အလွန်ပင် ဝန်လေးကြတယ်။ အလွန်ပင် ခက်ခဲလှပါတယ်။ ဇကသာဋ္ဌကနဲ့ မစ္ဆရိယတို့ရဲ့ တိုက်ပွဲကို ပေါ့သေးသေး တိုက်ပွဲလို့ မထင် မှတ်ကြဖို့ နှလုံးမသွင်းမိကြဖို့ လိုအပ်လှပါ တယ်။

စာရေးသူအနှစ်သက်ဆုံး၊ အမြတ်နိုးဆုံးသော အကျင့်ဆိုတာ မည်သူမျှ မကျင့်နိုင်သော အများအကျိုးပြု သာသနာတော်ရေရှည် တည်တံ့ ခိုင်မြဲရေးနှင့် တိုးတက် ပြန့်ပွားရေးလုပ်ငန်းကြီးများအတွက် ပြောဟောပါ၏။ ပြောဟောတဲ့အတိုင်းလည်းပဲ အကောင်အထည် ဖော် ဆောင်ရွက်နေပါသော ဆရာတော်ကြီးတစ်ပါး အများတွက် အားတွေ ဖြစ်နေလို့ပါ။ ဤမျှအထိ ကျေးဇူးကြီးမားလှသော သီတဂူ ဆရာတော်ဘုရားကြီး၏ အကျိုးရှိ လူသားတွေ ပေါ်ပေါက်လာဖို့ ဟောကြားတော်မူအပ်ပါသော နက်ရှိုင်းတဲ့အသိထူးများကို ကျယ်ပြန့် သည်ထက် ကျယ်ပြန့်အောင်၊ နှံ့စပ်သည်ထက်နှံ့စပ်အောင် တစ်ဆင့်

ဆောင်ရွက်ခွင့်ရသည့်အတွက် မမက်ဖူးသော အိပ်မက်များကို မြင်မက်ရသလို အထူးပင် ဝမ်းမြောက်နေမိတာပါ။

* * *

အဲဒီ ကုသိုလ်ဖြစ်အတွေးတွေ တွေးနေစဉ် (၉၊ ၁၀၊ ၂၀၀၃၊ နေ့ ၁း၃၀-အချိန်)

* ဦးသု - တယ်လီဖုန်းလာနေပါတယ်ဘုရား။

● ဟဲလို ပြောပါ

▲ သီတဂူဆရာတော်စာအုပ်၊ အချိန်နှင့်အလုပ်ဆိုတဲ့စာအုပ် ကြော်ငြာတွေ့လို့ပါ -

● မှန်ပါဘုရား၊ မကြာမီ ထွက်မှာပါဘုရား။

▲ အဲဒါ - ဘယ်လိုရတာလဲ -

● မှန်ပါ၊ စစ်ကွင်းမြို့ မလွန်ဆန်လှူအသင်းကြီးရဲ့ ငွေရတု တရားပွဲ အထိမ်းအမှတ်လို့ ပြောပါတယ်ဘုရား။

▲ ဘယ်သူလာပေးတာလဲ -

● စစ်ကွင်းမြို့က လက်ရေးနဲ့ ရေးသားစာမူကို သီတဂူ အရှင် ပညာနန္ဒကိုယ်တိုင် ရန်ကုန်ကို လာပို့တာပါဘုရား။

▲ အေး - အလုပ်လုပ်တဲ့နေရာမှာ စည်းရှိပါ။ (ဂလောက် ---)

* * *

အထက်ပါ ဖုန်းမှတစ်ဆင့် နာကြားခဲ့ရပါသော --- စကားများကို အထပ်ထပ် သုံးသပ် ဆင်ခြင်နေမိပါသည်။ အများအတွက် ဆောင်ရွက်ကြတဲ့နေရာမှာ။ အများအကျိုး သည်ပိုးကြတဲ့နေရာမှာ- ဘုရားလောင်း ရွှဲကုန်သည်ဘဝတုန်းက ---- ဘုရားလောင်းရဲ့အပေါ် အကျင့်ယုတ်တဲ့ ဒေဝဒတ်ကျင့်သလိုမျိုး မခွဲဝေသင့်ဘူးလို့ ထင်တာပါ

ပဲ။ (ဤစာကိုဖတ်ပြီးပါကလည်း အားလုံးဝိုင်းဝန်းလို့ သုံးသပ်နိုင်ကြပါစေ) အများသိနေပြီးသားပါ။ ရွှဲကုန်သည်ဆိုတာ ရွှဲလိုသူထံကို အရောက်ပို့နိုင်ဖို့ပဲ ----။ လူတိုင်းလည်း ပဲ ဒီရွှဲလုံးကြီးကို ကြိုက်ချင်မှ ကြိုက်နေပေလိမ့်မယ် ရွှဲကုန်သည်အလာကို မျှော်လင့်ချင်မှ မျှော်လင့်နေလိမ့်မယ်။

သို့သော် -

တစ်ရွာမှာတစ်အိမ် တစ်အိမ်မှာတစ်ယောက်ကတော့ အသုံးလိုတဲ့အတွက် အကျိုးရှိတဲ့အတွက်တာကြောင့် ရွှဲကုန်သည်ကို မျှော်လင့်နေလိမ့် မယ်။ စောင့်မျှော်နေလိမ့်မယ်ပေါ့။ တကယ်တမ်း အရောင်းအဝယ်ပြုလုပ်ကြတဲ့အခါမှာ - ညီမျှဖို့ မှန်ကန်ဖို့ကသာ အဓိကပါ။ အခုတော့ အကျင့်ယုတ်တဲ့ ဒေဝဒတ်က လမ်းတွေသူ့စိတ်ကြိုက်ခွဲဝေလိုက်တယ် "ဒီလမ်းထဲကို ကျွန်ုပ် အရင်ဝင်မယ်၊ ကျွန်ုပ်ဝင်ပြီးမှ သင်ဝင်" အစရှိသဖြင့် လမ်းတွေဘယ်လောက် ခွဲခွဲ စိတ်ထားမြင့်မြတ်တဲ့ ဘုရားလောင်းရွှဲကုန်သည်သာ ရွှေခွက်အစစ်ကို ရရှိခဲ့တာပါ။

* * *

ဒါ့ကြောင့် စာရေးသူ စဉ်းစားမိသည်က - "ဒီသာသနာကို အခြားသူပြုနေလို့ တို့မှာ တာဝန်မရှိ။ ဒီသာသနာကို ငါပြုနေတာမင်း လာမပြုနဲ့---အစရှိတဲ့ အယူဝါဒတွေဟာ-စိတ်ထားယုတ်ညံ့သူ အဆင့်အတန်းနိမ့်ကျသူများရဲ့ နှလုံးသားအဘိဓာ န်မှာသာရှိနေလိမ့်မယ်လို့"

"အခြားသူ သာသနာပြုနေတယ် --- အဲဒီထက်သာအောင်၊ အဲဒီထက် သန့်ရှင်းအောင်၊ အဲဒီထက် အကျိုးများအောင်၊ အဲဒီထက် အများအတွက် အကျိုးဖြစ်မယ်ဆိုပါရင် ထိုသာသနာကို ပြုသင့်လိမ့်မယ်လို့ ---"

"ဒီလူ - ဒီကျမ်းပြုဆရာက ဒီကျမ်းစာကို အများသဘော ပေါက် အောင် လွယ်ကူစွာ လေ့လာနိုင်အောင် ရေးသားထားတယ်။ ပြုစုထားတယ် ဆိုပါစို့။ အဲဒီကျမ်းထက်၊ အဲဒီစာအုပ်ထက်၊ ပို၍ လွယ်ကူ၊ ပို၍ရှင်းလင်း၊ ပို၍အဆင့်မြင့်၊ ပို၍အကျိုးရှိတဲ့ ဉာဏ်ရည် ဉာဏ်သွေးတွေ ရှင်သန်ထက်မြက် လာမယ်ဆိုပါရင် ထိုကျမ်းမျိုး၊ ထို စာအုပ်မျိုးကို ပြုစုသင့်ပါတယ်။ ရေးသားသင့်ပါတယ်။ဆောင်ရွက်သင့် ပါတယ်။ မကန့်ကွက်သင့်ဘူး။ ခွင့်ပြုသင့်တယ် လို့ ---။"

"သာသနာဆိုတာတစ်ဦးတစ်ယောက်တည်းပြုလို့ မကျယ်ပြန့် နိုင်သလို မတိုးပွားနိုင်- မစည်ပင်နိုင်ပါ - မြတ်ဗုဒ္ဓသော်မှ - သာသနာပြု အင်္ဂါယာတွေစု --- ဒေသအသီးသီးသို့ သာသနာပြုတွေ စေလွှတ်ခဲ့ တယ် ဆိုတဲ့ - ဗုဒ္ဓဝင်တော် သာသနာ့သမိုင်းမြတ်ကြီးကို မမေ့သင့်ဘူး လို့ ---။

"စည်း - ဆိုတဲ့စကားလုံးမှာ ရေးလျှင်ကျယ်ဝန်း။ ပြောလျှင် မကုန်နိုင်ပါ။ သာသနာကို တိုးတက်ပြန့်ပွားလိုတဲ့ မှန်ကန်မြင့်မြတ်တဲ့ ဆန္ဒတွေနဲ့ ပြုကြတဲ့အခါမှာ စည်းဆိုတာ မလိုအပ်လှပါ။ သာသနာပြု နေစဉ်၊ သာသနာ ပြုနေတုန်းမှာသာ ဗုဒ္ဓချမှတ်ခဲ့တဲ့စည်းတွေက မကျော်လွန်ဖို့။ မကျိုးပေါက်ဖို့သာ အရေးကြီးလှပါတယ်လို့ ---။

* * *

အထက်ပါ အတွေးတွေဟာ သာသနာတော်အတွက်၊ သာသနာတော်ကို ချစ်မြတ်နိုးကြတဲ့သူများအတွက် - သွေးဖြစ်ခဲ့ မယ်ဆိုပါရင် -။ အဲဒီစီစဉ်ပူဇော်သူရဲ့ သွေးတစ်စက်ဟာ - နိုင်ငံကသိ၊ ကမ္ဘာအထိ သာသနာပြုတော်မူပါသော ကျေးဇူးတော်ရှင် သီတဂူ ဆရာတော်ဘုရားကြီး-။ ထိုဆရာတော်ဘုရားကြီးရဲ့ သာသနာပြုရာ မှာ - ပို၍လင်းစေ - မမှေးမှိန်စေလိုတဲ့ ဒုတိယတိုက်အုပ်ဆရာတော်

သိတဂူအရှင်ပညာနန္ဒ-။ စစ်ကွင်းမြို့-မလွန်ဆန်လှုအသင်းသူအသင်းသားများနဲ့အတူ - တိတ်မှတစ်ဆင့် စာသားအဖြစ် ပြန့်ပွားလို၍ ပံ့ပိုးကူညီပေးတဲ့ - မအေးအေးမူ (အ၊ ထ၊ က) ဤစာအုပ်ကို လေ့လာဖတ်ရှုခွင့်ရကြပါသော စာပေချစ်ပရိသတ်များ --- စသည်တို့ရဲ့ - ကျေနပ်ဖွယ်သွေး၊ ရဲရင့်တဲ့သွေး၊ မှန်ကန်တဲ့သွေး၊ မြင့်မြတ်တဲ့သွေး၊ သန့်ရှင်းတဲ့သွေးသာ ဖြစ်ခဲ့မယ်ဆိုပါရင် ---။

မေတ္တာဝေစည်
**သု (သဒ္ဓမ္မရံသီ)**
ရေးပြီးချိန် = ၉၊ ၁၀၊ ၂၀၀၃၊ ညနေ - (၄း၃၀)

# သီတဂူဆရာတော်နှင့် သာသနာပြုနည်း

**အရင်းအနှီးပေးမှ အမြတ်ရ**

လူတို့သည် ချိုမြိန်သော အသီးတို့ဖြင့် ဝေဆာနေသည့် သစ်ပင်ကြီးတစ်ပင်ကို မြင်လျှင် ထိုသစ်ပင်မျိုးကိုသာ လိုချင်၏။ ထိုသစ်ပင်မျိုးကို ရရှိအောင် မည်သို့ ပြုစုပျိုးထောင်ခဲ့ရသည်ကိုတော့ မေ့နေကြပေသည်။ ထိုနည်း တူစွာပင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုအောင်မြင် ကျော်ကြားလျှင် ထိုအောင်မြင်ကျော်ကြားမှုကို ကြည့်ပြီး မိမိ၊ မိမိပါဝင်သည့် အဖွဲ့အစည်းကိုလည်း ထိုကဲ့သို့ အောင်မြင်ကျော်ကြားချင်ကြ၏။ သို့သော် အောင်မြင်ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့) အဖွဲ့အစည်းတစ်ခု၏ နောက်ကွယ်၌ရှိသောပေးဆပ်ခဲ့ရသည့် 'အရင်းအနှီး' များကိုကား သတိမထားမိကြပေ။

မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းဖြစ်ဖြစ် ခိုင်မာသည့် ယုံကြည်ချက်၊ ထက်သန်သည့် လုံ့လဝီရိယတို့ဖြင့် ကြိုးစား အားထုတ်မှသာလျှင် အောင်မြင်မှု သရဖူကို ဆောင်းနိုင်မည်ဖြစ်၏။ ယနေ့ 'သီတဂူ ပရဟိတ (အများအကျိုးပြု) လုပ်ငန်းကြီး' များ အောင်မြင်နေခြင်းမှာလည်း သီတဂူဆရာတော်၏ ခိုင်မာသည့်ယုံကြည်ချက်ဖြင့် နေ့မနား၊ ညမအား ကြိုးစား အားထုတ်နေမှုကြောင့်သာ အောင်မြင် တိုးတက်နေခြင်း ဖြစ်ပေသည်။ အမှန်တကယ်ကား ကြီးကျယ် မြင့်မြတ်

သော 'အရင်းအနှီး' များကြောင့် ကြီးကျယ်မြင့်မြတ်သော 'အကျိုးအမြတ်' များကို ရရှိခြင်းဖြစ်ပေ၏။ (န ဘိက္ခဝေ ဟီနေန အဂ္ဂဿ ပတ္တိ ဟောတိ၊ အဂ္ဂေနေဝ အဂ္ဂဿ ပတ္တိ ဟောတိ)

**စွယ်စုံတော်သည့်ဆရာတော်**

လောက၌ ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ်များကို ကြည့်လျှင် တစ်ဘက်ဘက်၌သာ ထူးချွန်ထက်မြက်ကြသည်ကိုသာ များသောအားဖြင့်တွေ့ရပါသည်။ ဘက်ပေါင်းစုံ ထူးချွန်သည့် ပုဂ္ဂိုလ်ကား 'မတစ်ထောင် တစ်ယောက်ဖွား' ရှာမှရှားဟည်း။

သီတဂူဆရာတော်နှင့် ပတ်သက်၍ ဆရာတော်ကြီးတစ်ပါးက 'ဦး ဉာဏိဿရက တရားဟောတဲ့ဘက်မှာသာ တော်တာ မဟုတ်ဘူး၊ ဘက်ပေါင်းစုံတော်တာ' ဟု မိမိကို မိန့်တော်မူဖူး၏။ မိမိသည် ထိုဆရာတော်ကြီး၏ချီးမွမ်းစကားအရ သီတဂူဆရာတော်သည် အဘယ်သို့ ဘက်ပေါင်းစုံ တော်သနည်း ဆိုသည်ကို ဓမ္မဓိဋ္ဌာန်ကျကျ ဝေဖန်သုံးသပ်ကြည့်မိပါသည်။

ဘုန်းကြီးလောက၌ တစ်ချို့ဆရာတော်တို့သည် စာပေတို့ကိုသာ ပို့ချတော်မူနိုင်၍ တရားကိုကား မဟောတတ်ကြ။ တချို့ဆရာတော်တို့ကား တရားကိုသာ ဟောတတ်၍ စာပေတို့ကိုကား ပို့ချတော် မမူနိုင်ကြ။ သီတဂူ ဆရာတော်ကား စာပေတို့ကိုလည်း ပို့ချနိုင်၏။ တရားကိုလည်း ဟောတတ်၏။

တရားဟောသည့်နေရာ၌လည်း တချို့ဆရာတော်တို့ကား အသံသာကောင်း၍ အပြောမရှင်းပါ။ ဘချို့ဆရာတော်တို့ကား အပြောသာရှင်း၍ အသံမကောင်းပါ။ သီတဂူဆရာတော်ကား အသံလည်း ကောင်း၏။ အပြောလည်းရှင်း၏။

တချို့ဆရာတော်တို့ကား ပိဋကတ်စာပေတို့ကိုသာတတ်ကျွမ်းတော်မူ၍ ဘာသန္တရစာပေတို့ကို မတတ်မြောက်ကြ။ တချို့ဆရာတော်တို့ကား ဘာသန္တရစာပေတို့ကိုသာ တတ်ကျွမ်းတော်မူ၍ ပိဋကတ်စာပေတို့ကို မတတ် မြောက်ကြ။ သီတဂူဆရာတော်ကား ပိဋကတ်စာပေတို့ကိုလည်း တတ်ကျွမ်းတော်မူ၏။ ဘာသန္တရစာပေတို့ကိုလည်း တတ်မြောက်တော်မူ၏။

တချို့ဆရာတော်တို့ကား'စာပေကျမ်းဂန်'တို့ကိုသာ မွှေနှောက် ချောက်ခြားနိုင်၍ စာရေးတော်မမူကြ။ တချို့ကား စာကိုသာ ရေး၍ 'စာပေ ကျမ်းဂန်' တို့ကိုကား ကျွမ်းကျွမ်းကျင်ကျင် မတတ်ကြ။ သီတဂူဆရာတော်ကား 'စာပေကျမ်းဂန်' တို့ကိုလည်း မွှေနှောက် ချောက်ခြားနိုင်၏။ စာကိုလည်း ရေးတော်မူ၏။

တချို့ဆရာတော်တို့ကား လောကီအမြင်(လောကီဗဟုသုတ)သာ ရှိတော်မူ၍ လောကုတ္တရာအမြင် (လောကုတ္တရာ ဗဟုသုတ) ရှိတော်မမူကြ။ တချို့ဆရာတော်တို့ကား လောကုတ္တရာအမြင်သာ ရှိတော်မူ၍ လောကီအမြင် ရှိတော်မမူကြ။ သီတဂူဆရာတော်ကား လောကီအမြင်လည်း ရှိတော်မူ၏။ လောကုတ္တရာအမြင်လည်းရှိတော်မူ၏။

တချို့ဆရာတော်တို့ကား အရည်အချင်းသာ ရှိ၍ လုပ်ဆောင်ချက် (ထိုအရည်အချင်းကိုသုံးစွဲမှု) မရှိကြ။ တချို့ကား လုပ်ချင်သည့်ဆန္ဒသာ ရှိ၍ အရည်အချင်းမရှိကြ။ သီတဂူဆရာတော်ကား အရည်အချင်းလည်း ရှိတော်မူ၏။ ထိုအရည်အချင်းအတိုင်း ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်ချက်လည်း ရှိတော်မူ၏။

ထိုကဲ့သို့ စွယ်စုံတော်သောကြောင့် နာမည်ကျော် စာရေးဆရာကြီး တစ်ယောက်က 'သီတဂူဆရာတော်၏ ပါရမီအစွမ်းမှာ

အစမျှသာရှိသေးသောကြောင့်သီတဂူဆရာတော်လိုအာဇာနည်ပုဂ္ဂိုလ်မျိုးကို အစွမ်းကုန် မချီးကျူးထိုက်သေးပါ' ဟု ရေးသားခဲ့ပါသည်။

အဘယ့်ကြောင့် သီတဂူဆရာတော်ကို စွယ်စုံတော်သည်ဟု ပြောရသနည်း။ ဆရာတော် ဟောကြားတော်မူသည့် တရားတော်များ ပို့ချတော်မူသည့် စာပေများ၊ ရေးထားတော်မူသည့် ကျမ်းစာများကို ကြည့်သောအားဖြင့် 'ပိဋကတ်စာပေ' တို့ကို တစ်ဘက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက်ကြောင်းကိုလည်းကောင်း၊ နိုင်ငံတကာ၌ လှည့်လည်၍ တရားဟောခြင်း၊ တရားပြခြင်း၊ နာမည်ကျော်ကြား လူသိများသော နိုင်ငံခြား တက္ကသိုလ်ကြီး များ၌ တရားသင်တန်းများ ပို့ချခြင်း၊ နိုင်ငံတကာ ဗုဒ္ဓဘာသာ ညီလာခံ အစည်းအဝေးများ၌ တက်ရောက်၍ မိန့်ခွန်းပြောခြင်းတို့ကို ထောက်ဆသော အားဖြင့်လည်း 'ဘာသန္တရ စာပေ' တို့ကို တတ်မြောက်ကြောင်းကို လည်းကောင်း၊ ယနေ့အချိန်မှာ မြန်မာနိုင်ငံသာသနာ၌ မရှိမဖြစ် လိုအပ်နေသော 'ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်ကြီး'ကို ဖွင့်လှစ်တည်ထောင်သည်ကို ကြည့်သောအားဖြင့်လည်း ကာလ၊ ဒေသအားလျော်စွာ ကြည့်တတ် မြင်တတ်သော ဗဟုသုတဂုဏ်နှင့် ပြည့်စုံကြောင်းကို လည်းကောင်း၊ ဆရာတော်၏ ရေအလှူ ဆေးအလှူ စသော ပရဟိတ (အများအကျိုးပြု) လုပ်ငန်းများ၏ အောင်မြင်ပုံကို ကြည့်သောအားဖြင့်လည်း နောက်မဆုတ်တမ်း ကြိုးစားသည့် လုံ့လဝီရိယ၊ အများအကျိုးကို ဆောင်ရွက်လိုစိတ် ရှိကြောင်းကိုလည်းကောင်း သိသာ ထင်ရှားလှသောကြောင့် သီတဂူ ဆရာတော်ကို စွယ်စုံတော်သည်ဟု ပြောရခြင်းဖြစ်ပေသည်။

စင်စစ် ယနေ့အချိန်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓ သာသနာ တစ်ရပ်လုံးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ် နေသော သီတဂူဆရာတော်သည် တစ်ကမ္ဘာလုံးကို ထိုးစစ်ဆင်နေ

သော ထေရဝါဒသာသနာ စစ်ကြောင်း၏ 'တိုက်စစ်မှူးကြီး' ဖြစ်သကဲ့သို့ မျက်မှောက်ခေတ် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ ရှေ့ဆောင်လမ်းပြ 'မီးရှူးတန်ဆောင်' လည်း ဖြစ်နေပါ၏။

**ပူဇော်တယ်ဆိုတာ**

စံပြ သာသနာ့ အာဇာနည် ခေါင်းဆောင်ဖြစ်သော သီတဂူဆရာတော်ကို ပူဇော်ကြ၊ ကြည်ညိုကြသော ရဟန်းရှင်လူ ပြည်သူတို့တွင် ဆရာတော်၏ 'အရင်းအနှီး'များကို ကြည့်၍ ပူဇော်၊ ကြည်ညိုကြသူကား မရှိသလောက် နည်းပါးလိမ့်မည် ထင်၏။ မိမိသည်လည်း ဆရာတော်ကို အားကျသဖြင့် ဆရာတော်၏ ဓာတ်ပုံကို ဦးခေါင်းရင်း၌ ချိတ်၍ ပူဇော်ခဲ့ ဖူးလေပြီ။ ဆရာတော်သာ သိလျှင် 'ငါ့ရဲ့ဓာတ်ပုံကို ပူဇော်နေလို့ မင်းအတွက် ဘာအကျိုးထူးမှာလဲ၊ ငါကြိုးစားသလို ကြိုးစားမှ ငါ့ကို ပူဇော်ရာရောက်မယ်' ကြိမ်းဝါးတော်မူပေလိမ့်မည်။

ဝသဘာမင်းကြီးက ကန္ဒရသာလရဟန္တာ မထေရ်ကြီးကို လျှောက်ထားခဲ့သော 'စကားတစ်ခွန်း' ကလည်း မိမိတို့အား သတိပေးသလို ဖြစ်နေပေ၏။ 'တပည့်တော် ပူဇော်နေတာက အရှင်မြတ်၏ ရဟန္တာ ဟူသော 'ဂုဏ်'ကို ပူဇော်နေတာမဟုတ်ပါ။ ရဟန္တာမဖြစ်သေးခင် ပုထုဇဉ်ဦးပဉ္စင်းလေး ဘဝက စောင့်ထိန်းခဲ့သော သီလနှင့် တရားဘာဝနာ တို့ကို ကြိုးပမ်းအား ထုတ်ခဲ့သော ဝီရိယတို့ကိုသာ ပူဇော်နေခြင်း ဖြစ်ပါတယ်ဘုရား' ဟူ၏။

မိမိတို့သည်လည်း သီတဂူဆရာတော်ကို အတုယူ အားကျရမည် မဟုတ်ပေ။ သီတဂူဆရာတော် လောင်းလျာဖြစ်သော ဦးပဉ္စင်းလေး ရှင်ဉာဏိဿရဘဝက ကြိုးစားခဲ့သည့် လုံ့လဝီရိယ၊ ချမှတ်ခဲ့သည့် ရည်ရွယ်ချက်တို့ကိုသာ အတုယူ အားကျရပေမည်။

အမှန်တကယ်ကား မိမိတို့သည် ဆရာတော်၏ ခိုင်မာသော ယုံကြည်ချက်၊ နောက်မဆုတ်တမ်း ကြိုးစားသည့် လုံ့လဝီရိယ၊ ဝဇီရ စိန်သွားကဲ့သို့ ထက်မြက်သည့် ဉာဏ်ပညာ၊ ကိုယ့်အလုပ်ကိုသာ ဇောက်ချလုပ်ကိုင်သည့် သမာဓိ၊ မွန်မြတ်သန့်စင်သည့် စေတနာ၊ အများအကျိုးကို သယ်ပိုးလိုသည့် စိတ်ဓာတ် တည်းဟူသော 'အရင်း အနှီး' တို့ကို အတုယူပြီး ဆရာတော်ကဲ့သို့ ကြိုးပမ်းအားထုတ်မှသာ လျှင် ဆရာတော်ကို ပူဇော်ရာ ရောက်ပေမည်။

**ငါကတော့ သေမှ နားမယ်**

ဆရာတော်သည် တပည့်များကို သူ့လိုစွယ်စုံတော်စေချင်၏။ စွယ်စုံ တတ်စေချင်၏။ ဆရာတော် တော်စေချင်၊ တတ်စေချင်သည့် အတိုင်း တပည့်များကလည်း 'ဆရာကောင်းတပည့် ပန်းကောင်းပန်' ဆိုသည့်အတိုင်း အားသွန်ခွန်စိုက် ကြိုးစားနေကြသည်မှာ ဝမ်းမြောက် ဖွယ် ကောင်းလှသည်။ ဆရာတော်သည် တပည့်များကိုဘဝအားမာန် များ တက်ကြွလာစေရန်အတွက် ရဲစိတ်၊ ရဲမာန်အပြည့်ဖြင့် မိမိ၏ ယုံကြည်ချက်၊ လုပ်ဆောင်ချက်တို့ကို ထုတ်ဖော်ပြီး သြဝါဒစကား တည်းဟူသော ရေလှိုင်းကြီးများဖြင့် ပက်ဖြန်းတော် မူလေ့ရှိပါသည်။

တခါက ဆရာတော်သည် ခရီးဒေသစာရီ ကြွခါနီးတွင် တပည့်များကို 'ငါက အပင်ပန်းမခံဘူး၊ ကျန်းမာဖို့အရေးကြီးတယ် ဆိုပြီး ဒူးနှံ့ပြီးတော့ မနေချင်ဘူး၊ တန်ဘိုးရှိတဲ့အချိန်တွေကိုလည်း အလဟဿ မဖြုန်းတီးချင် ဘူး။ ကိုယ့်အတွက် အကျိုးရှိရင်ရှိ၊ မရှိရင် သူများအတွက် အကျိုးရှိရမယ်၊ ကိုယ်လုပ်နိုင်သမျှလုပ်ရမယ်။ ငါကတော့ သေမှနားမယ်' ဟု ရဲရဲတောက် မိန့်တော်မူပါသည်။ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ မုခ်ဦးဝတို့၌ရှိသော ခြင်္သေ့ရုပ်ကြီးများ

ကလည်း ဆရာတော်၏ရဲရင့်သောစိတ်ဓာတ်ကို အတည်ပြု ထောက်ခံလျက် ရှိနေပေသည်။

**နောင်တခေတ်မှာ ဒုတိယ ဉာဏီသရ ပေါ်ပေါက်ဖို့ မလွယ်တော့ပါဘူးတဲ့**

မိမိသည် အရှင်သီဟဉာဏာလင်္ကာရ (ထားဝယ်) နှင့်အတူ ဆရာတော်၏ အလုပ်အကျွေးအဖြစ်ဖြင့် ဆရာတော်နှင့်အတူ နယ်တစ်နယ်သို့ ရောက်ခဲ့စဉ်က ထိုနယ်မှာရှိသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးတစ်ပါးက မိမိတို့ကို 'မင်းတို့က ဘယ်ကလဲ' ဟု မေးတော်မူပါ၏။ မိမိတို့ကသီတဂူဆရာတော်၏ အလုပ်အကျွေးတပည့်များဖြစ်ကြောင်း လျှောက်ထားလိုက်သောအခါ ထိုဆရာတော်ကြီးက "မင်းတို့က သီတဂူဆရာတော်ရဲ့ တပည့်တွေလား၊ အတော်ကံကောင်းတာပဲ၊ ဒီလို ဆရာကောင်း၊ သမားကောင်းကို လုပ်ကျွေးခွင့်ရဖို့ဆိုတာ မလွယ်ဘူး၊ အေး-မင်းတို့ကို ငါ တိုက်တွန်းချင်တာက မင်းတို့ရဲ့ ဆရာလိုဖြစ်အောင် ကြိုးစားကြ၊ ကိုယ့်ဆရာရဲ့ လုပ်ငန်းတွေကို ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ကြ၊ မင်းတို့ဆရာရဲ့ သာသနာပြုလုပ်ငန်းတွေဟာ နိုင်ငံနဲ့သာသနာအတွက် အကျိုးကျေးဇူး အင်မတန်များတာပဲကွယ်၊ ချီးကျူးလို့မကုန်နိုင်ဘူး၊ နောင်တခေတ်မှာ 'ဒုတိယ ဉာဏိဿရ' ပေါ်ပေါက်ဖို့ မလွယ်တော့ပါဘူး" ဟု မိန့်တော်မူပါသည်။

**ကိုယ်ပိုင်ပစ္စည်းဆိုလို့ ကင်မရာတစ်လုံးပဲ ရှိပါတယ်**

တချို့က ဆရာတော်၏ သီတဂူပရဟိတလုပ်ငန်းကြီးများ အောင်မြင်ပုံကိုကြည့်ပြီး ဆရာတော်ကို ပစ္စည်းလာဘ်လာဘ အလွန်ပေါလိမ့်မည်ဟု ထင်ကြ၏။ သူတို့ထင်သလိုမဟုတ်ပါ။ ဗုဒ္ဓတက္ကသိုလ်၊ သီတဂူဝိဟာရ၊ ဆေးရုံ၊ ရေစက် ဟူသော ထိုပရဟိတလုပ်ငန်းကြီးများနှင့် ပတ်သက်သော ပစ္စည်း အသုံးအဆောင်မှန်သမျှသည် ဆရာတော်

ဘ၀တံခွန်စာပေ

က သာသနာတော်အား အပ်နှင်းထားသော သာသနိက (သာသနာပိုင်) ပစ္စည်းများသာ ဖြစ်ပါသည်။

ဗုဒ္ဓတက္ကသိုလ် ကျောင်းရေစက်ချပွဲတစ်ခု၌ ဆရာတော် အမိန့်ရှိ လိုက်သော စကားကလည်း ဆရာတော်၏ဉာဏ်အမြော်အမြင် ကြီးမားကြောင်း (ဒီဃဒဿီ) ကိုလည်းကောင်း၊ အလို၊ လောဘ နည်းပါးကြောင်း (အပ္ပိစ္ဆတာ) ကိုလည်းကောင်း ဖော်ပြလျက်ရှိနေပေသည်။

'ယနေ့ ကျင်းပတဲ့ ပွဲသည် အလှူရှင် ဒကာ၊ ဒကာမတွေက သိန်းပေါင်းမြောက်များစွာတန်တဲ့ ကျောင်းဆောင်ကြီးကို သာသနာတော်အား လှူဒါန်းတဲ့ ဝိဟာရဒါနပွဲ ဖြစ်ပါတယ်၊ အလှူရှင်ဒကာ၊ ဒကာမတွေက ဒီကျောင်းဆောင်ကြီးများကို သာသနာတော်အား အပ်နှင်းတယ်လို့ အာရုံပြုထားကြပါ။ ဒီကျောင်းဆောင်တွေဟာ ဘုန်းကြီးပိုင်တဲ့ပစ္စည်းတွေ မဟုတ်ပါဘူး။ သာသနိက (သာသနာပိုင်) ပစ္စည်းတွေ ဖြစ်ပါတယ်။ ဘုန်းကြီးမှာ ကိုယ်ပိုင် ပစ္စည်းဆိုလို့ ကင်မရာ တစ်လုံးပဲ ရှိပါတယ်' ဟု မိန့်တော်မူပါသည်။

ဆရာတော်သည် သီတဂူလုပ်ငန်းကြီး (၄) ခု၏ ပစ္စည်း၊ အသုံးအဆောင်မှန်သမျှကို ကိုယ်ပိုင်ပစ္စည်းအဖြစ် သတ်မှတ်လျှင်လည်းရပေ၏။ သို့သော် ဆရာတော်သည် မိမိအကျိုးကို မကြည့်ဘဲ လောကနှင့် သာသနာတော်၏အကျိုးကိုကြည့်၍ ထိုပစ္စည်း၊ အသုံးအဆောင်မှန်သမျှကို သာသနာပိုင် ပစ္စည်းအဖြစ် သတ်မှတ်ထားပါသည်။

ထို့ကြောင့် ဆရာဝန်ကြီးတစ်ယောက်က "The more I know him, the more I love him;"သီတဂူဆရာတော်၏ အကြောင်းကို ပို၍ပို၍ သိလေလေ ပို၍ပို၍ ကြည်ညိုလေလေ ဖြစ်ရပါ၏' ဟု ရေးသားခဲ့လေသည်။

## အဘိုး၏ ကြွေးကြော်သံကို အကောင်အထည်ဖော်သည့် ဆရာတော်

သီတဂူဆရာတော်၏ ဆရာသည် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော် အရှင်သေဋ္ဌိလာဘိဝံသဖြစ်၏။ ထိုအရှင်သေဋ္ဌိလာဘိဝံသ၏ ဆရာသည် ဆရာတော် အရှင်အာဒိစ္စဝံသဖြစ်၏။ ထို့ကြောင့် ဆရာတော်အရှင် အာဒိစ္စဝံသသည် သီတဂူဆရာတော်၏ အဘိုး (ဆရာ့ဆရာ) ဖြစ်ပေသည်။

ထိုအရှင်အာဒိစ္စဝံသမထေရ်ကိုယ်တိုင် မကြာခဏ မိန့်မြွက်တော်မူလေ့ရှိသော မိန့်ခွန်းတစ်ရပ်မှာ "တစ်နိုင်ငံနှင့်တစ်နိုင်ငံ အသွားအလာ မလွယ်ကူသေးတဲ့ အသောကတို့ ခေတ်ကတောင် အသောကမင်းကြီးဟာ ကိုးတိုင်း ကိုးဌာန ပျံ့နှံ့အောင် သာသနာပြုခဲ့သေးရင် သွားရေးလာရေး လွယ်ကူတဲ့ အာဒိစ္စဝံသတို့ခေတ်မှာ ဘာပြုလို့ နိုင်ငံခြားသာသနာပြုလုပ်ငန်းဟာ မအောင်မြင်ဘဲ ရှိရမလဲ" ဟူ၍ ဖြစ်ပါသည်။

ယနေ့အချိန်၌ သီတဂူဆရာတော်သည် အဘိုး (ဆရာ့ဆရာ) ဖြစ်သော အရှင်အာဒိစ္စဝံသမထေရ်၏ ကြွေးကြော်သံကို အကောင်အထည်ဖော်သည့်အနေဖြင့် နိုင်ငံခြားသာသနာပြုခရီးအဖြစ် ၁၉၈၁ ခုနှစ်မှ စတင်၍ ယနေ့အချိန်ထိ နိုင်ငံပေါင်း (၃၀) ကျော်သို့ အကြိမ်ကြိမ် သွားရောက်ခဲ့ပါသည်။ နှစ်စဉ်နှစ်တိုင်း ပြည်ပနိုင်ငံများသို့ သွားရောက်၍ တရားဟော, တရားပြပြီး သာသနာပြုနေသည်မှာ နားရသည်ဟူ၍ မရှိပါ။

ဆရာတော်သည် အမေရိကန်နိုင်ငံ, တက္ကဆက်ပြည်နယ်, အော်စတင်မြို့၌ သီတဂူဗုဒ္ဓဝိဟာရကျောင်းတိုက်ကို တည်ထောင်ပြီး တပည့်များကို အချိန်တိုင်း၌ တရားဟော တရားပြခိုင်း၍ ဗုဒ္ဓတရားတော်များကို ကမ္ဘာအနှံ့ ပြန့်ပွားစေရန် စီမံကွပ်ကဲလျက် ရှိပေသည်။

ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုနိုင်ရန်အတွက် ယင်းအော်စတင်မြို့ပင် "ထေရဝါဒဓမ္မအသင်း" ကိုလည်း တည်ထောင်ထား၏။

အမေရိကန်နိုင်ငံ, အင်ဒီးယားနားပြည်နယ်, ဖော့(ထ်)ဝေး(န်) မြို့၌လည်း ဓမ္မရက္ခိတကျောင်းတိုက် တည်ထောင်တော်မူ၍ တပည့်များကို သာသနာပြုခိုင်းလျက် ရှိပါသည်။ ဂျာမနီနိုင်ငံ၌လည်း ဘုန်းကြီးကျောင်း တည်ဆောက်ရန် လျာထားပြီး ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၌ကား ဘုန်းကြီးကျောင်းတိုက်များ တည်ဆောက်ဖို့အတွက် အဆင်သင့် ဖြစ်နေပါပြီ။

ဆရာတော်၏ ကြွေးကြော်သံကလည်း ကြောက်ခမန်းလိလိပင်။ "**ငါ့မှာ ဒုက္ခပေါင်းစုံဖြစ်သော ဤစန္ဒာကိုယ်ကြီးအပြင် ဘာတစ်ခုမျှ မရှိသဖြင့် သာသနာပြုရေးတွင် လေးလေးနက်နက် ငါဆောင်ရွက်အံ့၊ ငါ၏ စန္ဒာကိုယ် ကြီးကို သာသနာပြုလုပ်ငန်းတွင် အသုံးချတော့မည်၊ တစ်ကမ္ဘာလုံး ဗုဒ္ဓသာသနာပြန့်ပွားစေရန် ငါ ဝိုင်းဝန်း ကူညီပါရစေ**" ဟု ကြွေးကြော်ထားပေသည်။

**ရဟန်းဆိုတာ သွားနေမှ**

"ရဟန်းတို့ ခရီးထွက်ကြ၊ လူများစွာ ချမ်းသာဖို့ 'ဓမ္မ' ကို ဟောကြ" ဟူသော ဘုရားရှင်၏ မိန့်မှာချက်ကို လေးလေးနက်နက် ခံယူလျက် ဆရာတော်သည် တစ်နှစ်တာကာလ၏ ပြက္ခဒိန်ရက်ပေါင်း (၃၆၅) ရက်တွင် နေ့လည်တရားပွဲ, ညနေဆည်းဆာတရားပွဲ, ညချမ်းတရားပွဲအားဖြင့် တရားပွဲပေါင်း (၄၀၀) နီးပါး ဟောကြားတော်မူရပြီး ပြည်တွင်းပြည်ပတို့၌ တရားဟောဖို့အတွက် နေ့စဉ်နှင့်အမျှ လွန်းပြန်ထိုး သကဲ့သို့ ပင်ပင်ပန်းပန်း ခရီး ထွက်နေရပေသည်။

ထိုသို့ ခရီးသွားနေရ၍ ခန္ဓာကိုယ် ပင်ပန်းသော်လည်း ဆရာတော်၏ စိတ်မှာ ပျော်ရွှင်ကြည်နူးမှုရှိကြောင်းကို "ငါအခုလို ခရီးသွားရတာ ခန္ဓာကိုယ် ပင်ပန်းပေမဲ့ စိတ်ကတော့ ချမ်းသာတယ်၊ ဘာ့ကြောင့်လဲဆိုရင် ငါ ဆောင်ရွက်တဲ့ အကျိုးစီးပွားကို သူတပါးတို့ ပျော်ပါးစွာ အသုံးချ ခံစားခွင့် ရပြီဆိုရင် ငါကျေနပ်တယ်, ပျော်တယ်၊ ဒီပျော်ရွှင်မှုသည်ပင် ငါ့ရဲ့ အကျိုးအမြတ်ပဲ" ဟု တပည့်များကို ဆရာတော် အမိန့်ရှိလိုက်သော စကားက သက်သေပြလျက် ရှိပေသည်။

ထို့ကြောင့် ဆရာတော်သည် "The water that flows is clear, The monk who goes also is pure" ရေဆိုသည်မှာ စီးဆင်းနေမှသာလျှင် ကြည်လင် သန့်ရှင်း၏။ ရဟန်းဆိုသည်မှာလည်း အမြဲတမ်းသွားနေမှသာလျှင်ကြည်လင်သန့်ရှင်း၏"ဟူသော အီတာလျံ ဘုန်းတော်ကြီး ဦးလောကနာထ၏ အဆိုအမိန့်နှင့်လည်း ကိုက်ညီလျက် ရှိပေသည်။

မှန်၏။ သံသည် အသုံးမပြုလျှင် သံချေးတက်၏။ ရေသည်လည်း မစီးဆင်းလျှင် ရေမှော်တို့ဖြင့် ညစ်ပတ်၏။ စိတ်သည်လည်း လှုပ်ရှား, အားထုတ်မှု မရှိလျှင် စွမ်းအားသတ္တိများ ကျဆင်းပါသည်။ ထို့ကြောင့် ရဟန်းတော်များသည် သွားလာနေရမည်။ အစဉ် နိုးကြားနေရမည်။ သို့မှသာလျှင် စိတ်အညစ်အကြေး(ကိလေသာ)များမငြိကပ်နိုင်မည် ဖြစ်၏။

**သမိုင်းသစ်ရေးဦးမည့်ခစ်ကိုင်း**

လူတိုင်းလူတိုင်းသည် ကိုယ့်သမိုင်းကို ရေးနေကြပေ၏။ ထိုသို့ ရေးကြရာ၌ ချိုမြိန်သော သမိုင်းဖြစ်အောင် ရေးဖို့တော့ လိုအပ်လှပေသည်။ တချို့ပုဂ္ဂိုလ်တို့ကား ကိုယ့်သမိုင်းကို "ကိုယ့်ရပ်ရွာသမိုင်း"

ဖြစ်အောင်သာ ရေးနိုင်ကြ၏။ "မြို့သမိုင်း" ဖြစ်အောင် မရေးနိုင်ကြသလို "နိုင်ငံသမိုင်း" ဖြစ်အောင်လည်း မရေးနိုင်ကြပါ။ ထူးချွန်ထက်မြက်သောပုဂ္ဂိုလ်တို့ကားကိုယ့်သမိုင်းကို"ကမ္ဘာ့သမိုင်း"ဖြစ်အောင်ပင် ရေးနိုင်ကြ၏။

တောင်ဖီလာဆရာတော်, အရှင်အရိယဝံသဆရာတော်, တိလောက ဂုရုဆရာတော်, ထွဋ်ခေါင်ဆရာတော်, အနီးစခန်း ဆရာတော်, ရွှေဟင်္သာဆရာတော် စသော သာသနာ့ထိပ်ခေါင် ဆရာတော်တို့သည် မိမိတို့၏ သမိုင်းကို စစ်ကိုင်း၏သမိုင်းဖြစ်အောင် လှလှပပ ရေးသွားတော်မူကြ၏။

ယနေ့မျက်မှောက်ခေတ်၌လည်း သီတဂူဆရာတော်သည် အထက်ပါ ဆရာတော်ကြီးများကို နမူနာယူ၍ မိမိ၏သမိုင်းကို "စစ်ကိုင်း၏သမိုင်း" ဖြစ်အောင် ရေးနေပါပြီ။ ထိုစစ်ကိုင်း၏သမိုင်းကိုလည်း "နိုင်ငံ့သမိုင်း" ဖြစ်အောင်ရေးနေသကဲ့သို့ ထိုနိုင်ငံ့သမိုင်းကိုလည်း "ကမ္ဘာ့သမိုင်း" ဖြစ်အောင် ရေးနေသည်ဆိုသည်ကို လောကနှင့် သာသနာအတွက် အလွန်ကျေးဇူးများသော ဆရာတော်၏ လုပ်ဆောင်ချက်များက ထောက်ခံလျက် ရှိနေပေသည်။

ဆရာတော်ကလည်း "ဘဝသမိုင်း လှပစေရန် တို့သာသနာနှင့် တို့ပြည်ရွာကို ငြိမ်းချမ်းသာယာအောင် တို့စွမ်းနိုင်သမျှ ကြိုးစားအားထုတ် မည်" ဟု အဓိဋ္ဌာန်ထားပေသည်။ "မစွန့်လွှတ်တဲ့သူဟာ ဘယ်သောအခါမှ အထွဋ်အထိပ်သို့ မရောက်နိုင်ဘူးဆိုတာ ငါ့တပည့်တို့ မှတ်ထားကြ၊ မိမိခန္ဓာကိုယ်ရဲ့ သက်သာမှုကိုလည်း သူတပါးအတွက် စွန့်လွှတ်နိုင်ရမယ်၊ ကိုယ်ပိုင်ပစ္စည်းကိုလည်း သူတပါးတို့အတွက် စွန့်လွှတ်နိုင်ရမယ်၊ ငါကတော့အသီးတွေဝေနေတဲ့သစ်ပင်ကြီးလိုစွမ်းနိုင်သမျှကျင့်မယ်"ဟုလည်းမကြာခဏမိန့်တော်မူလေ့ရှိပါသည်။

ထို့ကြောင့်လွန်ခဲ့သောနှစ်ပေါင်း(၂၀၀၀)ကျော်က အသောက မင်းကြီး ရေးထိုးခဲ့သည့် "ငါ့ရဲ့အလွန်ပြင်းပြတဲ့ဆန္ဒဟာ တစ်လောက လုံးရဲ့ ကောင်းစားရေးကို ကြိုးစားအားထုတ်ဖို့မှတစ်ပါး အခြားမရှိ" ဟူသော 'အသောကကျောက်စာ' သည် ယနေ့မျက်မှောက်အချိန်၌ သီတဂူဆရာတော် ၏ 'နှလုံးသားစာ' ဖြစ်နေပါတော့၏။

**ဆရာတော်၏ သာသနာပြု နည်းဗျူဟာ**

ယနေ့မျက်မှောက်ခေတ်၌ ဘာသာဝင်တိုင်းသည် မိမိတို့၏ ဘာသာတရားကို ကမ္ဘာမှာ ပြန့်ပွားအောင် နည်းမျိုးစုံဖြင့် ကြိုးစား နေကြ၏။ မိမိတို့ ဗုဒ္ဓဘာသာဝင်တို့သည်လည်း ဗုဒ္ဓဘုရားရှင်၏ "တရားဓမ္မ" တို့ကို ကမ္ဘာတဝှမ်း ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားအောင် သာသနာပြုရပေမည်။ အဘယ်သို့ ပြုရမည်နည်း။

ဗုဒ္ဓသာသနာပြုနည်းနှင့် ပတ်သက်၍ သီတဂူဆရာတော်က "သာသနာပြုလုပ်ငန်းရဲ့အောက်မှာ 'လုပ်ငန်းကြီးလေးရပ်' ရှိတယ်၊ ဘာတွေလဲဆိုရင် - (၁) Preservation; ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (၂) Promotion; တိုးတက်အောင်လုပ်ခြင်း၊ (၃) Propagation; ပြန့်ပွားအောင်လုပ်ခြင်း၊ (၄) Protection; ကာကွယ် စောင့်ရှောက် ခြင်း တို့ပဲ ဖြစ်ပါတယ်" ဟု မိန့်ကြားတော်မူပါသည်။

သာသနာပြုရာ၌ လိုက်နာကျင့်သုံးရမည့် ဆရာတော်၏ "ပထမလမ်းညွှန်ချက်" ကား - ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်၏။ အဘယ်သို့ ထိန်းသိမ်းစောင့်ရှောက်ရမည်နည်း။ ဗုဒ္ဓဘာသာဝင်တို့ သည် မိမိတို့ ရပ်ရွာဒေသ၌ ဘုန်းကြီးကျောင်း မရှိလျှင် ရှိအောင် ကြိုးစားရမည်။ ရှိလျှင်လည်း မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက် ရမည်။ စေတီပုထိုး, ကျောင်းကန်ဘုရားများကို ရှေးမူအတိုင်း

မပျက်စီးအောင် ထိန်းသိမ်းစောင့် ရှောက်ရပေမည်။ အမျိုးသား, အမျိုးသမီးများကို လူမှုရေး, စီးပွားရေး, အိမ်ထောင်ရေး စသော အရေး ကိစ္စမှန်သမျှ၌ ဗုဒ္ဓဘာသာဝင် အချင်းချင်းသာ ပေါင်းသင်း ဆက်ဆံ လာတတ်အောင် ပြောဆိုစည်းရုံးရမည်။ အထူးအားဖြင့် ဗုဒ္ဓ ဘာသာ ဝင် ဦးရေ (၁၀၀) ရှိရာမှ (၉၀၊ ၈၀) ဖြစ်မသွားအောင် ကြိုးစားရပေမည်။

"ဒုတိယလမ်းညွှန်ချက်" ကား - တိုးတက်အောင် လုပ်ခြင်းဖြစ် ၏။ ဆရာတော် သံဃာတော်များနှင့် ရပ်မိရပ်ဖများသည် မိမိတို့ နေထိုင်ရာ အရပ်ဒေသ၌ ဘုရားပွဲ, တရားပွဲ စသော ဘာသာရေးပွဲများ ကို ကျင်းပ၍ ဗုဒ္ဓဘာသာဝင်များ ဘာသာရေးစိတ်ဓာတ် ထက်သန် လာအောင် ကြိုးပမ်း အားထုတ်ရပေမည်။ သံဃာတော်များက ရပ်ရွာ လူထုအား ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများကို ပို့ချပေးရမည်။ ကလေးငယ်များကို အတတ်ပညာပေး၍ စည်းရုံးရမည်။ ထိုကဲ့သို့ စည်းရုံးနိုင်အောင် ဒကာ, ဒကာမများကလည်း သံဃာတော်များကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကူညီရမည်။

"တတိယလမ်းညွှန်ချက်" ကား - ပြန့်ပွားအောင် လုပ်ခြင်း ဖြစ်၏။ တချိန်က ကမ္ဘာမှာ ဗုဒ္ဓဘာသာဝင်ဦးရေသည် ကမ္ဘာ့လူဦးရေ (၅) ပုံ၏ (၄) ပုံလောက် ရှိခဲ့၏။ ယနေ့အချိန်၌ ဗုဒ္ဓဘာသာဝင် ဦးရေ သည် ကမ္ဘာ့ လူဦးရေ (၅) ပုံ၏ (၁) ပုံလောက်သာ ရှိတော့၏။ အဘယ့် ကြောင့် ထိုသို့ ဖြစ်ရသနည်း။ ဝေဖန်ပိုင်းခြား သင်ခန်းစာယူရမည့် အချိန်သို့ ရောက်ရှိနေ ပါပြီ။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ နေထိုင်ရာ နိုင်ငံမှစ၍ မမေရိက, ဥရောပ စသော ကမ္ဘာ့အနောက်ခြမ်း တိုင်အောင် ဘုရားရှင်၏ "တရားဓမ္မ" များကို ပြန့်နှံ့သွားအောင် စွမ်းနိုင် သမျှ ကြိုးစားရပေမည်။

"စတုတ္ထလမ်းညွှန်ချက်" ကား - ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်၏။ အန္တရာယ်ကို မသိလျှင် ကာကွယ်စောင့်ရှောက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မိမိတို့သည် "ညောင်သီးလည်းစား လေးသံလည်းနားထောင်" ဆိုသကဲ့သို့ ကိုယ့်ဗုဒ္ဓဘာသာကိုလည်း ပြန့်ပွားအောင် အားထုတ်၍ အခြား ဘာသာဝင်တို့၏ အခြေအနေ အရပ်ရပ်ကိုလည်း လေ့လာအကဲခတ်ရပေမည်။ သို့မှသာလျှင် ဗုဒ္ဓဘာသာ၏ အန္တရာယ်ကို သိရှိနားလည်ပြီး မိမိတို့ "ဗုဒ္ဓဘာသာ" ကို ဤကမ္ဘာမြေပေါ်မှ ပျောက်ကွယ်မသွားအောင် ကာကွယ် စောင့်ရှောက်နိုင်ပေလိမ့်မည်။

**အရှင်ဒေဝိန္ဒာလင်္ကာရာဘိဝံသ**
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
**စစ်ကိုင်းတောင်ရိုး**

# အချိန်နှင့်အလုပ်

## တရားတော်

### မေတ္တာသီတလ အာသီသဂါထာ

မေတ္တာနိသာကရော လောကေ၊
သမ္မာ ဘာတု သုခံကရော။
မေတ္တာ သီတလ ရံသီဟိ၊
သုခန္တု ဖုသိတာ ပဇာ။

**လောကေ**-သတ္တဝါအလီလီ ခိုမှီပေါလတ် လောကဓာတ်ကမ္ဘာ အတွင်း၌။ **မေတ္တာနိသာကရော**- မေတ္တာအေးလူ ဖွေးဖြူပဝင်း ငွေလမင်းကြီးသည်။ **သမ္မာ**-သတ္တဝါတစ်တွေ အေးမြစေဟု အသရေ ရွှန်းကာ ကောင်းမွန်စွာ။ **သုခံကရော**-သူလည်း ဝမ်းသာ ငါလည်း ရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာကိုပြုလျက်။ **ဘာတု**-ရန်လည်းကင်းဝေး ဘေးလည်းမခ အအေးရဖို့ ရွှန်းမြအသရေ ထွန်းပပါစေသတည်း။

**မေတ္တာသီတလရံသီဟိ**-မေတ္တာဖွေးလျှပ် အအေးဓာတ် ဆောင်သည့် အရောင်အဝါတို့ဖြင့်။ **မေတ္တာသီတလရံသီဟိ**-မေတ္တာ

ဖွေးလျှပ် အအေးခေတ် ဆောင်သည့် အရောင်အဝါတို့သည်။ **ဖုသိတာ**-အဖုံဖုံလွှမ်းထုံမွှမ်းမလပ် တွေ့ထိအပ်ကုန်သော။ **ပဗ္ဗာ**-ကမ္ဘာ့ခေတ်ဗွေ အပြည်ပြည်၌ တည်နေများစွာ သတ္တဝါတို့သည်။ **သုခန္တု**- ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။

သာဓု. . . သာဓု. . . သာဓု ပါဘုရား။

## မေတ္တာပို့စေ ငြိမ်းချမ်းစေဖို့

အားလုံးသော တရားချစ်ခင် သူတော်စင်များ သုံးဆယ့်တစ်ဘုံအရပ်ဆယ်မျက်နှာ အနန္တစကြာဝဠာမှာ ရှိကြတဲ့ အနန္တသတ္တဝါတွေ ဘေးရန်ကင်းငြိမ်းကြစေဖို့ ဆင်းရဲကင်းငြိမ်းကြစေဖို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြစေဖို့ မေတ္တာဓာတ်တွေ ပို့လွှတ်ကြရအောင်-

အားလုံးမေတ္တာပို့ စာပိုဒ်လေးတွေကို ဘုန်းကြီးတို့ ဆိုပေးမယ်။ နောက်ကလိုက်ပြီးတော့ တစ်ခေါက်စီ တစ်ညီတညွတ်တည်း ဆိုလိုက်ကြ။ ပြီးတဲ့အခါမှာ အားလုံး သုံးခေါက်စီ သံပြိုင်မေတ္တာပို့ရအောင်-

ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။

မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။

မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။

မေတ္တာရေစမ်း၊ ကိုယ်စီဖြန်း၊ အေးချမ်းကြပါစေ။

ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။

တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

## ဓမ္မပလ္လင် စတင်လှို့ဖွင့်

**မေတ္တာ မဥ္ဇူသကော လောကေ၊**

**သုဖုလ္လော ဟောတု သဗ္ဗဒါ။**

**မေတ္တာ ပုပ္ဖ သုဂန္ဓေန၊**

**သုခန္တု ဝါသိတာ ပဇာ။**

**လောကေ**-သတ္တဝါအလီလီခိုမှီပေါ်လတ် လောကဓာတ်ကမ္ဘာအတွင်း၌။ **မေတ္တာမဥ္ဇူသကော**-မေတ္တာ တည်းဟူသော မဥ္ဇူသကနတ်ပန်းပင်ကြီးသည်။ **သဗ္ဗဒါ**-နေ့နေ့ညည ခပ်သိမ်းသောကာလတိုင်းမှာ။ **သုဖုလ္လော**-အခိုင်ခိုင် ကြိုင်လှိုင်စွာပွင့်သည်။ **ဟောတု**-မုချမသွေဖြစ်ပါစေသတည်း။

**မေတ္တာ ပုပ္ဖ သုဂန္ဓေန**- မေတ္တာတည်းဟူသော မဥ္ဇူသကနတ်ပန်းရနံ့ ဖြင့်။ **ဝါသိတာ**-ထုံအပ် မွှမ်းအပ်ကုန်သော။ **ပဇာ**-လူရှောနတ်ပါ သတ္တဝါတို့သည်။ **သဗ္ဗဒါ**-နေ့နေ့ညည ခပ်သိမ်းသောကာလတိုင်းမှာ။ **သုခန္တု**- ကိုယ်စိတ်နှစ်ဖြာ လိုက္ခစ္ဆာဖြင့် ပြည့်ကာကြွယ်ဝချမ်းသာတော်မူကြပါစေကုန်သတည်း။

သာဓု. . . သာဓု. . . သာဓု ပါဘုရား။

၁၃၆၄-ခု နှောင်းတန်ခူလဆန်း (၄) ရက်နေ့ ညချမ်းကာလ ၇နာရီ မိနစ် ၃၀ အချိန်က စတင်လို့ စစ်ကွင်းမြို့ မလွန် ဆန်လှူအသင်းက ဆင်ယင် ကျင်းပသော ဓမ္မသဘင်ကို ယခုအခါ မေတ္တာအာသီသ မေတ္တာပတ္ထနာနဲ့ စတင်ဖွင့်လှစ်ပါပြီ။

ဓမ္မသဘင်ပွဲ ရောက်ရှိလို့လာကြတဲ့ တရားချစ်ခင် သူတော်စင်အပေါင်းတို့နဲ့တကွ ၃၁ ဘုံ အရပ်ရှစ်မျက်နှာ အရပ် ဆယ်မျက်နှာအနန္တ စကြာဝဠာမှာ ရှိကြကုန်သော အနန္တသတ္တဝါတွေ ဘေးရန်

ခပ်သိမ်းကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ မေတ္တာစာတ်တွေ ဖြန့်ဝေပြီးတော့ ဓမ္မသဘင်ကို စတင်ဖွင့်လှစ်ပါပြီ။

စစ်ကွင်းမလွန် ဆန်လှူသင်းရဲ့ ဓမ္မသဘင်ပွဲ အားခဲ ရောက်ရှိလာကြသော တရားချစ်ခင် သူတော်စင်များ လူတို့ရဲ့ဘဝမှာ အဖိုးအတန်ဆုံး အရာဝတ္ထု၊ လူ့ဘဝရဲ့တန်ဖိုးကို မြှင့်တင်ပေးနိုင်တဲ့ အရာဝတ္ထုဟာ ဘာများလဲလို့၊ ယနေ့ဘဝရဲ့ ရရှိထားတဲ့ တန်ဖိုးတွေကို ကျ-မသွားအောင် ရရှိထားတဲ့ဘဝမှာ ဘာလုပ်မလဲဆိုတဲ့ အကြောင်းအရာလေးကို အားလုံးအား တိုက်တွန်းနှိုးဆော်တဲ့ သဘင်ပေါ့။ စိတ်ဓာတ်အင်အားပြည့်စေဖို့၊ နောက်တစ်မျိုးပြောမယ်ဆိုရင် သဒ္ဓါနဲ့ ဝီရိယ တိုးပွားစေဖို့ ဘုန်းကြီး ဓမ္မကထာအားဖြင့် ပရိသတ်အား ပြောပြမယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တိုက်တွန်းတော်မူတဲ့ စကားကို ရှေးဦးစွာ ပြောတဲ့စကားကို နားထောင်ကြည့်လိုက်-

## အခွင့်အလမ်းကို မလွန်ကြမိ

**မာဝေါခဏံ ဝိရာဓေထ ခဏာတီတါဟိ သောစရေ။**

**သာဒတ္တေဝါယမေဃျာထ ခဏော ဝေါ ပတိပါတိတော။**

**သာဓဝေါ**-နှလုံးပျော့ပြောင်း သူတော်ကောင်းအပေါင်းတို့။ **ခဏံ**-ရရှိတဲ့အခွင့်အရေးကို။ **မာဝိရာဓေထ**- မလွဲမချော်ကြစေကုန်လင့်။

ပရိသတ်ရေ-ရတဲ့အခွင့်အရေးကို မလွဲမချော်စေနဲ့တဲ့။ ဒါ-ဘုရား တိုက်တွန်းတော်မူတာ။

**ခဏာတီတာ**-အခွင့်အရေးကိုလွဲကြချော်ကြ လက်လွတ်ကြတဲ့ ပုဂ္ဂိုလ် တို့သည်၊ **သောစရေသောစရန္တိ**- နောင်တ တဖန် ပူပန်ကြရလေကုန်၏။

အခွင့်အရေး လက်လွတ်သွားပြီလို့ ဆိုလို့ရှိရင် နောင်တ ဖြစ်ကြရတယ်၊

ပရိသတ်ရေ- ဘာဖြစ်ရလဲ?

နောင်တဖြစ်ရပါတယ် ဘုရား။

အေး-နောင်တဆိုတာက လွန်သွားပြီတဲ့၊ အရာဝတ္ထုတစ်ခု နောက် အကြာကြီးကြာသွားတဲ့အခါမှာ ပြန်ပြန်ပြီးတောင့်တတာ။ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော် ကျင့်ကြံနည်းက-

**အတီတံနအဂမေယျ**-အတိတ်ပြန်တွေးပြီး ပူဆွေးမနေနဲ့။ **နပဋိကင်္ခေအနာဂတံ**-မရောက်လာသေးတာကို သိပ် မျှော်လင့်ချက် မထားနဲ့။ ဒါဖြင့်ရင် ဘာလဲလို့ဆိုတော့ ပစ္စုပ္ပန်တည့်တည့်ကိုရောက်ဆဲ ကို ပရိသတ်ရေ မိအောင်လုပ်တဲ့။ ဒါဗုဒ္ဓ ရှင်တော်မြတ်ရဲ့ လက်တွေ့ကျတဲ့ အဆုံးအမ။ We are accurate teaching လို့ ခေါ်တာပေါ့။

တကယ့်တိတိကျကျလုပ်နည်းကိုင်နည်းကို ဗုဒ္ဓရှင်တော် ဆုံးမတော်မူထားတယ်။ သို့သော် ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ အဲဒီအဆုံးအမ ဘယ်လိုပဲကြားကြား ဒီအတိုင်း မကျင့်နိုင်ကြဘဲ အတိတ်ပြန်တွေးပြီး ပူဆွေးတဲ့လူလည်း မနည်းဘူး။ အနာဂတ်ဘာမှသိပ်မရေရာတာတွေကို သိပ်မျှော်တဲ့လူတွေလည်းဘဲ များတယ်။

အဲဒါ အတိတ်ပြန်တွေးလို့ ပူဆွေးခြင်း၊ အနာဂတ်ကို မျှော်လင့်ချက် ကြီးကြီးနဲ့စောင့်မျှော်ရင်းနဲ့ လက်ရှိမျက်မှောက် အချိန်ကို အကုန် လွန် သွားတယ်။ ဘာမှမလုပ်ဖြစ်ဘူး၊ အဲဒီတော့ မျက်မှောက်အချိန်

ရောက်ဆဲကို လွန်သွားတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်မှ တကယ့်အခွင့်အရေး ဆုံးရှုံးတာတဲ့။

## အချိန်လွန်မှ သံဝေဂ ဆိုတာ

မျက်မှောက်မှာ ရနေတဲ့အခွင့်အရေးကို အတိအကျ အမိအရ ယူပြီးတော့ အလုပ်လုပ်ပေးရမှာ။ အဲဒါအတိတ်ပြန် တွေးပြီးတော့ လွန်သွားပြီ။ ခေတ်လိုပြောရင် နောင်တ၊ စာလိုပြောရင် အဲဒါဟာ ပရိသတ် ကုက္ကုစ္စ ခေါ်တယ်တဲ့။

ဘာခေါ်မယ်?

ကုက္ကုစ္စ ပါဘုရား။

ကုက္ကုစ္စဆိုတာ အဘိဓမ္မာမှာရှိတဲ့ စေတသိက်တစ်လုံး။ ကုက္ကုစ္စရဲ့ သဘောက **ပစ္ဆာနုတာပ**- ဒီလိုအဘိဓမ္မာမှာဖွင့်တယ်။ **ပစ္ဆာနုတာပ လက္ခဏံ ကုက္ကုစ္စံ**-နောက်ကြောင်းပြန်တွေးလို့ စိတ်မအေးတာက ကုက္ကုစ္စ။

နောက်ကြောင်းပြန်တွေးလို့ရှိရင် ပရိသတ်ရေ- နှစ်မျိုးတွေ့တတ်တယ်။ ကတာ ကတ **နုသော စန္တရသံ**။

၁။ ကတ ရယ်

၂။ အကတ ရယ်။

နောက်ကြောင်းပြန်တွေးလို့ရှိရင် ဒီနှစ်မျိုးတွေ့တတ်တယ်။ အားလုံး ပြော- ဘာနဲ့ဘာ?

ကတနဲ့ အကတပါဘုရား။

ကတ လို့ဆိုတာက လုပ်မိပြီတဲ့။ အဲဒါပြန်ပြန်တွေးပြီးတော့ စိတ်ထဲမှာ ဖွဲ့ပုံအတွင်းလှိုက်ပြီးတော့ မီးလောင်နေသလို ရင်ထဲမှာ တငွေ့ငွေ့နဲ့ ခံစားနေတယ်။ အဲဒါ ကုက္ကုစ္စ။

ဝေဒနာနဲ့ပြောရင် အဲဒါ ဒေါမနဿဝေဒနာ အနုစားလေး။

ဝိပဿနာတရားများ အားထုတ်ရင် အဲဒီကုက္ကုစ္စက ဝိပဿနာတရားကို တားဆီးသွားတယ်။ ဒါ-နီဝရဏ ခေါ်တယ်။

အဲဒါလုပ်မိပြီ-ကတ။ ပြန်တွေးလို့ စိတ်မအေးတာက လုပ်မိတာတွေက ဘာတွေလဲဆိုရင် မကောင်းမှုချည်းပဲ။

အကတ-ဆိုတာက မလုပ်ဖြစ်ဘူးမလုပ်ဖြစ်ဘူးဆိုပြီး ပြန်တွေးမိတာ က အကတ။ ပရိသတ်ရေ ပြန်ပြောပါအုံး။

အကတ ပါဘုရား။

မလုပ်ဖြစ်ဘူးဆိုရင် ကောင်းမှုချည်းပဲ။ အဲဒါ ကိုယ့်ဘဝကိုယ်ပြန်စစ်။ အဲဒီနှစ်ခု- နှစ်ခုစလုံးဒီအတိုင်းဘဲနေကြမှာဘဲ။

မလုပ်ဖြစ်ဘူး၊ မလုပ်ဖြစ်ဘူး- ဘာတွေလဲ? ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကောင်းတဲ့အပိုင်းဆို မလုပ်ဖြစ်လို့ လွန်သွားတယ်။

မကောင်းတဲ့အပိုင်းဆို လုပ်ဖြစ်ပြီ၊ လုပ်မိပြီ လွန်သွားပြန်ပြီ။ အဲဒီ မလုပ်မိတဲ့ ကောင်းမှုနဲ့ လုပ်မိတဲ့မကောင်းမှု ဒီနှစ်ခု ကုက္ကုစ္စနဲ့ ဒေါမနဿနဲ့ တွဲပြီးတော့ ဝေဒနာတစ်မျိုးဖြစ်ပြီးတော့ တမြည့်မြည့်လေးနဲ့ ပူပန်နေတာကို ဗမာစကားမှာ နောင်တလို့ ခေါ်တာ။ အဘိဓမ္မာကတော့ ကုက္ကုစ္စ။

ပရိသတ်ရေ- ဘာလဲ?

ကုက္ကုစ္စ ပါဘုရား။

## အခွင့်အရေးတစ်ခု လက်မလွတ်အောင် သတိပြုပါ

အဲဒါကြောင့် မြတ်ဗုဒ္ဓက ရထားတဲ့အခွင့်အရေး လက်မလွတ်စေနဲ့၊ အဲဒီအခွင့်အရေး လက်လွတ်မိရင် နောင်တ ဖြစ်တတ်တယ်။ အခွင့်အရေးဟာ လက်တစ်ကမ်းမှာ ရောက်နေပြီ။

အခွင့်အရေးဘာဖြစ်လဲ?

လက်တစ်ကမ်းမှာ ရောက်နေတာပါဘုရား။

ရောက်နေပြီဆိုလို့ရှိရင် ပစ္စုပ္ပန်တည့်တည့်ကို ပြောတာ။ အတိတ် မဟုတ်ဘူး၊ အနာဂတ်မဟုတ်ဘူး။

အတိတ်ဆိုတာက လွန်သွားပြီ ပြန်ယူလို့မရဘူး၊ အနာဂတ် ဆိုတာ မရောက်သေးဘူး၊ ကြိုတွေးပြီးတော့ အဲဒါစိတ် ကူးယဉ်တာဘဲ ဖြစ်မယ်။

**ခဏော**-အခွင့်အရေးသည်၊ **ဝေါ**-သင်တို့ရဲ့လက်တစ်ကမ်းမှာ၊ **ပတိ ပါတိတော**-ရင်ဆိုင် ဆိုက်ရောက်၍ နေပါပေ၏။ အဲဒါကြောင့် **သကတ္ထေ**-ကိုယ့်အကျိုးကိုယ့်အစီးအပွားတိုးပွားမဲ့ လုပ်ငန်းမှာ (သို့ မဟုတ်ရင်) **ပရတ္ထေ**-သူတစ်ပါးအကျိုးစီးပွား တိုးပွားမဲ့လုပ်ငန်းမှာ လုပ်ငန်းနှစ်မျိုးစလုံး လုပ်ပါ။ သကတ္တနဲ့ ပရတ္ထ လုပ်ငန်းနှစ်မျိုးလုပ်ပါ။

ကိုယ့်အကျိုးစီးပွားတိုးပွားမဲ့လုပ်ငန်းလည်းလုပ်၊ သူ့အကျိုး စီးပွား တိုးပွားမဲ့လုပ်ငန်းလည်း လုပ်ဖြစ်အောင်လုပ်၊ အဲဒီ ကိစ္စကို သကတ္တနဲ့ ပရတ္ထ နှစ်ချက်ကို **အာဂမေယျာတ ဝါယမေယျာထ**-အချိန် ကောင်းဆဲ အားကုန်ခွဲပြီး သဲသဲမဲမဲ အားထုတ်တော်မူကြကုန်ရာ သတည်း။

သာဓု. . . သာဓု. . . သာဓု ပါဘုရား။

## တွေ့ဆုံခြင်းရဲ့ ထူးခြားမှုတွေ

မြတ်စွာဘုရား မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်မှာ ပွင့်တယ်။ မပွင့်မီ ဥရုဝေဠတောအုပ်မှာ ၆ နှစ်ကျင့်တယ်။ သိပ်ပြီးတော့ အသိများတဲ့အပိုင်းမို့ ဘုရားဖြစ်စဉ်ကို ဒီလောက်ဘဲ ပြောပြမယ်။ ဥရု ဝေဠတောမှာ ဒုက္ကရစရိယာဆိုပြီး ၆ နှစ်ကျင့်တော့ ဘုရား

အလောင်းတော်နဲ့ အတူတူကျင့်တဲ့ ကျင့်ဖော်ကျင့်ဖက် ရသေ့ယောဂီ ဆာဒူး ပရိဗိုဇ် အများကြီးပဲ။

လူသိများတာကတော့ အာဠာရနဲ့ဥဒက ရသေ့နှစ်ယောက်နဲ့ သူတို့တပည့်ရသေ့ ၅၀၀ ပေါ့။ နေရဉ္ဇရာမြစ်ကမ်းမှာ လှမ်းပြီးတော့ ကြည့်လိုက်ရင် ဥရုဝေဠ ကဿပ၊ ဂယာကဿပ၊ နဒီကဿပ ကဿပ ညီနောင်နဲ့တကွ ရသေ့ပေါင်း တစ်ထောင်။ နေရဉ္ဇရာမြစ်ရိုး တစ်လျှောက်မှာ ရေငုပ်လိုက်ကြ၊ မီးလှုံလိုက်ကြ၊ စုပေါင်းအိပ်လိုက်ကြ နဲ့ ကျင့်နေကြတာတွေ။ အဲဒီတုန်းက အလောင်းတော် မင်းသိဒ္ဓတ္ထ ကလည်း ဒီတောအုပ်မှာ ရှိတာပဲ။

အဲဒီတော့ ဒီ ဘုရားအလောင်းတော်ကို သတိပြုမိလိုက်တာ က ဒီလောက်များတဲ့ ရသေ့ရဟန်းတွေထဲမှာ နှစ်ယောက်ထဲရယ် သတိ ပြုမိတာ၊ အာဠာရနဲ့ ဥဒက။

ဘယ်သူနဲ့ ဘယ်သူ?

အာဠာရ နဲ့ ဥဒက ပါဘုရား။

အဲဒီတော့ ထူးခြားတဲ့ တန်ဖိုးကြီးမားတဲ့ လူတစ်ယောက်ကို တို့နဲ့ အတူနေနေမိတယ်ဆိုတာကို သတိပြုမိတာ ရသေ့ ယောဂီ အများကြီးထဲမှာ ဒီနှစ်ယောက်ထဲရှိတယ်။

အဲဒါတွေ အဲဒါတွေဟာ ဘာတွေလဲဆိုရင် ဘဝမှာ အခွင့် အရေး ရနိုင်တာနဲ့ အခွင့်အရေးဆုံးရှုံးသွားနိုင်တဲ့ သဘောလေးတွေကို နှိုင်းယှဉ်ကြည့်ဖို့ ဘုန်းကြီးတို့ ဒါ ပြောပြတယ်။

သိဒ္ဓတ္ထမင်းသားကို ဆံဖျားက ခြေဖျားထိ တစ်လံမျှရှိတဲ့ ခန္ဓာကိုယ် အစအဆုံး ကြည့်ပြီးတော့ သိပ်ထူးတယ်ကွာ။

ခြေထောက်ကြည့်လိုက်တာနဲ့ ခြေချောင်း ငါးချောင်းက ဘာဖြစ်လဲ? အတိုအရှည်မရှိဘဲ ညီပြီးတော့နေတယ်။ အဲဒီထဲက ဒါကို

သိတယ်၊ ဒါထူးတာ သတ္တဝါလောကကြီး တစ်ခုလုံးမှာမှ တစ်ယောက် ရှိတဲ့လူ။

လျှောက်သွားတဲ့အခါ ခြေဖဝါးကြည့်လိုက်လို့ရှိရင် ခြေဖဝါးက ဖိနပ် မပါဘဲနဲ့ သဲပြင်မှာ ရွှံ့ပြင်မှာ၊ မြေပြင်မှာ လျှောက်သွားရင် ထင်ပြီးတော့ ကျန်ရစ်တဲ့ခြေရာဟာ တစ်ခါတည်း တညီတညွတ်တည်း ဖြစ်နေတယ်။ ခြေဖဝါးပြင် ညီညွတ်တဲ့အတွက်ကြောင့်မို့လို့ ခြေရာဟာ ခွင်တယ်၊ ခွက်တယ်၊ ခုံးတယ်ရယ်လို့ မရှိဘူး။ အဲဒါကြည့်ပြီးတော့ ဘာဖြစ်လဲ? ဒီပုဂ္ဂိုလ်ထူးတယ်။

အဲဒါအတူနေပြီးတော့ သတိပြုမိတဲ့ ပုဂ္ဂိုလ်နဲ့ သတိမပြုမိတဲ့ ပုဂ္ဂိုလ် ကြည့်လိုက်ရင် သတိမပြုမိတဲ့ မသိတတ်တဲ့ပုဂ္ဂိုလ်က အများကြီး ပဲ။ ထူးချွန်တဲ့ ပုဂ္ဂိုလ်ကို ထူးမှန်းသိတဲ့ ပုဂ္ဂိုလ်က နဲနဲလေးဘဲ ရှိတယ်။ ဉရုဝေဠမှာ ခုန ပြောတယ် ဘယ်နှစ်ယောက်လဲ?

နှစ်ယောက်ပါဘုရား။

သောင်းနဲ့ချီပြီးတော့ ရသေ့ ယောဂီ ဆာဒူးပရိဗိုဇ်တွေ ဒီတော မှာ နေတယ်။ သိတတ်တဲ့ ပုဂ္ဂိုလ် နှစ်ယောက်ထဲရယ်။

အဲဒါကြောင့် အဲဒီနှစ်ယောက်က သိဒ္ဓတ္ထမင်းမြတ်ကို အထူး ချဉ်းကပ်ပြီးတော့ အဲဒါ တို့များရဲ့ တပည့် ၅၀၀ကို တို့ သင်ပေးနေတာ ကြာလှပြီ။ ၅၀၀စလုံး ဘာတရားထူးမှမရဘူး။ တို့တပည့်တွေ မင်းကို အကုန်အပ်ပါတယ်။ မင်းသင်ပေးစမ်းပါ ဆိုပြီးတော့ ဒီရသေ့ကြီး နှစ်ယောက်က သူတို့ရဲ့ တပည့် ရသေ့ ၅၀၀ ကို ဘုရားအလောင်းကို အကုန်ပေးတယ်။ အကုန်အပ်တယ်။ ပရိသတ်ရေ- အဲဒါကိုလည်း ကြည့်လိုက်အုံး- စိတ်ထဲမှာ ဘယ်လောက် ဖြူစင်တဲ့ နှလုံးသားလဲ ဆိုတာ- သူ့ပရိသတ်ထဲက လူပေါင်း ၅၀၀ ကို ဘုရားအလောင်းတော် အား အကုန်ပေးတာ။

ပရိသတ်ရေ- ဒီကနေ့ခေတ်မှာတော့ ကိုယ့်အဖွဲ့အစည်းထဲက လူတစ်ယောက် ပဲ့ထွက်သွားပြီးတော့ ဟိုဖက်အဖွဲ့ထဲ ရောက်သွားမှာ အလွန် စိုးရိမ်နေတဲ့ခေတ်ပဲ။

အဲဒီတော့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ တရားနှလုံး ကျင့်သုံးကြပြီး တရားအားထုတ်ကြတယ်။ ကိလေသာခေါင်းပါးအောင် ဆိုပြီး အားထုတ်ကြတယ်။ အဲဒီတရားအားထုတ်ကြတဲ့ အဖွဲ့အစည်း တွေမှာကိုက ကိုယ့်အဖွဲ့ထဲက လူ ဟိုအဖွဲ့ထဲ ရောက်သွားမှာ၊ ဒီဘက် ရိပ်သာက ယောဂီ၊ ဟိုဘက်ရိပ်သာ ပြောင်းသွားမှာ အလွန်စိုးရိမ် တာပဲ။

ဟိုမှာကတော့ သာသနာပြင်ပကာလမှာ သူတို့တပည့် ၅၀၀ ကို အကုန်လုံး မြတ်စွာဘုရားအလောင်းတော်ကို အပ်တယ်ဆိုတော့ မစ္ဆရိယကင်းတဲ့ နှလုံးသား အလွန်ချစ်ဖို့ကောင်းတယ်။

## လူပြည်က ထူးခြားမှုကိုမှ ဦးဦးဖျားဖျားသိသူတွေ

အဲဒီကနေပြီးတော့ ဆက်လက်စဉ်းစားသွားရင် ကဆုန်လပြည့် နေ့ကြတော့ ဘုရားဖြစ်ပြီ ဆိုကြပါစို့။ မြေကြီးလှုပ်လိုက်တာ အထက် အောက် လှုပ်တယ်၊ ဘေးတိုက်လှုပ်တယ်၊ ဒေါင့်ဖြတ်လှုပ်တယ်၊ အရှေ့ အနောက် တောင် မြောက် အထက် အောက် အကုန်လှုပ်တယ်။ ကောင်းကင်က ပန်းတွေ မိုးကဲ့သို့ ရွာကျ၊ မဏ္ဍာရဝ နတ်ပန်းတွေ၊ နတ်တွေက ပန်းတွေနဲ့ ကောင်းကင်က မိုးရွာသကဲ့သို့ ပူဇော်တာ မြေပြင်မှာ ပန်းတွေ ဒူးဆစ်မြုပ်လောက်အောင် ဥရုဝေဠတောထဲမှာ ကျဲနေတာ။

နတ်တွေ တူရိယာတွေနဲ့ တီးမှုတ်၊ ပျော်လွန်းလို့ အရှေ့ အနောက် မြူးတူးပြီးတော့ စည်တွေ တီးပြီးတော့ နေတာ။ နတ်စည်တီး

ကောင်းကင်မှာ မြူးတူးနေတာ။ ဒီလောက်ကြီးကျယ်တဲ့ အံ့ဘွယ်သရဲ ဖြစ်ပြီ။

အဲဒီတော့ ပရိသတ်ရေ- ဗောဓိပင် အနီးအနားမှာ လူသားထဲက တစ်ယောက်မှ မရှိဘူးမထင်နဲ့။ လူတွေ အများကြီး ရှိတယ်။ ခုနကပြောခဲ့တဲ့ ရသေ့ ယောဂီတွေ အများကြီးရှိတယ်။ ဗောဓိပင်ရဲ့ အရှေ့ဖက်နားက ကိုက် ၁၀၀ လောက်မှာ ဆိတ်ကျောင်းညောင်ပင်ဆိုတာရှိတယ်။ အချို့လည်း ရောက်ဖူးမယ်နော်။ ကြားဖူးတဲ့ လူလည်း ရှိတယ်။

ဘာပင်လဲ?

ဆိတ်ကျောင်းညောင်ပင် ပါဘုရား။

## ကပ်ပြီးလွဲနေတဲ့ လာဘ်ကြီး

ပါဠိလိုပြောရင် **အဇပါလ**၊ ဘယ်လိုပြော?

**အဇပါလ** ပါဘုရား။

**အဇ**-ဆိုတာ ဆိတ်၊ **ပါလ**-ဆိုတာ စောင့်ရှောက်တာ။ ဆိတ်တွေ သိုးတွေ ကျွဲတွေ နွားတွေ ကျောင်းပြီတဲ့၊ ပုဏ္ဏားတွေ ဒီညောင်ပင်အောက်မှာ အများကြီးရှိမှာပါ။ အဲဒီဆိတ်ကျောင်းညောင်ပင်နဲ့ မဝေးတဲ့ ကိုက် ၁၀၀ လောက်မှာပဲ ဗောဓိပင် ဘုရားပွင့်နေပြီ။

အဲဒီတော့ ဆိတ်ကျောင်းညောင်ပင်အောက်က ဆိတ်ကျောင်းသားတွေက မြတ်စွာဘုရားကို ဘုရားမှန်း တစ်ယောက်မှ မသိလိုက်ကြဘူး။

ပရိသတ်ရေ- အဲဒါမနာဘူးလား?

နာပါတယ် ဘုရား။

ဒါ-စဉ်းစားပရိသတ်ရေ- အခွင့်အရေးဆိုတာ ကပ်ပြီးလွဲသွား

တဲ့ သတ္တဝါတွေ ကမ္ဘာမှာ အများကြီး။ ဘုရားဖြစ်ပြီးတော့ ဗောဓိပင်နား မှာ တစ်နေရာ ၇ ရက်၊ တစ်နေရာ ၇ ရက်နဲ့ ဘယ်နှစ်နေရာ နေ သွားလဲ?

၇ နေရာ ပါဘုရား။

သတ္တ သတ္တဌာန-နော်။

**၁။ ပလ္လင်္က သတ္တာဟ**

**၂။ အနိမိသ သတ္တာဟ**

**၃။ စင်္ကမ သတ္တာဟ**

**၄။ ရတနာဃရ သတ္တာဟ**

**၅။ အဇပါလ သတ္တာဟ**

**၆။ မုစလိန္ဒ သတ္တာဟ**

**၇။ ရာဇာယတန သတ္တာဟ**

အဲဒီ ၄၉ ရက် ဗောဓိပင်နား ဘုရားဖြစ်ပြီးနေလိုက်တာ အဲဒီ ဆိတ်ကျောင်း ညောင်ပင်အောက်က ဆိတ်ကျောင်းသားတွေ တစ်ယောက်မှ ဘုရားကို သစ်သီးလေးတစ်လုံး၊ ဆွမ်းလေးတစ်ဇွန်း လာမပေးဘူးနော်။

အဲဒါတွေကို စဉ်းစား ပရိသတ်ရေ- ဘုန်းကြီးတို့ ဗောဓိပင် အောက်မှာကို ဘုန်းကြီးတို့ အကြိမ် ၂၀ လောက် ရောက်တယ်။ ရောက်တိုင်း ရောက်တိုင်း ဒါ စဉ်းစားတယ်။ ဪ-ဟိုနားလည်း ရွာရှိတယ်၊ ဟိုနားလည်း ရွာရှိတယ်။ ဟိုမှာ ဘုရားလောင်း ဗောဓိပင် အောက်ကို ဝင်တဲ့နေ့ မနက်ခင်း ဃနာနို့ဆွမ်း ကပ်တာ ဘယ်သူလဲ?

သုဇာတာပါဘုရား။

## ဉာဏ်မယှဉ်တဲ့မျက်စိ ကြည့်တိုင်းလည်း အကျိုးမရှိပြီ

သုဇာတာနေတဲ့ သေနဆိုတဲ့ရွာဟာ ဗောဓိပင်နား နေရဥ္စရာ မြစ်ကမ်းမှာ မဝေးဘူး။ အနီးလေးရယ်။ အဲဒီတော့ သေနာနိဂုံးသူ နိဂုံးသားတွေ ဘုရားကို ဘုရားပွင့်ပြီဆိုတာ ဘယ်သူမှ မသိကြဘူး။

သုဇာတာက ဘုရားကို ဃနာ နို့ဆွမ်းကပ်တာ။ ဘုရားကို ကပ်တာ မဟုတ်ဘူးနော်။ ဘုရားဖြစ်မဲ့နေ့ မနက် ဘုရားလောင်းကို ကပ်တာ။

ဘုရားလောင်းကိုလည်း ဘုရားလောင်းမှန်းသူသိပြီး ကပ်တာ မဟုတ်ဘူး။ သူက နှစ်ပေါင်း ၂၀ လောက်တုန်းက သူအိမ်ထောင် ပြုတော့ မင်္ဂလာဆောင်တဲ့နေ့မှာပဲ အဲဒီနေရဥ္စရာ မြစ်ကမ်းက ညောင်ပင်မှာ လာပြီးတော့ ဆုတောင်းတယ်။ ပထမဆုံးမွေးမဲ့ကလေး ယောကျ်ားလေး ဖြစ်ရပါလို၏။ ညောင်စောင့်နတ် စောင့်ရှောက်ပါ ဆိုပြီး ညောင်ပင်မှာ သားဆု တောင်းတာ။ အဲဒါ ကံအားလျော်စွာ ကလေးလည်းပဲ ရပါတယ်၊ ယောကျ်ားလေးလည်း ရပါတယ်။ အဲဒီတော့ ဒီအမျိုးသမီးကတွေးတယ်၊ ညောင်စောင့်နတ် စောင့်ရှောက် တာ- လောကမှာ အဲဒီလိုဖြစ်ကြတာ။

မျက်လုံးနော်။ မြင်တယ်။ သို့သော် ဉာဏ်နဲ့မြင်ဖို့တော့ လိုတယ်။

ဘာနဲ့မြင်ဖို့လဲ?

ဉာဏ်နဲ့မြင်ဖို့ပါဘုရား။

ရုပ်ပုံကြီးတစ်ခုမြင်တယ် ဆိုပေမဲ့ အဲဒီအပေါ်မှာ ဉာဏ် မျက်လုံး တပ်ပြီးတော့ မြင်ဖို့၊ ဉာဏ်မျက်စိ အရေးကြီးတယ်။

ဘာမျက်စိ?

ဉာဏ်မျက်စိ ပါဘုရား။

အဲဒါအရေးကြီးတယ်။ အသားမျက်လုံး Physical eye - ကိုယ်ကာယနှင့် ဆိုင်သောမျက်လုံး(အသားမျက်လုံး) လူတိုင်း ရှိတယ်။ အရေးကြီးတာက Intelligent eye -အသိဉာဏ်ရှိသောမျက်လုံး (ဉာဏ်မျက်လုံး) ဉာဏ် မျက်စိပါဖို့ အရေးကြီးတာ။ အဲဒါ ဉာဏ်မျက်စိ မရှိကြတော့ အလွဲလွဲအံမှားမှား ကိုးကွယ်ရာတွေနဲ့ ဘဝမှာ ဒုက္ခ သိပ်ဖြစ်ကုန်တာ လူသားတွေမှာ။ အဲဒါကြောင့် ဘုန်းကြီးတို့ လိုက်ပြီး အခုလိုလျှောက်ပြောတာ အားလုံးကဒီတစ်ချက်မှတ်ထား။ဉာဏ်မျက်စိ ရဖို့တဲ့- ဘာအတွက်လည်းပြော?

ဉာဏ်မျက်စိ ရဖို့ပါဘုရား။

အေး- ဉာဏ်မျက်စိနဲ့ ဉာဏ်နား-ဟုတ်လား? ဘာနဲ့ဘာ?

ဉာဏ်မျက်စိနဲ့ ဉာဏ်နားပါဘုရား။

ဉာဏစက္ခု၊ ဉာဏသောတ The eye of the wisdom, the ear of the wisdom ဒီနှစ်ခုပါပဲ။ ဘဝမှာ မရှိမဖြစ်တဲ့ အရာဝတ္ထု။

## သူ့အထင်နဲ့သူ့အမြင်

ဒီတော့ ညောင်ပင်အောက် ဆွမ်းပွဲကြီးယူသွား၊ ရွှေခွက်နဲ့ကပ်၊ ဟာ-ညောင်စောင့်နတ်က ဒီကနေ့ နှစ် ၂၀ မြောက် အထူးချီးမြှောက် တော်မူလို့ ငါ့ကို ကိုယ်ထင်ရှားပြပြီးတော့ လာထိုင်တာ၊ ဆွမ်းစားမှာ ဒီလိုထင်တယ်။ တကယ်တော့ ညောင်ပင်ရင်းထိုင်နေတာက ညောင် စောင့် နတ်လား? ဘုရားလောင်းလား?

ဘုရားလောင်းပါဘုရား။

ဘုရားလောင်းကို ညောင်ပင်စောင့်နတ်ထင်ပြီးတော့ ဆွမ်း ကပ်တာ။ စစ်ကွင်းက လူတွေက ဘာကိုဘာလို့ထင်လို့ ဆွမ်းကပ် သလဲလို့ မေးရင် အဲဒါမှန်မှန်ကန်ကန်ဖြေတတ်အောင် စဉ်းစား၊

ကပ်နည်းလည်းမှန်ပါစေ၊ အဲဒါကြည့်လုပ်ထား။

ဟိုမှာတော့ ဘုရားလောင်းရယ်လို့ သိတာမဟုတ်ဘူး။ ဩော်-ညောင်စောင့်နတ် ကိုယ်ထင်ရှားပြပြီးတော့ ငါ့ကို ချီးမြှောက်တာပဲ။ သူ့သား အသက် ၂၀ ရှိပြီ။ ဃနာနို့ဆွမ်းကို ကပ်တာ။ သူမင်္ဂလာဆောင်တာ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်က။ အဲဒါကြောင့် တစ်နှစ်တစ်ကြိမ် သူဒီညောင်ပင်မှာ လာလာပြီး ဆွမ်းကပ်တာ နှစ်ပေါင်း ၂၀ ဒီညောင်ပင်မှာ ဆွမ်းကပ်ပြီးပြီ။

အဲဒါကြောင့်မို့လို့ ဉာဏ်မျက်စိ ဉာဏ်နား မရှိသမျှ ပရိသတ်ရေ- တန်ဖိုးရှိတဲ့အလုပ်ကို လုပ်ခွင့်ရသော်လည်း တန်ဖိုး ရှိမှန်း မသိလိုက်ဘူး။ ဘုရားလောင်း ဆွမ်းကပ်ခွင့် ရပေမယ့် ညောင်စောင့်နတ်ထင်တယ်ဆိုတာကို ကြည့်လိုက်။ တန်ဖိုးကြီးမားတဲ့ ဆွမ်းတစ်နပ်ကပ်လိုက်ရတယ်။ ဒါပေမယ့် သူသည် အဲဒီဆွမ်းကပ်တဲ့အချိန်မှာ တန်ဖိုးရှိမှန်းကို သိလား? မသိဘူး။ နတ်တင်တာပဲ ဘယ်တန်ဖိုး ရှိမှာလဲ။ ဟုတ်လား? နောက်ကျတော့မှ သူ့သား ဟိုး-မိဂဒါဝုန်မှာ ဘုရားဆီမှာ ရဟန်းဖြစ်တော့မှ အမယ်လေး ငါကပ်လိုက်တဲ့ ဃနာနို့ဆွမ်းက ဘုရားလောင်းဘဲဆိုတာ နောက်ကျမှ နှစ်လကျော်ကျော်ကြာပြီးမှ ပြန်သိတယ်ဗျ။

၂-လကျော်ကြီး ကြာပြီးမှပဲ ပြန်လည်းသိရော ဩော်- ငါ့ဆွမ်းစားပြီးတော့ဖြစ်တဲ့ဘုရားတဲ့။ သူက ဒီတော့လည်း အဲဒီလိုတွေ ဖြစ်လာတယ်။ ပုဗ္ဗစေတနာ ဘာမှ မဖြစ်ခဲ့ဘူး။

မုဥ္စ စေတနာ မရခဲ့ဘူးနော်။

နောက်မှ ပြန်သိတော့ ဘာစေတနာခေါ်မလဲ?

အပရစေတနာ ပါဘုရား။

အဲဒါကတော့ ဒကာကြီးတွေ လမ်းဘေး အလှူခံရုံတိုင်းက ဟောနေတဲ့ တရားဆိုတော့ ဘုန်းကြီးတို့ ဟောဖို့ မလိုတော့ဘူး။ ပုဗ္ဗ၊ မုဉ္စ၊ အပရ စေတနာ သုံးတန်ပြဋ္ဌာန်း လှူဒါန်းတော်မူခဲ့ကြပါအုံးခင်ဗျာ-တဲ့။

လမ်းဘေးတကာ့လမ်းဘေး ဟောနေတဲ့တရား ဖြစ်သွားပြီ။

*အဲဒါကားပေါ်ကနေပြီးတော့ ၁ ကျပ်တန်လေးတွေ၊ ငါး ကျပ်တန်လေးတွေ တစ်ခါတည်း ပစ်ကြချ၊ မဲသဲနေတဲ့ ပိုက်ဆံတွေကို လုပြီးတော့၊ လမ်းပေါ်လေးဖက်ထောက်ပြီးတော့ ကောက်ကြတယ်။ ပြီးတော့ ဟိုလူက ကြည့်တယ် ဘယ်လောက်လဲ? "၁ ကျပ်" ကောင်း လိုက်တဲ့ စေတနာ အလှူတော်ငွေက တစ်ကျပ်၊ ချီးမွမ်းတာလား? ကဲ့ရဲ့တာလား? မသိဘူး၊ အော်တာ။ အဲဒီလိုဖြစ်နေတယ်။ မြန်မာ နိုင်ငံရဲ့ အလှူဒါနလောက ကလည်း လမ်းပေါ်မှာပစ်ချတာကိုကောက် ယူတဲ့ဒါနမျိုးဖြစ်သွားပြီ၊ အဲဒါကို ပြင်နိုင်ရင်ပြင်ကြပါ။ မပြင်နိုင်ရင်တော့ မျောပြီ။*

ကောင်းပြီ။ အခုပြောတာက စေတနာ သုံးတန်မှာ တစ်တန် ပဲ ရတယ်။ အဲဒီတော့ စေတနာ နှစ်တန်က အချည်းနှီးဖြစ်သွားတယ်။ အဲဒါကို ငါ့ဆွမ်းစားပြီးဖြစ်လာတဲ့ဘုရား၊ ငါ့သားလည်း ရဟန္တာ ဖြစ်အောင် စောင့်ရှောက်တဲ့ ဘုရား ဆိုပြီး အိမ်ပင့်ပြီး ဆွမ်းကပ်တာ သူလည်း သောတာပန်ဖြစ်ပါသေးတယ်။

## သိခြင်းနဲ့မသိခြင်းအကျိုးခြင်းရယ်ကကွာ

အကျိုးတော့ မယုတ်ပါဘူး။ သိလိုက်တဲ့အချိန်မှာ အကျိုးရှိလာ တယ်။ မသိတဲ့အချိန်မှာ မသိသမျှကာလပတ်လုံး အဲဒီမသိမှု အဝိဇ္ဇာနဲ့ နေရင် အဲဒီဘဝက အချည်းနှီးပဲ။

အဲဒီတော့ ဗောဓိပင်နားမှာ ၄၉ ရက်နေတယ်။ ညောင်ပင်အောက်က လူတွေ လူတွေ ဘုရားဖြစ်မှန်းသိလိုက်သူ တစ်ယောက်မှ မရှိဘူး။ ဗမာပြည် ဥက္ကလာပက သွားတဲ့ လူနှစ်ယောက်ပဲ ဟာ-ထူးထူးခြားခြား ဘုရားဟေ့ ဆိုပြီးတော့ ဦးဦးဖျားဖျား ဆွမ်းကပ်တာ ဗမာတွေ၊ ဘယ်ကသွားတာလဲ?

ဥက္ကလာပ ကပါဘုရား။

မြောက်ဥက္ကလာ လား၊ တောင်ဥက္ကလာလားတော့ မသိဘူး။ အေး- အဲဒီအထဲ စစ်ကွင်းက ပါသေးလား မသိဘူး-နော်။ အဝေးကြီးက လူက အခွင့်အရေး ရသွားတယ်။ အနားကလူက ဆွမ်းကပ်ရမှန်း မသိဘူး။

**ခဏံ မာဝိရာဓေထ**-အခွင့်အရေးကို မလွဲကြ မချော်ကြစေနဲ့။ **ခဏာ တီတာ**-အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးရတဲ့ ပုဂ္ဂိုလ်တို့သည်၊ **သောစရေ သောစန္တိ**- စိုးရိမ်ပူဆွေးငိုကြွေးကြလေကုန်၏။ **ခဏံ**-အခွင့်အရေးသည်၊ ဝေါ-သင်တို့ရဲ့လက်တစ်ကမ်းမှာ၊ **ပတိပါတိတော**-ရင်ဆိုင်မျက်မှောက် ဆိုက်ရောက်၍ လာခဲ့လေပြီ။

အခွင့်အရေး လက်တစ်ကမ်းမှာ ရောက်နေပြီတဲ့။ ဗောဓိပင် အနီးအနားမှာ ဘုရား ဘယ်နှစ်ရက်နေလဲ?

၄၉-ရက် ပါဘုရား။

အဲဒီအနားလူတွေ မရှိဘူးလား?

ရှိပါတယ်ဘုရား။

လူတွေ အများကြီးရှိတယ်။ အခွင့်အရေး လက်တစ်ကမ်းမှာ ဒါပေမဲ့ သိလိုက်တဲ့ လူတစ်ယောက်မှ မရှိဘူးတဲ့။ အကုန်လုံးလွဲကုန်ကြတယ်။

## ကျေးဇူးတွေ အထူးဆပ်လိုသော်လည်း

သဟမ္ပတိက တရားတောင်းတယ်။ ဒါပေမယ့် ဘယ်သူ့ဦးစွာ ဟောရမှန်း မသိဘူး။ ဘုရားက တရားဦးဟောဖို့ရှာတယ်။

ကျေးဇူးရှင်ဆရာ ရသေ့ နှစ်ယောက်ဖြစ်တဲ့ အာဠာရနဲ့ ဥဒက ဟောမယ်။ ပဉ္စဝဂ္ဂီတို့ကို နောက်မှစဉ်းစားတာ။ အဲဒီတော့ အာဠာရနဲ့ ဥဒက က ဈာန်တွေကို သင်ပေးလို့ ကျေးဇူးကြီးတယ်။ သူ့တပည့်တွေ ငါ့အကုန်အပ်လို့ စိတ်နှလုံးဖြူစင်တယ်။ သူတို့နှစ်ယောက် အရင် ဟောမယ်ဆိုပြီး ဘုရားက ဆုံးလည်း ဆုံးဖြတ်ကြည့်ရော တစ်ယောက်မှ မရှိတော့ဘူး။

တစ်ယောက်က မနေ့ကသေသွားတာ။ တစ်ယောက်က လွန်ခဲ့တဲ့ ၇-ရက်လောက်က သေတာ။ ရောက်တဲ့ဘဝ လိုက်ဟောမယ် ဘုရားက ရှာတော့ ဘဝဂ်ရောက်နေပြီတဲ့။

ဘယ်ရောက်နေ?

ဘဝဂ်ရောက်နေပါတယ်ဘုရား။

ဘဝဂ်ဆိုတာ အ-ရူပပြဟ္မာ၊ နေဝသညာနာသညာယတန ပြဟ္မာ၊ အဲဒီအောက်နားက အာကိဉ္စညာယတန ပြဟ္မာ။ ၃၁-ဘုံ ထိပ်ဆုံးမှာ။ အဲဒီဘဝ ရောက်နေတဲ့ ရသေ့ကြီးနှစ်ယောက်ဟာ ပြဟ္မာတော့ ဖြစ်နေတာပဲ။ ဘဝဂ်မှာ ထိပ်ဆုံးမှာနော်။ သို့သော်လည်း အရူပပြဟ္မာ ဆိုတော့ ရုပ်ခန္ဓာမရှိဘူးပေါ့။

ရုပ်ခန္ဓာမရှိတော့ မျက်စိတွေ၊ နားတွေ မပါဘူးပေါ့။ ဘုရားက ကြွသွားလည်း ဘာမှမြင်နိုင်စွမ်းမရှိဘူး။ တရားတွေ ဟောလည်း ဘာမှကြားနိုင်စွမ်းမရှိဘူး။ အဲဒီတော့ ဘုရားက အကုန်လုံး နှစ်နာဆုံးရှုံးကုန်ကြပြီတဲ့။ အဲဒီတော့ ငါတရားဦး ဒီနှစ်ယောက်မဟောရရင်တော့ ဘယ်သူ့ ဟောရ မလဲဆိုတော့ ၅ ယောက်ကိုဟောမယ်ဆိုပြီး နောက်မှ

ငါးယောက်ကို စိတ်ပြောင်းယူတာ။ အဲဒါကျတော့ လူသိသိပ်များသွားပြီ။

အဲဒီလို ဗောဓိပင် အနီးအနား ၇ ရက် ၇ လီ နေနေတုန်းမှာ နောက်ထပ်ထူးတဲ့ရသေ့တစ်ယောက်ရှိတယ်။သုဘဒ္ဒ ဆိုတဲ့ ပရိဗိုဇ် တဲ့။

ပြော-ဘယ်သူ?

သုဘဒ္ဒ ပရိဗိုဇ် ပါဘုရား။

သူကဇာတ်မြင့်တဲ့ ပုဏ္ဏားမျိုးကနေ တောထွက်လာတာ။ လောကကြီး ဒုက္ခတွေကို ဘာနဲ့ အဆုံးသတ်မလဲဆိုပြီးတော့ ဒုက္ခ အဆုံးသတ်ဖို့ နည်းရှာဖို့ ဆိုပြီးတော့ ထွက်လာခဲ့တာ။ ထွက်လာပြီးတော့ ရသေ့ ရဟန်းယောဂီ ဆာဒူး ပရိဗိုဇ် သမဏ ဗြဟ္မဏဆိုတဲ့ လူတကာအကုန်လျှောက်ပြီးတော့ လောကချုပ်ကြောင်း အကျင့်ကောင်း မေးတာ။

အို-ဟောလိုက်တာ တောင်တောင် မြောက်မြောက် တိတ္ထိဆရာ ၆ ယောက်ကလည်း ပေါ်နေပြီ အဲဒီအချိန်မှာ။ အဲဒီတော့ သုဘဒ္ဒပရိဗိုဇ်က စိတ်ထဲဘာဖြစ်သလည်းဆိုတော့ ဒီပုဂ္ဂိုလ်ကြီးတွေက သူတော်ကောင်းလို့လည်း အမည်ခံသေးတယ်။ သူတော်ကောင်းစကားလည်း တစ်ခွန်းမှ မပြောဘူး။

အဲဒီမှာ **အဇိတကေသကမ္ဗလ**-ဆရာကြီးထံ ရောက်သွားတယ်။ ဆရာကြီး ဒုက္ခတွေ ပြွန်းနေတဲ့ ကမ္ဘာမှာ ဒုက္ခကို ဘယ်လို အဆုံးသတ်ရမလဲ ဆိုတော့-**နတ္ထိ ဒိန္နံ**-လှူနေတာ တန်းနေတာ ဘာမှ အကျိုး မရှိဘူး။ အလှူ မလုပ်နဲ့။ ဒုက္ခချုပ်လိမ့်မယ်။ သူကဒီလို။ အလှူ လုပ်ရင် သံသရာလည်မယ် ဆိုတဲ့သူတွေက အဲဒီ **အဇိတကေသကမ္ဗလ** ရဲ့ တပည့်တွေနေမယ်။ **နတ္ထိဒိန္နံ**-အလှူလုပ်နေတာ ဘာမှ အကျိုးမရှိဘူး။ အလှူလုပ်သံသရာလည်မယ်။

## ဒါနက သံသရာလည်သတဲ့ သီလကဇရာ

ဒါဆို သီလရော- ဟာ သီလဆောက်တည်လို့ရှိရင် အလကား ပဲ။ ပါဏာတိပါတာ ဝေရမဏီ လုပ်နေတော့ ဘာအကျိုး ရှိမှာလဲ။

လူတစ်ယောက်က တစ်ယောက် ဓါးနဲ့ခုတ်သတ် ဘာ အကုသိုလ် မှ မဖြစ်ဘူး။ ဓါးဆိုတာ ရုပ်ကလပ်၊ လူဆိုတာ ရုပ်ကလပ်၊ ထိုးလိုက်တော့ ဝင်သွားပြီ။ ဟိုကောင်သေတယ်။ ရုပ်ကလပ်တစ်ခု သည် ရုပ်ကလပ်တစ်ခုထဲ ဝင်သွားတာပဲ။ ဘာမှ မဖြစ်ဘူး။ ဟာ ကောင်းလိုက်တဲ့ တရားနော်။ ကမ္ဘာမှာ သတ်ချင်တိုင်းသတ် အပြစ် မရှိဘူးဆိုတာ အဲဒီလူတွေနေမှာပဲ နော်။

**နတ္ထိ ကုသလာ ကုသလံ ကမ္မံ** တဲ့။ ကုသိုလ်-အကုသိုလ်ကံ ဆိုတာလည်း မရှိဘူးတဲ့။ ငရဲမရှိ၊ နတ်ပြည်မရှိ၊ နိဗ္ဗာန် မရှိ-မရှိဆိုတဲ့ ဝါဒကို ၁၀မျိုး ဟောတယ်။ **အဇိတကေသကမ္ဗလ**-မိစ္ဆာဒိဋ္ဌိ ဆရာကြီး ၆ ယောက်ဟောတာ။ အဲဒါခြုံလိုက်ရင် မိစ္ဆာဒိဋ္ဌိဝါဒပေါင်း ၆၂ မျိုးတောင်နော်။ ဟောဒီ စစ်ကွင်းမှာ ဘယ်နှစ်မျိုးလောက်ဝေပေးရင် ကောင်းမလဲ။

ဘယ်နှစ်မျိုးကြိုက်လဲ?

မကြိုက်ပါဘူး ဘုရား။

အေး- မကြိုက်ရင် သာဓုပါဗျာ။ ဘုရားမပွင့်ခင်မှာ ဒီအတိုင်းပဲ လူတွေက ဘုရားပွင့်လိမ့်မယ်ဆိုပြီးတော့ မြတ်စွာဘုရား မပွင့်မီ နှစ် တစ်ထောင်က ဗုဒ္ဓ ကောလဟာလ ကြီးဖြစ်တာ။

လူတွေက ဘုရားကို လိုက်ရှာတော့ အတုတွေနဲ့ အကုန်တိုး တာ။ အဲဒါမှာ သုဘဒ္ဒဆိုတဲ့ ပုဏ္ဏားဘဝက ပြောင်းလာတဲ့ ပရိဗိုဇ်ကြီး က စိတ်ပျက်ပြီးတော့-

ဆာဒူးပဲပြောပြော

ရဟန်းပဲပြောပြော
ပရိဗိုဇ်ပဲပြောပြော
ရသေ့ပဲပြောပြော
ယောဂီပဲပြောပြော
သမဏပဲပြောပြော
ဗြဟ္မဏပဲပြောပြော- ငါမယုံဘူးဆိုပြီး ဘယ်သူ့ဆီမှ မသွားဘူး။

ဘုရားပွင့်လာတော့လည်း ဒီပုတ်ထဲ ဒီပဲဘဲ နေမှာပါကွာ။ သိဒ္ဓတ္ထလည်း ရွှေနန်းတော်က မိဖုရားတစ်သောင်းခြောက်ထောင် ထားပြီးတော့ ထွက်လာတာ သူလည်း ဇိမ်သမားပါပဲ ဆိုပြီးတော့ မလာဘူးဗျ ပရိသတ်ရေ။

အဲဒီတော့ အတုတွေ ထပ်တလဲလဲတွေ့တဲ့ပုဂ္ဂိုလ်က အစစ်နဲ့ တကယ်တွေ့တဲ့အချိန်မှာ အစစ်ကိုပင်လျှင် အထင်သေးလို့ လွဲသွားတာနော် ဒါက။ အဲဒါလေးလည်း သတိပြုရမယ်။ အတုထပ်တလဲလဲ ခဏခဏ တွေ့ရင် တကယ်အစစ်အမှန်နဲ့ တွေ့တဲ့အခါကျပြန်တော့တောင်မှ အဲဒီအစစ်ကို အစစ်ရယ်လို့ သူလက်မခံချင်ဘူး။ ဒီလိုနေမှာပေါ့ကွာ ထားလိုက်ပါတော့ဆိုပြီး မလာဘူး။

## သံသယတောမှာ မောနေသူ

အဲဒီတော့ သုဘဒ္ဒ ပရိဗိုဇ် ဘုရားရဲ့သတင်းကို အဝေးက နားထောင်၊ နားထောင်ပြီးတော့ နေနေတာ ပရိသတ် အနားမလာဘဲနဲ့ ရှောင်ပြီးတော့ နေတာ ၄၅ နှစ် ကြာတယ်။

ဘယ်နှစ်နှစ်လဲ?

၄၅ နှစ်ပါ ဘုရား။

၄၅ နှစ်ဆိုတဲ့ ဒီကာလ သည်အချိန်တွေကို waste လုပ်တာ

နော်။ အကုန်ဖြုန်းပစ်တာ။ ဘာနဲ့ဖြုန်းလဲဆိုတော့ တစ်လုံးထဲ မှတ်ထား၊ "သံသယ"နဲ့ ဖြုန်းပစ်တာ။

ဘာနဲ့လဲ?

သံသယနဲ့ ပါဘုရား။

သံသယဆိုတာ လောက ပြောနေကြစကား။ အဘိဓမ္မာ စကားလုံးကတော့ ဘာပြောမလဲဆိုလို့ရှိရင် ဝိစိကိစ္ဆာ တဲ့။

ဘာတဲ့?

ဝိစိကိစ္ဆာပါဘုရား။

ဝိစိကိစ္ဆာ ပုဒ်ကို ဘာသာပြန်ရင် ယုံမှားလို့ ဘာသာပြန်မယ်။ အဲဒီ ယုံမှားမှုဆိုတဲ့ ဝိစိကိစ္ဆာရဲ့နောက်မှာ ကပ်လျက် ပါလာတတ်တာက အယူမှား။

ဘာမှား?

အယူမှား ပါဘုရား။

အဲဒါကို ဒိဋ္ဌိ ခေါ်တယ်။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ-အယူမှားနဲ့ ယုံမှား အဲဒီ နှစ်မှားကို ပရိသတ်ရေ သောတာပန်မဖြစ်မချင်း မပယ်နိုင်ဘူး။ ဒီတော့ အခု သုဘဒ္ဒကြီးမှာ နှစ်မှားတဲ့။

၁။ အမှတ်မှား

၂။ အယူမှားနဲ့တွေဝေပြီးတော့နေတာ ဘုရားပွင့်တာတောင် မယုံတာနဲ့ မလာနိုင်ဘူး။

ဘယ်နှစ်နှစ် လွန်သွားလဲ?

၄၅ နှစ်ပါဘုရား။

မာဝေါခဏံ ဝိရာဓေထ ခဏာတီတာဟိသောစရေ။

သကတ္တေ ဝါယမေယျာထ ခဏောဝေါ ပတိပါတိတော။

ခဏံ-ရရှိတဲ့အခွင့်အရေးတွေကို၊ မာဝိရာဓေထ-မလွဲမချော်ကြ

စေကုန်လင့်။ ပရိသတ်ရေ- ၄၅နှစ်တော့ လွဲခဲ့ပြီ။

ဘယ်သူ လွဲခဲ့တာလဲ?

သူဘဒ္ဒ ပါဘုရား။

စစ်ကွင်းကလူတွေမလွဲစေနဲ့-နော်။

**ခဏံ**-ရရှိတဲ့အခွင့်အရေးတွေကို၊ **မာဝိရာဓေထ**-မလွဲမချော်ကြစေကုန်လင့်။ **ခဏာတီတာ**-အခွင့်အရေး တွေကိုလက်လွတ်ကျော်လွန်တဲ့ ပုဂ္ဂိုလ်တို့သည်။ **သောစရေသောစန္တိ**-နောက်များတော့မှ စိုးရိမ်ပူဆွေး ငိုကြွေး ကြလေကုန်၏။ နောင်တ တဖန် ပူပန်ရလေကုန်၏။ အခွင့်အရေးလွဲသွားပြီ ဆိုရင် နောင်တဖြစ်တတ်တယ်။ ဘာဖြစ်?

နောင်တဖြစ်တတ်ပါတယ်ဘုရား။

နောင်တအကြောင်း ခုနပြောထားတယ်။ ဝိစိကိစ္ဆာ။ နောင်တ တဖန် ပူပန်ရလေကုန်၏။ အဲဒီနောင်တဆိုတာ ကုက္ကုစ္စ-ဒါကြောင့် အခွင့်အရေးတွေကို သင်တို့ရဲ့ လက်တစ်ကမ်းမှာ၊ **ပတိပါတိတော**-ရင်ဆိုင်ဆိုက်ရောက်၍ နေပါပေ၏။ အခွင့်အရေးလက်တစ်ကမ်းမှာ ရှိတယ်တဲ့။ အဲဒါကြောင့်-

**သကတ္တ**- ကိုယ့်အကျိုးစီးပွား တိုးပွားမယ့်လုပ်ငန်း။ **ပရတ္တေ**-သူတစ်ပါးအကျိုးတိုးပွားမဲ့လုပ်ငန်းဆိုတဲ့ **သကတ္တ**၊ **ပရတ္ထ** ဆိုတဲ့ အဲဒီလုပ်ငန်း နှစ်ရပ်မှာ၊ **ဝါ ယမေယျာထ**-အချိန်ကောင်းဆဲ အားကုန်နွှဲပြီးတော့ သဲသဲမဲမဲ အားထုတ်တော်မူကြကုန်ရာသတည်း။

သာဓု သာဓု သာဓု ပါဘုရား။

## အသံတူကြောင်းကွဲသတိမလွဲစေနဲ့

မြတ်စွာဘုရား ဝေသာလီမြို့နားက ပရိသတ်ရေ- ဗေဠုဝဆိုတဲ့ ရွာကလေးမှာ နောက်ဆုံးဝါကပ်တယ်။ ဝါကျွတ်တော့ အဲဒီ ဗေဠုဝရွာ

ကနေ ဒေသစာရီလှည့်လည်ပြီးတော့ သွားရင်းသွားရင်း ဝေသာလီမြို့နားက စာပါလ စေတီသို့ရောက်တယ်။

ဘယ်ရောက်တာလဲ?

စာပါလစေတီ ရောက်တာပါဘုရား။

ဒီနေရာ စဉ်းစားတတ်တဲ့ လူတွေက စဉ်းစားမှာပေါ့။ စာပါလစေတီ တဲ့၊ သြော် ဘုရားလက်ထက်က စေတီတွေရှိသကိုး လို့ ဒီလိုတွေးစရာပဲ။ ဟိုတုန်းက ဝေသာလီမှာ စေတီဆိုတာ နတ်ကွန်းကို ခေါ်တာ-နော်။

နတ်ကွန်း မှန်သမျှ အကုန်လုံး ဘာခေါ်?

စေတီခေါ်ပါတယ်ဘုရား။

အဲဒါကြောင့် စေတီ၊ စေတီဆိုတိုင်း ဗုဒ္ဓဘာသာဝင်တို့ရဲ့စေတီမျိုးချည်း အောက်မေ့မနေနဲ့။ နတ်ဘီလူးကြီးတွေနေတဲ့ နတ်ကွန်းကို ဝေသာလီ မှာ လိစ္ဆဝီမင်းတွေက စေတီလို့ခေါ်တယ်။

**၁။ စာပါလစေတီ**

**၂။ သာရန္ဒကစေတီ**

**၃။ သဒ္ဒမ္ဗစေတီ**

**၄။ ဥတေနစေတီ**

**၅။ ဂေါတမစေတီ**

၆။ **ဗဟုပုတ္တစေတီ** ဆိုပြီး ဝေသာလီမှာ နတ်ကွန်းကြီး ၆ ခုကို စေတီချည်းခေါ်တယ်။ အဲဒါကို သုတေသနပြုပြီးတော့ စနစ်တကျ သိရင်သိ မသိရင် အဲဒါ ဘာသာရေးရောယှက်ပြီးတော့ ရှုတ်ထွေးသွားတတ်တယ်။

အဲဒီတော့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အထွဋ်အမြတ်စကားလုံးတွေကို ဗုဒ္ဓဘာသာမဟုတ်တဲ့ လူတွေက ရှေးတုန်းထဲက သုံးတယ်ဆိုတာ

သိဖို့ပဲ။ ဟုတ်လား။ ဗုဒ္ဓဘာသာတို့သုံးတဲ့ အထွင့်အမြတ်စကားလုံး တွေကို ဗုဒ္ဓဘာသာမဟုတ်တဲ့ သူတွေက သုံးလို့ ရှေးတုန်းက သုံးလို့ နတ်ကွန်းကို ဝေသာလီမှာ ဘာခေါ်တယ်?

စေတီ ပါ ဘုရား။

## ဘုန်းကြီးတို့ ရဲရဲပြောတဲ့ စေတီဆိုတာ

ဘုန်းကြီးတို့က-

၁။ ဓါတု ဓာတ်တော်မှန်သမျှ စေတီခေါ်မယ်။

၂။ ဓမ္မ ကို စေတီခေါ်မယ်။

၃။ ဘုရားအသုံးအဆောင် မှန်သမျှကို စေတီခေါ်မယ်။

၄။ ဘုရားဆင်းတုတော် ရုပ်တုတော်မှန်သမျှ စေတီခေါ်မယ် လို့ ဘုန်းကြီးတို့က လေးပါး- ဒီလိုမို့လား?

မှန်ပါ့ဘုရား။

ဒါကြောင့် မွန်မြတ်တဲ့စကားလုံးတွေကို စနစ်တကျ ဒို့ဘာသာ ရဲ့ စကားလုံး၊ တို့ရဲ့ ကိုယ်ပိုင်ပဲလို့ မှတ်ပုံတင်ထားတာလည်း မရှိတော့ အဲဒါ တော်တော်ခက်တာပဲဗျာ။ မွန်မြတ်တဲ့ ကိုယ့်ဘာသာထဲက စကားလုံးကို ဟိုလူကယူသုံး၊ ဒီလူက ယူသုံးနဲ့။ အခု စေတီတွေတဲ့ ဝေသာလီမှာ။ တကယ့်စေတီ ဟုတ်မှ မဟုတ်ဘဲ နတ်ကွန်းတွေ-နော်။

ဘုန်းကြီးတို့ မကြာခင်လေးက တရားဟောသွားတာ တစ် နေရာမှာ တွေ့ခဲ့တယ်။ ဗလီကြီးတစ်ခုကို အမယ်- သီရိ မင်္ဂလာဗလီ တဲ့ နာမည် မှည့်ထားတယ်၊ ဖြစ်ပုံနော်။ အဲဒါကြည့်လုပ်ကြ-ဟုတ်လား?

အဲဒီတော့ မှတ်ပုံတင်ထားတာ မဟုတ်တော့ ဒီလို ယူသွား တာ။ တော်တော်ကြာ နိဗ္ဗာန်ဗလီတွေဘာတွေ ရောက်ချင် ရောက်လာ

မှာနော်။ အေး-အဲဒီတော့ အနီးစခန်းဆရာတော်ကြီးပြောတာရှိတယ်။ အနီးစခန်းဆရာတော်က အဲဒါကျတော့ တော်တော်ကို ထိထိရောက်ရောက် ပြောတာ။ မင်းတို့က **သဗ္ဗေ သတ္တာ အဝေရာဟောန္တု၊ ယသာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘိ သနံ** မေတ္တာသုတ်တယ်ရွတ်တာကိုးကွ။ မေတ္တာသုတ္တန်က တခါတလေကျတော့ သိပ်စွန်းတာမဟုတ်ဘူးကွ။ တခါတခါကျတော့ မေတ္တာ ဒုတ်တံနဲ့ ချရတယ်ကွတဲ့- အနီးစခန်းဆရာတော်ပြောသွားတာ-နော်။ ဘုန်းကြီးတို့တော့ မပြောပါဘူး။

အခု ဘာလဲ?

စာပါလစေတီ။

ဘာစေတီလဲ?

စာပါလစေတီပါဘုရား။

စာပါလ နတ်ဘီလူးကြီးရဲ့ နတ်ကွန်း၊ နတ်ဘီလူးကြီးက အဲဒီမှာ ဘာမှ လှုပ်လှုပ်ရှားရှား မရှိတော့ဘူး။ ဘုရားကြည်ညို ပြီးတော့ အရိယာ ဖြစ်သွားလား၊ သို့မဟုတ် သူလည်းသေပြီးတော့ ဘဝပြောင်းသွားလားမသိဘူး။ နတ်စင်ကြီးက ငြိမ်သွားတယ်။Active မဖြစ်တော့ဘူး။ အဲဒါနဲ့ လိစ္ဆဝီ မင်းတွေက ဒီနေရာမှာ ဘုရားကျောင်းတည်ထားတော့ "စာပါလစေတိယ" ကျောင်း တဲ့။ အဲဒီမှာ မြတ်စွာဘုရား တပို့တွဲလပြည့်နေ့မှာ ကျေညာချက်ထုတ်တယ်။

## ပရိနိဗ္ဗာန်စံ ကြော်ငြာသံ

**ဣတော တိဏ္ဏံ မာသာနံအစ္စယေန တထာဂတဿ ပရိနိဗ္ဗာနံ ဘဝိဿတိ။**

ဒီကနေ့မှစ၍ သုံးလကြာတဲ့အခါ ငါဘုရားရှင် ပရိနိဗ္ဗာန်စံမယ် တဲ့။

ဒီနေ့ကစ နောက်ဘယ်လောက်ကြာ?

သုံးလကြာတဲ့အခါပါဘုရား။

တပို့တွဲလပြည့်က နောက်သုံးလဆိုရင် ကဆုန်လပြည့်ဟာ သုံးလပဲ။ အဲဒီတော့ တပို့တွဲလပြည့်နေ့ကစ နောက်သုံးလ ကဆုန်လပြည့်နေ့ရောက်ရင် ပရိနိဗ္ဗာန်ပြုမယ်ကျေညာချက်ထုတ်တယ်။ ဟာ- ဘယ်မှာပရိနိဗ္ဗာန်စံမလဲ? ကုသိနာရုံမြို့ အနောက်တောင်ဒေါင့်က အင်ကြင်းတောထဲမှာ- ဝေသာလီမှာ ကျေညာချက်ထုတ်တယ်။ ဝေသာလီ နဲ့ ကုသိနာရုံက ဒီကနေ့ မော်တော်ကားနဲ့ မောင်းသွားရင် ၇ နာရီလောက်မောင်းရတယ်။ မိုင် ၂၄၀-၂၅၀ လောက် ရှိတယ်။

အဲဒီတော့ ပရိနိဗ္ဗာန်ပြုမယ်၊ ကုသိနာရုံမှာ နောက်သုံးလကြာရင် ပရိနိဗ္ဗာန်စံမယ် အဲဒီကျေညာချက်လည်း ထုတ်လိုက်ရော ဆာဒူးတွေရော၊ ပရိဗိုဇ်တွေ၊ ယောဂီတွေ၊ ရဟန်းတွေ၊ သာမဏပြဟ္မဏ အမည်ခံတဲ့ ပုဂ္ဂိုလ်တွေရော အကုန်ပဲ ကုသိနာရုံကို ချီတက်ပြီးတော့ သွားစောင့်ကြည့်နေကြတာ။

## သေခြင်းတရားကို လက်တွေ့ခံစားခြင်း

အလွန်ခြောက်သွေ့တဲ့ ကုသိနာရုံမြို့ဟာ အဲဒီကျေညာချက် ထုတ် ပြီးတဲ့နောက်မှာ အရမ်းစည်ကားသွားတယ်တဲ့။ ဘာဖြစ်လို့လည်းဆိုရင် ဗုဒ္ဓဂေါတမ နောက်ဆုံးနေ့မို့ ကြည့်ဖို့ဆိုပြီး လာကြတာ။ တိတ္ထိတွေ၊ ယောဂီတွေ၊ ဆာဒူးတွေ၊ ပရိဗိုဇ်တွေ အကုန်ပဲ အဲဒီရောက်နေကြတာ။ ရဟန်းသံဃာတော်တွေကို ၇ သိန်းကျော် စုဝေးနေတာ။

ဘယ်လောက်?

၇ သိန်းကျော်ပါဘုရား။

ဗုဒ္ဓရှင်တော်ရဲ့ နောက်ဆုံးနေ့ကို ကြည့်မယ်။ ဘာတွေများ

ထူးမလဲ ဆိုပြီး သွားစောင့်နေတာ။ အဲဒီထဲ သုဘဒ္ဒ ပရိဗိုဇ်ကြီးပါ ပါသွားတယ်။

ဘုရား ပရိနိဗ္ဗာန်စံဖို့ ဘယ်လောက်လို?

သုံးလ ပါဘုရား။

၄၅ နှစ်တော့ လွဲသွားပြီနော်။ ဘုရားနားမလာခဲ့ဘူး။ စိတ်ထဲမှာ မေးချင်တာတွေ အများကြီးပဲ။ အဲဒီသုံးလလေးအတွင်းမှာတော့ ငါ ဒီအခွင့်အရေးလေး ယူပြီးတော့ မေးအုံးမှ ဖြစ်မယ်ဆိုပြီးတော့ စောင့်နေတာ။

ကဆုန်လပြည့်နေ့ ညနေစောင်း အင်ကြင်းရဂုံမှာ ဘုရားရှင်ရောက်၊ ညောင်စောင်းပေါ်လျောင်း၊ မြောက်ဘက်ဦးခေါင်း ပြုပြီးတော့ ညဦးယာမ်ကာလမှာ မင်းပရိသတ်နဲ့တကွ အရပ်ရှစ်မျက်နှာ ပရိသတ်ကို တရားဟောတယ်။

ညဦးယာမ်မှာ ဘယ် အချိန်?

ညဦးယာမ် ပါဘုရား။

၆ နာရီ ကနေ ၁၀ နာရီ ပုရိမယာမ်ခေါ်တယ်။ အဲဒီတော့ မလ္လာမင်းတွေလည်း ပြန်သွား အရပ်ရှစ်မျက်နှာကလူတွေလည်း ပြန်သွားပြီ။

၁၀ နာရီ ကနေ သန်းခေါင်ကျော် နှစ်ချက်ထိ နာရီပေါင်း လေးနာရီ အဲဒါကို မဇ္ဈိမယာမ် ခေါ်တယ်။ အဲဒီ မဇ္ဈိမယာမ် ရောက်ပြီဆိုတော့ ပရိသတ်ရေ နတ်တွေ ပြဟ္မာတွေကို ဟောမယ် သံဃာတော်အရှင်မြတ်တွေကိုလည်း ဟောမယ်။

သို့သော်လည်းပဲ နတ်တွေ ပြဟ္မာတွေက ဘုရားမြတ်စွာကို ဟိုမေး ဒီမေး မမေးဘဲနဲ့ အဝေးက ဖူးပြီးတော့ ကြည်ညိုလို့ ဒီအတိုင်း နေ နေတယ်။ သံဃာတော် အရှင်မြတ်တွေကလည်း ဘုရားရှင်

ကိုယ်တော်မြတ် ဘာများ မိန့်မလဲ လို့ စောင့်နေတာ။ အဲဒီအချိန်မှာ ရုတ်ရုတ်သဲသဲနဲ့ သံဃာ ၇ သိန်းကြားမှာ တိုးဝှေ့ပြီးတော့ ဝင်လာတာ က ခုနပြောတဲ့ သုဘဒ္ဒ။

သုဘဒ္ဒ ပရိဗိုဇ်က တွေးတွေးနေတာ။ သမဏဆိုလို့ ငါချဉ်း ကပ်သွားတယ်။ သမဏအရည်အချင်း တစ်ခုမှ မရှိဘူး။ ဗြာဟ္မဏဆိုလို့ ချဉ်းကပ်လိုက်တယ်။ ဗြာဟ္မဏအရည်အချင်း တစ်ခုမှ မရှိဘူး။ ငါလိုချင် တဲ့ ဒုက္ခအဆုံးသတ်ပုံ သတ်နည်းလည်း သူတို့ မပြောနိုင်ဘူး။

လက်စသတ်တော့ သမဏဆိုပေမယ့် နာမည်ပဲ။ တကယ် တော့ ငြိမ်းချမ်းတဲ့ အကျင့်လည်းမရှိဘူး။ သမဏဆိုတာ ငြိမ်းချမ်းတဲ့ ပုဂ္ဂိုလ်လို့ အဓိပ္ပာယ်ရတယ်။

ဗြာဟ္မဏဆိုတာ နာမည်ပဲ။ သူတော်ကောင်းလည်း တကယ် မဟုတ်ကြဘူး။ ဗြာဟ္မဏဆိုတာ သူတော်ကောင်းဆိုတဲ့ အဓိပ္ပာယ်ရ တယ်။

## အချိန်နီးလို့ စိုးရိမ်ကြီးနေတာ

အဲဒီတော့ ဒီ သမဏ၊ ဗြာဟ္မဏရဲ့ အဓိပ္ပာယ်ကို ဒီရဟန်း ဂေါတမကို ဒီညသန်းခေါင်မှာ ငါမေးရင်မေး၊ မမေးရင်တော့ နောက် ထပ် မေးစရာ မရှိတော့ဘူး။ ငါ့ဘဝတစ်ခုလုံး ဝိစိကိစ္ဆာနဲ့ နေခဲ့တာ။ ယုံမှားပေါ့။

ဗမာလိုပြော ဘာမှား?

ယုံမှားပါဘုရား။

နောက်မြန်မာလိုပြောရင် သံသယ-နော်။

အဲဒါနဲ့နေလာတာ အခု နာရီပိုင်းလေးပဲ ကျန်တော့တယ်။ ဂေါတမ ဗုဒ္ဓလည်း ကွယ်တော့မယ်။ အဲဒီသံသယကို ရှင်းမှ ဖြစ်တော့

မယ်ဆိုပြီးတော့ သံဃာတော်တွေ ၇ သိန်းကြားမှာ တိုးတိုးပြီးတော့ သန်းခေါင်ကျော်ကြီး ၁၂ နာရီ ကျော်ပေါ့ ပရိသတ်ရေ ဘုရားနား ရောက်တယ်။

အရှင်အာနန္ဒာထံကို ချဉ်းကပ်ပြီးတော့ ခွင့်တောင်းတယ်။ ဘုရားဖူး ပါရစေ။ ဟော့ ဘာဖြစ်လို့ ဖူးချင်တာလဲ၊ အချိန်မတော်ကြီး သန်းခေါင်ကျော်နေပြီ။

ဟာ-သူ့မှာ သံသယတွေ လှောင်ထားတာ ၄၅ နှစ်ရှိပြီ။ ဒီကနေ့ နောက်ဆုံးနေ့ နောက်ဆုံးအချိန်လေးမှာ သူမေးချင်လို့ပါတဲ့။ အဲဒီမှာ အရှင် အာနန္ဒာက သူနာပြု အလုပ်အကျွေးဆိုတော့ သူက ပီပီသသ ပြတ်ပြတ်သားသား အမိန့်ရှိတယ်။

## အရှင်အာနန္ဒာရဲ့ကန့်ကွက်မှု

သုဘဒ္ဒ- သုဘဒ္ဒပရိဗိုဇ်၊ **ဘဂဝန္တံ**-ဘုရားရှင်ကိုယ်တော်မြတ်ကို၊ **ပဿိတုံ**-ဖူးမြော်ဖို့ရန်၊ **အလံနယုတ္တံ**-မသင့်တော်ဘူး တဲ့။

ပရိသတ်ရေ- ဘာပြောလဲ?

မသင့်တော်ပါဘူးတဲ့ဘုရား။

မြတ်စွာဘုရားကို ဖူးဖို့ရန် ဒီအချိန်ကြီးမှာ တော်သတဲ့လား?

မတော်ပါဘုရား။

**ဘဂဝန္တံ**-ဘုရားရှင်ကိုယ်တော်မြတ်ကို။ **ပဿိတုံ**-ဖူးမြော်ဘို့ရန်။ **နယုတ္တံ**-မသင့်တော်ဘူး။ **ဘဂဝန္တံ**-ဘုရားရှင်ကိုယ်တော်မြတ်ကို။ **ပဥှပုစ္ဆိတုံ**-ပုစ္ဆာတွေကို မေးဖို့ရန်။ **နယုတ္တံ**-မတော်ဘူး။ မေးခွန်းတွေမေးဖို့လည်း မတော်ဘူး၊ ဖူးမြော်ဖို့လည်း မတော်ဘူး။

မာတထာဂတံ၊ ဝိဟေဌေသိ-မင်းဘုရားကို ပတ်ဖို့၊ ဟိုဘက်

ဒီဘက် မေးပြီးတော့ မင်းမညှင်းဆဲနဲ့။ အရှင်အာနန္ဒာက အပြတ်ရှင်းတာနော်။

မှန်ပါဘုရား။

ဘုရားကို ဒီအချိန်မှာ သွားမေးတာ မင်းညှင်းဆဲတာပဲကွ။ ညှင်းဆဲ မနေနဲ့ ဘုရားကလည်း သိပ်ပင်ပန်းနေတယ်။ ပါဝါကနေ မနက် စုန္ဒအိမ်က ဆွမ်းစားပြီးတော့ ကုသိနာရုံကို လာခဲ့တာ ၉ မိုင်ခရီး ၂၅ ခါတောင် နားရတာ။ ဘာဖြစ်လို့လဲ ဆိုတော့ သွေးဝမ်းတွေ သွားနေတယ်။

အဲဒီတော့ ဝမ်းတော်လားတဲ့ရောဂါ ပြင်းထန်စွာ ဖြစ်နေတဲ့ ဘုရား။ သန်းခေါင်ယာမ် လျောင်းနေတာ ဖူးချင်တယ်၊ မေးချင်တယ် ဆိုတော့ ဒါ ညှင်းဆဲသလိုဖြစ်မယ်ပေါ့။ မတော်ဘူးကွာ။ ငါ မင်းကို တွေ့မပေးနိုင်ဘူး။ အပြန်အလှန်ငြင်းခုံနေတာ ပရိသတ်ရေ- သုံးကြိမ်။

အဲဒီတော့ မြတ်စွာဘုရားက ကြားသွားတယ်။ ဟာ ဖူးချင်တယ်၊ မရဘူး။ မေးချင်တယ်၊ မမေးရဘူး။ ခွင့်မပေးဘူး အရှင်အာနန္ဒာနဲ့ အချီအချ ဘယ်သူများလည်းလို့ မြတ်စွာဘုရား ကြည့်လိုက်တော့ ပရိသတ်ရေ- ဘယ်သူများလဲ?

သုဘဒ္ဒ ပါဘုရား။

ဘယ်နှစ်နှစ်ကြာပြီလဲ ဒီမေးခွန်းမေးမလို့ မျိုထားတာ?

၄၅ နှစ် ပါဘုရား။

ဘုန်းကြီးတို့ ပရိသတ်ရော ဝမ်းခေါင်းထဲမှာ အဲဒီလိုမျိုထားတဲ့ ဝိစိကိစ္ဆာတွေ၊ မိစ္ဆာဒိဋ္ဌိတွေ နှစ်ပေါင်း ဘယ်လောက် ရှိပြီလဲ? သံသရာနဲ့ ချီပြီးတော့ ရှိမယ် ဟုတ်လား?

## ဘုရားရှင်ဆင်ခြင် အကျိုးရှိတာကိုမြင်ပြီ

အဲဒီတော့ မြတ်စွာဘုရားက ကြည့်တော်မူပြီး မြင်တော်မူတော့ ဒီ သုဘဒ္ဒမေးတဲ့မေးခွန်းက အကျိုးရှိလား၊ အကျိုးမဲ့လားလို့ ဘုရား ဆင်ခြင်ကြည့်တော့ အကျိုးရှိမယ်တဲ့။ ဘယ်လောက်ထိ အကျိုးရှိမလဲဆိုတော့-

**အယံ သုဘဒ္ဒေါ ပရိဗ္ဗာဇကော မယှံ ပစ္ဆိမော ပကတိသာဝကော ဘဝိဿတိ။**

ဟောဒီ သုဘဒ္ဒ ပရိဗိုဇ်သည် ငါဘုရားရှင်ရဲ့ နောက်ဆုံးသာဝက၊ နောက်ဆုံးရဟန္တာဖြစ်လိမ့်မယ်။ ဘာဖြစ်မလဲ?

နောက်ဆုံးရဟန္တာပါဘုရား။

ပါဠိတစ်လုံးလေး မှတ်ထားရမှာက **ပစ္ဆိမ ပကတိသာဝက** ဘယ်လို ပြော?

**ပစ္ဆိမ ပကတိ သာဝက** ပါဘုရား။

ဟာ-နောက်ဆုံးရဟန္တာဖြစ်မဲ့ ပုဂ္ဂိုလ်တဲ့၊ ကဆုန်လပြည့်နေ့ရဲ့ သန်းခေါင်ကျော်မှာ အဲဒါကို မြတ်စွာဘုရားရှင် မြင်တော်မူတော့ ပထမဆုံး ရဟန်းကို ဦးဦးဖျားဖျား ချီးမြှောက်သလိုပါပဲ နောက်ဆုံး ရဟန်း တစ်ယောက်လည်း ဘုရားက ချီးမြှောက်မှာ။

ပထမဆုံး ဦးဦးဖျားဖျား ရဟန်းက ဘယ်သူလဲဆိုရင် အရှင်ကောဏ္ဍည။ နောက်ဆုံးဟောဒီမှာ သုဘဒ္ဒ ရဟန်းက ရဟန္တာဖြစ်အုံးမယ်။ အရှင် အာနန္ဒာတားတဲ့အတိုင်း အခွင့်မပေးဘူး ဆိုရင်တော့ နောက်ဆုံး ရဟန္တာတစ်ယောက်လွဲသွားမှာပေါ့။ ဒီတော့-

**မာဟေဝခေါ်အာနန္ဒ အာမန္တေသိ**

ချစ်သား အာနန္ဒာ ဒီလိုမပြောနဲ့။ အခွင့်ပေးလိုက်။ ဘုရားက ခွင့်ပြုပြီ။ သုဘဒ္ဒ ဘုရားရှေ့တော်မှောက် ရောက်ပြီ။ ဟာ ခြေဖဝါးလေး

နှစ်ဖက်၊ ခြေ မျက်စိလေးနှစ်ဖက်ဆုပ်ဆုပ်ပြီးတော့ ခြေဖမိုး နဖူးလေးနဲ့ တိုက်တိုက်ပြီးတော့ နောက်ဆုံးအချိန်ပိုင်းလေးမှာ သူရှိခိုးခွင့်ရတယ်။ သန်းခေါင်ကျော်နေပြီ-နော်။ လင်းအားကြီးဆိုတဲ့ ၃ နာရီခွဲ ၄ နာရီလောက်မှာ ဘုရားပရိနိဗ္ဗာန် ပြုမယ်။

အဲဒီတော့ ဘုရားကို သူမှီတာ နာရီပိုင်းလေးပဲမှီတယ်။ လွဲတာက ၄၅ နှစ်။

လွဲတာ?

၄၅ နှစ် ပါဘုရား။

အခုရတဲ့အခွင့်အရေးက နာရီပိုင်း။ အဲဒီရတဲ့ နာရီပိုင်းကိုတိတိကျကျ မိမိရရ ယူပြီးတော့ အသုံးချနိုင်ရင် အဲဒါ ဘဝ ရည်ရွယ်ချက်ဟာ ပြီးပြည့်စုံမှာဘဲ။ အဲဒီတော့ အရေးကြီးနေတာက ဘာလဲလို့ဆိုတော့ အချိန်ကို တန်ဖိုးရှိရှိ သိပ်ပြီးတော့ အလုပ်လုပ်ဖို့က အရေးကြီးနေတာ။

အဲဒီတော့ ဘုန်းကြီးတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ အများစုက အချိန်ကို တန်ဖိုးလည်းမထားကြဘူး။ ရရှိထားတဲ့ အချိန်မှာ အချိန်ပြည့်လည်း အလုပ်မလုပ်ချင်ကြဘူး။

အဲဒါကြောင့်မို့ သာသနာမှာရော တိုင်းပြည်မှာရော နောက်တန်းမှာ ရောက်နေတာ အဓိက အဲဒီအကြောင်းတစ်ခု ပါတယ်။ အချိန်ဖြုန်းတာနဲ့ အလုပ်မလုပ်တာတဲ့။ အဲဒါဟာ အဓိက အကြောင်းတစ်ခုဖြစ်တယ်။

ဒီတော့ နှစ်နာရီ သုံးနာရီလောက် ရလိုက်တဲ့ အချိန်လေးမှာ သူက မြတ်စွာဘုရားကို လျှောက်တယ်။ တပည့်တော် ၄၅ နှစ် လုံးလုံး မျိုသိပ်ထားရတဲ့ ယုံမှားသံသယတွေ ရှင်းချင်လို့ မေးပါရစေ။ မေးပါရစေဆိုတော့ မေးတော့လို့ ဘုရားက ခွင့်ပေးတယ်။ အဲဒီတော့ သူ့မေးခွန်းက-

## မေးခွင့်ရလို့ မေးတဲ့အမေး

**ဘောဂေါတမ**-အိုအရှင်ဂေါတမ၊ **ဣမသ္မိံလောကသန္နိဝါသေ**-ဤ လူသားတွေနေတဲ့ ကမ္ဘာလောကမှာ၊ ဗဟု-မြောက်များစွာ ကုန်သော၊ ပုထု-မြောက်များစွာကုန်သော၊ **သမဏ ဗြဟ္မဏာ**- သမဏ ဗြဟ္မဏတို့သည်၊ **အတ္ထိ သန္တိ**-ရှိကြတယ်ဘုရား။

လောကမှာတဲ့ သမဏဗြဟ္မဏတွေ များစွာရှိတယ်ဘုရား၊ ပရိသတ်ရေ- ဘာတွေရှိတာ?

**သမဏဗြဟ္မဏ** တွေပါဘုရား။

**သမဏဗြဟ္မဏ-သမဏဗြဟ္မဏ**တွေ၊ ဗဟု-မြောက်များစွာ၊ **အတ္ထိ သန္တိ**-ရှိနေကြတယ်ဘုရား။

သူသုံးတဲ့ စကားလေးက သမဏ ရယ်၊ ဗြဟ္မဏ ရယ်။

**ကိလေသေ သမေတီတိသမဏော**-ကိလေသာကို ငြိမ်းအောင် ကျင့်တဲ့ပုဂ္ဂိုလ်ကိုသမဏခေါ်တယ်တဲ့။ ကိလေသာ ငြိမ်းအောင် ကျင့်ရင် ဘာခေါ်?

သမဏ ခေါ်ပါတယ်ဘုရား။

သီလကိုအပြည့်အစုံကျင့်-ကာယကံ ဝစီကံ ကိလေသာငြိမ်းတယ်။ ကာယကံ ဝစီကံမှာ ကျူးလွန်တဲ့ **ဝီတိက္ကမ** ကိလေသာဟာ သီလကျင့်ရင် ငြိမ်းတယ်။

သမာဓိကျင့်ကြည့်ရင်တဲ့ စိတ်ထဲမှာ၊ မနောကံ စိတ်ထဲ သောင်းကျန်းတဲ့ **ပရိယုဋ္ဌာန** ကိလေသာငြိမ်းမယ်။

-ကာယကံ၊ ဝစီကံ လွန်ကျူးတာက **ဝီတိက္ကမ**၊

-မနောကံ စိတ်ထဲမှာ သောင်းကျန်းတာက **ပရိယုဋ္ဌာန**

အဲဒီတော့ ကာယကံ၊ ဝစီကံမှာ လွန်ကျူးတဲ့ **ဝီတိက္ကမ** ကို "သီလ" နဲ့ ငြိမ်းအောင်လုပ်။ စိတ်ထဲမှာ သောင်းကျန်းနေတဲ့ **ပရိယုဋ္ဌာန**

ကို ဘာနဲ့ငြိမ်း? 'သမထ၊ သမာဓိ' နဲ့ ငြိမ်းမယ်။

အဲဒီ ကိုယ် နှုတ် စိတ် သုံးပါးမှာ ပေါ်ပေါက်လာမဲ့ သောင်းကျန်းမှုနဲ့ လွန်ကျူးမှု နှစ်ခုအတွက် ဟိုးနှလုံးသားထဲမှာ လှောင်ထားတဲ့ **အနုသယ ကိလေသာ** မျိုးစေ့ကို သတ်တာကတော့ 'ပညာ' ပဲတဲ့။ ဟုတ်လား။

အဲဒီ သီလ သမာဓိ ပညာသည် သမဏအကျင့်လို့ မှတ်ထား။ ဘယ်လိုမှတ်?

သမဏ အကျင့်ပါဘုရား။

ကိုယ် နှုတ် စိတ် သုံးပါးငြိမ်းစေတဲ့အကျင့်သည် သမဏအကျင့်။ ဒါကျင့်ရင် သမဏပဲ။

ပြဟ္မဏအတွက်လည်းပဲ တစ်ခြားကျင့်စဉ်မရှိဘူး။ ဒါပဲ။ ပြဟ္မဏပုဒ်ရဲ့ အဓိပ္ပာယ်က မကောင်းမှုကို ပယ်တဲ့ ပုဂ္ဂိုလ်တဲ့။

- ကာယကံ ဝစီကံ မကောင်းမှုကို သီလနဲ့ ပယ်တယ်။
- မနောကံအပေါ် မကောင်းမှုကို သမာဓိနဲ့ ပယ်တယ်။
- မနောကံ အတွင်းပိုင်းက မကောင်းမှုကို ပညာနဲ့ ပယ်တယ်။

အဲဒီတော့ မကောင်းမှုတွေကို ပယ်ပြီးတော့နေတဲ့ပုဂ္ဂိုလ်ကို ခေါ်မယ်- ပြဟ္မဏ ဟုတ်လား?

အဲဒီတော့ သမဏဆိုတာ ငြိမ်းချမ်းတဲ့ ပုဂ္ဂိုလ်။ ပြဟ္မဏဆိုတာက မကောင်းမှုကင်းတဲ့ သူတော်ကောင်း။ အဲဒီပုဂ္ဂိုလ်တွေ ကမ္ဘာမှာ **အများကြီး**ပဲ။ သူလည်း သမဏ၊ ငါလည်း သမဏ။ သူလည်း ပြဟ္မဏ၊ ငါလည်း ပြဟ္မဏ ထွက်ထွက်လာကြတာ၊ မြောက်များစွာ ရှိတယ်။

**ဘန္တေ-ဘန္တေ၊ ပုထု သမဏ ပြဟ္မဏ**-လောကမှာ သမဏ၊ ပြဟ္မဏ နဲ့ မြောက်များစွာရှိကြတယ် မြတ်စွာဘုရား။ အဲဒီ သမဏ ပြဟ္မဏ ခေါ်ဆိုကြတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ-ဂဏီ-ဂိုဏ်းကြီးတွေ ဖွဲ့ထား

ကြတယ်။ **သင်္ဃီ**-အစည်းအရုံးကြီးတွေ ဖွဲ့ထားတယ်။ **ဂဏော**-ဂိုဏ်းကြီး တွေ ဖွဲ့ထားတယ်။ **ဂဏာစရိယ**-ဂိုဏ်းဆရာကြီးတွေနဲ့ လုပ်နေကြ တယ်။ **သင်္ဃီဂဏော ဂဏာစရိယ**- အစည်းအရုံးလည်း တည်ထောင် တယ်၊ ဂိုဏ်းလည်းဖွဲ့ထားတယ်။ ဂိုဏ်းဆရာကြီးတွေလည်း လုပ်နေကြ တယ်။ ဂိုဏ်းဆိုတာ ပရိသတ်ရေ- အဲဒီတုန်းကတည်းက ရှိတာ-နော်။

**နတ္ထိ**-မရှိ။ မရှိဝါဒတစ်ခုကို ဖွဲ့ထားတယ်။ အစည်းအရုံးကြီး ထောင်ထားတယ်။ **အဇိတကေသကမ္ဗလ** ရဲ့ ဂိုဏ်း။

နောက်တစ်ခုက ဘာလဲ? အကိရိယ ဝါဒဂိုဏ်း။

ဘာဂိုဏ်းလဲ?

အကိရိယ ဝါဒ ဂိုဏ်း ပါဘုရား။

အကိရိယ ဆိုတာ ဘာမှ လုပ်ဖို့မလိုဘူးဆိုတာ အကိရိယဝါဒ။ ဒါနလုပ်ဖို့ မလိုဘူး။ ပစ္စည်းကုန်တာပဲရှိမယ်။ **သီလ**၊ **အဗြဟ္မစရိယ ဝေရမဏီ**- ကာမဂုဏ်ခံစားရုံပေါ့ကွာ။ ဘာလုပ်နေစရာလိုလဲ။ အဲဒီလို သမထ ဝိပဿနာ ကျင့်သုံး ပင်ပန်းရုံ ပဲ ရှိမယ်၊ ကျင့်မနေနဲ့ အဲဒီတော့ ကောင်းမှုမှန်သမျှ ဘာမှ မလုပ်နဲ့ ဆိုတဲ့ ဂိုဏ်း။

အဲဒီတော့ **သင်္ဃီနော**-အစည်းအရုံးကြီးတွေ တည်ထောင်ထား တယ်။ **ဂဏိယော**-ဂိုဏ်းကြီးတွေဖွဲ့ထားတယ်။**ဂဏာစရိယ**-ဂိုဏ်းဆရာ ကြီးတွေ လုပ်နေကြတယ်။ **ဂုဏာ**-ထင်ရှားကျော်ကြားတော်မူကြတယ်။ **ယသဿိသနော**- အခြံအရံတွေနဲ့ ရှိနေကြတယ်။ **ဒိဋ္ဌိဝါဒ**- အယူဝါဒ တွေကို တည်ထောင်ကြတယ်။ **ဗဟုနော ဇနဿ သာဓု သမ္မတော**- သူတော်ကောင်းကြီးတွေလို့ သူတို့ကို သမုတ်ကြတယ်။

**အပဉ္စေယျ သကာရ ပရိညာယျ၊**

**အပဉ္စေယျ သဗ္ဗဝိ တထာ ပဉ္စေသု။**

အဲဒီပုဂ္ဂိုလ်ကြီးတွေကို ဂိုဏ်းဆရာကြီးတွေကို သူတို့ခံယူတဲ့

နံမည်အတိုင်း သမဏ ဗြဟ္မဏ ဟုတ်ကြရဲ့လား။

ပရိသတ်ရေ- ဘာမေးတာပါလိမ့်?

သမဏ ဗြဟ္မဏ ဟုတ်ပါသလား ဘုရား။

အဲဒီဆရာကြီးတွေ ခံယူတဲ့ နာမည်အတိုင်း သမဏ ဟုတ်ကြပါရဲ့လား၊ ဗြဟ္မဏ ဟုတ်ကြပါရဲ့လားလို့၊ **ဘဂဝန္တံ**- ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကို။ **အပုစ္ဆိ**- သိလိုရေးနဲ့ မေးမြန်းရှာလေတော့သတည်း။

သာဓု. . . သာဓု. . . သာဓု ပါဘုရား။

## သဘောပေါက်သွားတဲ့ သမဏ၊ ဗြဟ္မဏရဲ့ အဓိပ္ပာယ်

သမဏ ဗြဟ္မဏ ဒါဟုတ်သလား သွားမေးတာ။ ပရိသတ်ရေ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က သန်းခေါင် ၁၂ နာရီ ဟိုဘက်ဆိုရင် တကယ်သူများအတွက်ပေးနိုင်တာ ၂ နာရီ ၃ နာရီ ထက်ပိုမှာ မဟုတ်ဘူး-နော်။ အလွန်တိုတောင်းတဲ့ အချိန်ကလေးအတွင်းမှာ ဒီသတ္တဝါတစ်ယောက်ရဲ့ ဘဝခရီးထဲက ဆွဲထုတ်ရမှာ ဒီလိုမို့လား? မှန်ပါဘုရား။

တကယ်အလုပ်လုပ်တယ်။ ဘုရားမြတ်စွာ တကယ်အလုပ်လုပ်တယ်။ ဒီတော့ မြတ်စွာဘုရားက တိုသွားအောင် မိအောင် ထိအောင် ပြောပုံက-

တိဋ္ဌတေ သုဘဒ္ဒ ပုဂ္ဂလ နာမံ။

ပုဂ္ဂိုလ်တွေရဲ့နံမည်တွေ မပြောနဲ့ကွာ- ထားလိုက်စမ်း ပရိသတ်ရေ- စကားပြောရင် သတိထား အဲဒါပဲ။ မြတ်စွာဘုရား က ပုဂ္ဂလ မိဋ္ဌာန်မပြောဘူးတဲ့။

ဒါဆို အရှင်ဘုရား ဘယ်လိုပြောမလဲ?

**ဓမ္မံသုဘဒ္ဒ ဒေသေဿာမိ။**

ဓမ္မကိုပဲ ငါပြောမယ်။

**ဓမ္မံ သုဘဒ္ဒ ဒေသေဿာမိ တံ သုဏာထ သာဓုကံ**

**မနသိ ကရောထ ဘာသေဿာမိ။**

ငါသင့်ကို ငါ့ဓမ္မအတိုင်းပြောမယ်။ အဲဒီဓမ္မကို ရိုသေစွာ ကောင်းမွန်စွာ နားထောင်ပေတော့လို့ **ဘဂဝါ**-ဘုရားရှင် ကိုယ်တော် မြတ်က၊ **အဝေါစ**- ကရုဏာ ရှေ့ရှု မိန့်ကြားတော်မူခဲ့ပါပေသတည်း။

သာဓု. . . သာဓု. . . သာဓု ပါဘုရား။

## ဓမ္မရဲ့အစိမ့်မှာယ် ပိပြင်ဖို့လိုတယ်

ဓမ္မအတိုင်းပြောမယ် ဆိုပြီးတော့ ဘုရားမြတ်စွာက-

**ယသ္မိ မေ သုဘဒ္ဒ ဓမ္မဝိနယေ၊**

**အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ န ဥပလဗ္ဘတိ**

**သမဏောပိ တတ္ထ နဥပလဗ္ဘတိ**

**ဗြဟ္မဏောပိ တတ္ထ နဥပလဗ္ဘတိ။**

သုဘဒ္ဒ ပရိဗိုဇ်- ဘာသာရေးတစ်ခု တည်ထောင်တယ်ဆိုတဲ့ ကိစ္စမှာ အဲဒီဘာသာရေး တည်ထောင်တဲ့ ပုဂ္ဂိုလ်တွေ- The founder of the religion ဒီပုဂ္ဂိုလ်တွေက ဘာသာရေးကို ဘာနဲ့တည်ထောင်ရ မှာလဲဆိုရင်တဲ့ **တကယ့်ငြိမ်းချမ်းတဲ့ ဘာသာရေးဖြစ်ချင်ရင် မဂ္ဂင်ရှစ်ပါး ကို အခြေခံပြီး တည်ဆောက်ရမယ်။** ဘယ်လိုလဲ?

မဂ္ဂင်ရှစ်ပါး အခြေခံရပါမယ် ဘုရား။

ဘာသာရေးတည်ထောင်တဲ့ ပုဂ္ဂိုလ်က သူတို့ဘာသာသည်

-ငြိမ်းချမ်းသော ဘာသာ

-သူတော်ကောင်းတွေကို မွေးထုတ်တဲ့ ဘာသာ

-သမဏ ဗြဟ္မဏ ကို မွေးထုတ်တဲ့ ဘာသာဖြစ်အောင်ကို ဘာကို အခြေခံတည်ဆောက်မလဲ?

မဂ္ဂင်ရှစ်ပါး ပါဘုရား။

မဂ္ဂင်ရှစ်ပါး နော်။

**သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ. . . . . . . . . . ဒါ ပညာပဲ။**

**သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ. . . သမာဓိမဂ္ဂင်။**

**သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ. . . . သီလမဂ္ဂင်။**

အဲဒီမဂ္ဂင်ရှစ်ပါးကို ပြန်ပြီး summarize လုပ်လိုက်ရင် သီလ၊ သမာဓိ၊ ပညာ ပဲ ရတယ်။ ဘာရလဲ?

သီလ၊ သမာဓိ၊ ပညာ ရပါတယ် ဘုရား။

## ဓမ္မပီပြင်ရင် ဓမ္မရဲ့သဘောတွေလည်း ကြည်လင်လာတယ်

**၁။ သီလသည် ကိုယ် နှုတ်ကို ငြိမ်းချမ်းစေတယ်။**

**၂။ သမာဓိ သည်စိတ်အပေါ်ယံပိုင်းကို ငြိမ်းချမ်းစေတယ်။**

**၃။ ပညာကတော့ စိတ်အတွင်းပိုင်းထိ ငြိမ်းချမ်းစေတယ်။**

အေး-အကုန်လုံး နားလည်ပြီးသားတွေပါ။ ဟုတ်လား?

-သီလဆိုတာ ကာယကံ ဝစီကံ ဖြစ်မှုတွေကို အကုန်ထိန်း ပေးတာ။

-သမာဓိကတော့ မနောကံ ဖြစ်မှုတွေကို ထိန်းပေးတာ။

-ပညာကတော့ မနောကံမှာ စွဲနေတဲ့ ကိလေသာကို ဆေး ထုတ်ပစ်လိုက်တယ်။ ဝိပဿနာ ဟုတ်လား?

မှန်လှပါဘုရား။

အဲဒီ သီလ သမာဓိပညာကို အခြေခံပြီးတော့ တည်ဆောက်ရ

တယ် တဲ့။ ဘာသာရေးတည်ဆောက်လို့ရှိရင်-

**ယသ္မိံ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော**

**အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ သမဏောပိတတ္ထ**

**ဥပလဗ္ဘတိ ဗြဟ္မဏောပိတတ္ထ ဥပလဗ္ဘတိ။**

ဟော့ သုဘဒ္ဒ ပရိဗိုဇ်- သီလ သမာဓိ ပညာ ရှိတဲ့ ဘာသာရေး မှာမှ သမဏလည်း ရှိနိုင်တယ်။ ဗြဟ္မဏလည်း ရှိနိုင်တယ်။ သီလ၊ သမာဓိ၊ ပညာ ရှိတဲ့ ဘာသာရေးမှာမှ ဘာရှိမယ်?

သမဏ ဗြဟ္မဏ ရှိနိုင်ပါမယ်ဘုရား။

## သမဏ ဗြဟ္မဏမရှိတဲ့နေရာဆိုတာက

အေး-သီလ၊ သမာဓိ၊ ပညာ ကင်းမဲ့တဲ့ ဘာသာရေးတွေမှာ- သမဏဆိုတဲ့ ပုဂ္ဂိုလ်မျိုး-

မရှိနိုင်ပါဘုရား။

ဗြဟ္မဏဆိုတဲ့ ပုဂ္ဂိုလ်ရော?

မရှိနိုင်ပါဘူးဘုရား။

အဲဒါကြောင့် အမည်ခံပဲရှိမယ်-ဟုတ်လား။ သီလ၊ သမာဓိ၊ ပညာ မပါရင် ငြိမ်းချမ်းတဲ့ ပုဂ္ဂိုလ် ပရိသတ် ဘယ်ဘာသာမှ မရှိဘူး။ သီလ သမာဓိ ပညာရှိမှပဲ သမဏဆိုတဲ့ ပုဂ္ဂိုလ် ဗြဟ္မဏဆိုတဲ့ သူတော်ကောင်းတွေရမယ်။ အဲဒီတော့ ဘာသာရေး မှတ်ကျောက်က ဒီသုံးခုပဲ။

ဘာတွေပါလိမ့်?

သီလ သမာဓိ ပညာ ပါဘုရား။

အဲဒီသုံးခုမရှိရင် ဘာသာရေးက အကာပဲ ပရိသတ်ရေ။

အဲဒါ ဗုဒ္ဓရှင်တော်ဟောတဲ့ ဓမ္မမှာ ဒီသုံးခုက အပြည့်ပဲ။

ဗုဒ္ဓဘာသာမဟုတ်တဲ့ ဘာသာရေးမှာ ကြည့်လိုက်ရင် ဘာမှန်မသိဘူး။

Believe - ယုံကြည်ပါ၏။

Worship - ကိုးကွယ်ပါ၏။

Prayer - ဆုတောင်းပါ၏။

သီလ၊ သမာဓိ၊ ပညာ ဘာမှ မပါဘူး။ ဒီသုံးချက်နဲ့ပဲ ပြီးသွားပြီ။

ဟောဒီ ဗုဒ္ဓရှင်တော်ရဲ့ ဘာသာရေးကျတော့ ဆိုကြပါစို့- သီလ-ယုံကြည်ပါ၏၊ ကိုးကွယ်ပါ၏။

ခင်ဗျားတို့ သီလ တကယ်ရရဲ့လား?

မရပါဘူးဘုရား။

## လက်တွေ့မပါတဲ့သဘောဟာ ဆားမပါတဲ့ဟင်းလို

ယုံကြည်ပါ၏၊ ကိုးကွယ်ပါ၏ ဆိုရုံနဲ့ ဘာမှ မရဘူး။ ကျင့်မှရတယ်။ သမထ-ယုံကြည်ပါ၏။ သမာဓိ-ကိုးကွယ်ပါ၏၊ ပညာ-ကိုးကွယ်ပါ၏။ပိဋကသုံးပုံရှိခိုးပါ၏။ဘာဖြစ်မှာလဲ?ဘာမှမဖြစ်ဘူး။ ဆရာဝန်ကြီး ရှိခိုးပါ၏- ရောဂါပျောက်မှာလား?

မပျောက်ပါဘူးဘုရား။

ဆရာဝန်ကြီးရေးပေးတဲ့ ဆေးညွှန်းလည်းဖတ်ပါ၏။ ရောဂါပျောက်မှာလား?

မပျောက်ပါဘူးဘုရား။

ဆေးတွေပေးလိုက်တာသိပ်ကောင်းတာပဲ။ တစ်ညလုံးသုံးကြိမ် ဆေးပုလင်းကြီး ရှိခိုးအိပ်ပါ၏၏ ဘာဖြစ်လဲ? မပျောက်ဘူး-နော်။

ဒီကနေ့ ဒါမျိုးတွေများနေတာ။ ဆရာဝန် ယုံကြည်တာလဲ မှန်တယ်။ ဆရာဝန်ရေးပေးတဲ့ ဆေးညွှန်းဖတ်တာလည်း မှန်တယ်"

နောက်ဆုံး အရေးကြီးတာက ဆေးသောက်ဖို့ အရေးကြီးတာ။

ဘာလဲ?

ဆေးသောက်ဖို့ပါဘုရား။

ခုတော့ ဆေးမသောက်ချင်ဘူး။ ဆရာဝန်ကြည့်ညိုတာနဲ့ ဆေးညွှန်း ဖတ်တာနဲ့ပြီးပြီ။ ဗုဒ္ဓဘာသာတွေ-ခု အဲဒီလိုဖြစ်နေတာ။

စစ်ကွင်းကလူတွေ အဲဒါကြည့်လုပ်။ အေး-ဆေးညွှန်းချည်း သိပ် မဖတ်နဲ့-နော်။ ဆေးနာနာဖိသောက်။

သီလ-ဆေး နာနာသောက်။ ကာယကံ ဝစီကံ ရောဂါ အကုန် ပျောက်တယ်။

သမာဓိ-ဆေး နာနာသောက်တော့ စိတ်ရောဂါတွေ ပျောက်တယ်။

ပညာ-ဆေး သောက်လိုက်တော့ ပျောက်ပြီးတဲ့ရောဂါ နောက် တစ်ဖန် ဘယ်တော့မှ ပြန်မလာဘူး၊ ဒီလိုမို့လား?

မှန်လှပါဘုရား။

အေး-ဘုန်းကြီးပြောရင် မှန်ပါဘုရားချည်းပဲ။ အလိုက်သင့် လုပ်နေကြတာပဲ။ ပြီးတော့မှ မမှန်တာ။

ကောင်းပြီ။ သုဘဒ္ဒပရိဗိုဇ်ရဲ့နောက်ဆုံးအချိန်လေးကို ဘယ်လို သုံးသွားသလဲ ဆိုတာကို အနှစ်ထုတ်ပြီးတော့ ဒီမှာ ယူသွားရမယ်။

မြတ်စွာဘုရားပြောတဲ့စကား ပြန်စစ်လိုက်တော့ သီလ၊ သမာဓိ၊ ပညာရှိတဲ့ ဘာသာ သာသနာမှာ ဘာရှိလဲ?

သမဏ ဗြဟ္မဏ ရှိပါတယ်ဘုရား။

သီလ၊ သမာဓိ၊ ပညာ ကင်းမဲ့တဲ့ ဘာသာရေးမှာ ရှိနိုင်လား?

မရှိနိုင်ပါဘူး ဘုရား။

# ငြိမ်းချမ်းကမ္ဘာပါ

ဟာ- အဲဒီတော့မှ နားလည်သွားတယ်။ ဗုဒ္ဓရှင်တော် တည်ထောင်တဲ့ ဒီဘာသာတရားဟာ တကယ့် ငြိမ်းချမ်းတဲ့ ဘာသာ၊ တကယ့် သူတော်ကောင်းတွေ နေတဲ့ ဘာသာ၊ ဘာကြောင့်လဲဆိုရင် သီလ၊ သမာဓိ၊ ပညာနဲ့ တည် ဆောက်ထားတယ်။

အဲဒီတော့ သီလ၊ သမာဓိ၊ ပညာ မပါဘဲနဲ့ ဘာသာရေး တည် ထောင်ရင်တော့ ကျုပ်တို့က ငြိမ်းချမ်းရေးပါ ဘာနဲ့ အော်နေလေပဲ။ တကယ့် ငြိမ်းချမ်းတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူးတဲ့။ ဒီကနေ့ ကမ္ဘာမှာ မြင်နေပြီပဲ ပရိသတ်ရေ-ဟုတ်လား?

အဲဒီတော့မှ သုဘဒ္ဒ ပရိဗိုဇ်က တပည့်တော်ရဲ့မေးခွန်းက ဒါပါပဲ။ အရှင်ဘုရားရဲ့သာသနာမှာ အဲဒီ သီလ၊ သမာဓိ၊ ပညာကျင့်ဖို့ တပည့်တော် ရဟန်းဝတ်ချင်တယ်-တဲ့။ ဖြစ်လာတယ်။ သန်းခေါင် ကျော်မှ သူက ရဟန်း ခံချင်တယ်။

ဘုရား ပရိနိဗ္ဗာန်စံဖို့လည်း ၂ နာရီ ၃ နာရီပဲ လိုတယ်။ အဲဒီလောက် အချိန်ကလေးမှာ သူက ဘာလဲ? ရဟန်းဝတ်ချင်တယ်။ အရှင်အာနန္ဒာ တော်တော် စိတ်ညစ်သွားမယ်။

အဲဒီတော့ မြတ်စွာဘုရားက ဟော့ သုဘဒ္ဒ ငါတို့ရဲ့ ဗုဒ္ဓ သာသနာ စည်းကမ်း တစ်ခုရှိတယ်ကွ။

ဘာလဲလို့ဆိုတော့ ဗုဒ္ဓဘာသာမဟုတ်သော တစ်ခြားဘာသာ က ပုဂ္ဂိုလ်တွေ တို့ဘာသာထဲ ဝင်ချင်တယ်ဆိုရင် ရဟန်းခံ ချင်တယ် ဆိုရင် အဲဒီ ပုဂ္ဂိုလ်ကို တကယ့် ဘာသာပြောင်းတာ သေချာလား၊ မသေချာလားဆိုတာကို သိဖို့ရန် သုံးလ အဲဒီပုဂ္ဂိုလ်ကို training ပေးပြီးတော့ လေ့ကျင့်ခန်းပေးပြီးတော့ စစ်ဆေးရမယ်တဲ့။ အဲဒီ စည်းကမ်း ရှိတယ်နော်။

ဘယ်နှစ်လ-လဲ?

သုံးလ ပါဘုရား။

သုံးလ လေ့ကျင့်ခန်းပေးပြီးတော့ တကယ့် ဘာသာပြောင်းတာ ဟုတ်မဟုတ်၊ ယုံကြည်မှုရှိမရှိ သူတို့ကို သံဃာက စစ်ဆေး၊ သံဃာက ကျေနပ်မှ သူတို့ကို ရဟန်းခံပေးတဲ့။

ဟာ-ဒီစည်းကမ်းချမှတ်ထားတာရှိတာကို သိလိုက်တော့လေ-ပရိသတ်ရေ ဘာသာရေးထဲမှာ ရောယှက်ခြင်း၊ ရှုတ်ထွေးခြင်းတွေနဲ့ ပရိသတ် ရေ ဒုက္ခ မဖြစ်တော့ဘူး။

အရှင်ဘုရားတို့ ဗုဒ္ဓဘာသာထဲ တပည့်တော် ဝင်ချင်လို့ပါ။ ရဟန်းခံပေးပါဆိုတာနဲ့ ဒို့ဘာသာထဲ ဘာသာခြား တစ်ယောက် ဝင်လာတယ်။ ဒို့မစစ်တော့ဘူးဟေ့ဆိုပြီး အူယားဖားယားလုပ်မပေးနဲ့။ အထဲဝင်နှောက်သွားရင် အဲဒါဒုက္ခဖြစ်မယ်။ အဲဒါမျိုးတွေ ဝင်နှောက်ဖူး တာတွေ သမိုင်းမှာ အများကြီးရှိတယ်။

ဒီတော့ မြတ်စွာဘုရားက ဒီလိုပြောတော့ သုဘဒ္ဒက သံဃာ ကျေနပ်အောင် ကျင့်ရမယ်ဆို ကျင့်ပါမယ်ဘုရား တဲ့။

သုံးလတွေ သုံးနှစ်တွေကျင့်နေရင် ဘုရား ပရိနိဗ္ဗာန်စံပြီးမှ သူက ဘာဖြစ်မယ် မသိဘူးနော်။ တကယ်ဖြစ်ရမှာက ဘုရားပရိနိဗ္ဗာန် မစံမီ သူ ရဟန္တာ ဖြစ်ရမှာ။

## ငြိမ်းကမ္ဘာမှ အေးချမ်းရာဆီသို့

အဲဒီတော့ ဘုရားကလည်း ပုဂ္ဂိုလ်ထူးရင်လျှော့ပေးတယ်။ သုံးလ ကျင့်ဖို့ မလိုပါဘူးကွာတဲ့။ ခုပဲ ရဟန်းဝတ်လိုက် တဲ့။ ဘုရားက ခွင့်ပြုသွားတယ်။

လူစွမ်းကောင်းတို့သည်?

အချိန်နဲ့အလုပ်ကို အခွင့်အရေးအဖြစ်ယူပါတယ်ဘုရား။

အချိန်နဲ့အလုပ်ကိုပဲ အခွင့်အရေးအဖြစ် ယူကြတယ်။ ဟုတ်လား။ အဲဒီရလိုက်တဲ့ အချိန်နဲ့အလုပ်ကို ကြီးကျယ်ခမ်းနားအောင် သူတို့ ဖန်ဆင်းကြတယ်။

ရလိုက်တဲ့အချိန်နဲ့အလုပ်ကို ဘာလုပ်ကြသလဲ?

ကြီးကျယ်ခမ်းနားအောင် ဖန်ဆင်းပါတယ်ဘုရား။

အဲဒီအချိန်နဲ့အလုပ်ကို ကြီးကျယ် ခမ်းနားအောင် လုပ်တယ်။ ဟာ-ဗုဒ္ဓ သာသနာမှာ နောက်ဆုံးဖြစ်တဲ့ ရဟန္တာဟာ ပြောလိုက်ကြဘယ်သူလဲ?

သုဘဒ္ဒ ပါဘုရား။

သုဘဒ္ဒ မထေရ်ကြီး။ ဒီကနေ့အထိ ဂုဏ်ပြုပြီးတော့ ပြောနေရတာ။ ၂ နာရီလောက်အတွင်းမှာ သူ ပြီးသွားတယ် မဟုတ်လား?

ခု-ကိုယ့်အသက်ကိုယ်ပြန်တွက်ကြတော့တဲ့။ ဒို့ဘယ်လောက်လွန်လာ ခဲ့ပြီလဲ? ဘယ်လောက်ကျန်သေးသလဲ? ကိုယ့် အချိန်လေးကိုယ်တွက်ပြီးတော့ ကျန်နေသေးတဲ့ အချိန်လေးကို အတိအကျအမိအရ ယူပြီးအလုပ်လုပ်ကြ။

စစ်ကွင်းက ပရိသတ်ရေ- အားလုံးလုပ်ကြဗျ-နော်။

## အချိန်ကောင်းဆဲ အားကုန်နွှဲပါ

မာဝေါ ခဏံ ဝိရာဓေထ ခဏာတီတာဟိ သောစရေ သကတ္တေ ဝါယမေယျာထ ခဏော ဝေါ ပတိပါတိတော။

သာဓဝေါ-နှလုံးပျော့ပြောင်း သူတော်ကောင်းအပေါင်းတို့။ ခဏံ-ရရှိတဲ့အခွင့်အရေးကို၊ မာဝိရာဓေထ-မလွဲမချော်ကြစေကုန်လင့်။

**ခဏော တီတာ**-အခွင့်အရေးကို လက်လွတ်ကျော်လွန်ကြတဲ့ ပုဂ္ဂိုလ်တို့သည်၊ **သောစရေ သောစန္တိ**-နောင်တ တဖန် ပူပန်ကြရလေကုန်၏။ **ခဏော**-အခွင့်အရေးသည်၊ **ဝေါ**- သင်တို့ရဲ့လက်တစ်ကမ်းမှာ၊ **ပတိပါတိတော**-ရင်ဆိုင်ဆိုက်ရောက်၍ နေပါပေ၏။ **သကတ္တော**-ကိုယ့်အကျိုး ကိုယ့်စီးပွား တိုးပွားမဲ့လုပ်ငန်းနဲ့၊ ပရတ္တော-သူ့အကျိုး သူ့စီးပွား တိုးပွားမဲ့လုပ်ငန်း မှန်သမျှတွေကို၊ **ဝါယမေယျာထ**-အချိန်ကောင်းဆဲ အားကုန်နှဲ့ပြီးတော့ သဲသဲမဲမဲ အားထုတ်တော်မူကြကုန်ရသတည်း။

သာဓု. . . သာဓု. . . သာဓု ပါဘုရား။

ကဲ-အားလုံး ဘုန်းကြီးတို့ ၇ နာရီခွဲမှာ စတယ်။ ၉ နာရီ တိတိမှာ ပြီးပါပြီ။ အချိန်နှင့်အလုပ်သည် လူ့အတွက် တန်ဘိုး ကြီးမားသော အခွင့်အရေးလို့ အားလုံးမှတ်သားပြီးတော့ သုဘဒ္ဒပရိဗိုဇ်ရဲ့ ကျင့်ထုံး နှလုံးမူပြီးတော့ လွန်ခဲ့တာတွေကို လွန်သွားပြီ။ ပြန်ပြီးတော့ မရတော့ဘူးနော်။ ၄၅ နှစ် သူ လွန်ခဲ့တယ်။ မရတော့ဘူး။ ရလိုက်တာ သူ ၂ နာရီလောက်ပဲ။ အဲဒီ ၂ နာရီ လောက်မှာ အလုပ်လုပ်လိုက်တာ ဟို ၄၅ နှစ်လွဲတာတွေ အကုန်ကာမိသွားတယ်။ အားလုံး ဘဝမှာ ကာမိအောင် အလုပ်လုပ်ပေးကြပါလို့ တိုက်တွန်းပါတယ်။

ကဲ အားလုံး လိုက်ဆိုကြ။

**ဣဒံမေပုညံ ဗောဓိ ဉာဏဿ ပစ္စယော ဟောတု။**

အရှင်ဘုရား၊ ဘုရားတပည့်တော်တို့၏ ဓမ္မဒါန၊ ဓမ္မပူဇာ၊ ဓမ္မသဝန၊ ဓမ္မဒေသနာ မလွန်ဆွမ်း ဆန်တော်အလှူ၊ သဒ္ဓမ္မဇောတိက သိမ်တော်ကြီးအလှူ ဤကောင်းမှုသည် ဗောဓိဉာဏ်၏ အထောက်အပံ့ ဖြစ်ပါစေသတည်း။

ဤကောင်းမှုကုသိုလ်အဖို့ကို ကြွရောက်လာသော ပရိသတ်အား အစပြု၍ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါ အနန္တတို့အား အညီအမျှ ဝေငှပါကုန်၏။ ထိုထိုများစွာ သတ္တဝါတို့သည် ဤကောင်းမှု အဖို့ကို ကြားသိကြ၍ အမျှရ၍ ဝမ်းသာကြသည် ချမ်းသာကြသည် ဖြစ်ပါစေသော်-

**အမျှဝေ**

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့
သာဓု သာဓု သာဓု ပါဘုရား။

*

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့
သာဓု သာဓု သာဓု ပါဘုရား။

*

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့
သာဓု သာဓု သာဓု ပါဘုရား။

အချိန်နှင့်အလုပ်တရားတော် ပြီးပါပြီ။



သီတဂူကြယ်တစ်ပွင့်

အရှင်ပညာနန္ဒ

ဓမ္မကထိက၊ သာသနဓဇဓမ္မာစရိယ
သီတဂူကြယ်တစ်ပွင့်ဆရာတော်

## သီတဂူအရှင်ပညာနန္ဒ (စစ်ကိုင်း)

## ဟောကြားတော်မူအပ်သော

# မသိမသာတရားတော်

ပဲခူးတိုင်း၊ စစ်ကွင်းမြို့၊ မလွန်ဆန်လှူအသင်းကြီး၏ (၂၅)နှစ်မြောက် ငွေရတု ဓမ္မသဘင်ပွဲ ဆင်ယင်ကျင်းပရာ ၁၃၆၄-ခုနှစ်၊ နှောင်းတန်ခူး လဆန်း (၃)ရက်၊ ကောင်းမြတ်တဲ့ မဟူရာညချမ်း အချိန်အခါသမယ၌ ဟောကြားချီးမြှင့်ပါသည်။

# မသိမသာ တရားတော်

## ဟောကြားရခြင်းအကြောင်းရင်း

၁၃၆၄-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၃)ရက်နေ့၊ ညချမ်းကောင်းမြတ်တဲ့ အချိန် မင်္ဂလာရှိတဲ့အချိန်မှာ ပဲခူးတိုင်း၊ စစ်ကွင်းမြို့၊ မလွန်ဆန်လျှုသင်းထောက်မှ ကြီးမှူး ဆင်ယင်ကျင်းပ ပူဇော်အပ်တဲ့ မလွန်ဆန်လျှုသင်း (၂၅)နှစ်မြောက် ငွေရတု သဘင်ပွဲတော်မှာ ဦးဇင်းရဲ့ ဒုတိယညနှုတ်ဆက် ဓမ္မသဘင်ဖြစ်ပါတယ်။

လောကမှာ လူနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ဘာပြောလဲဆိုတော့ တစ်ယောက်က အရာဝတ္ထုတစ်ခု ကြည့်ပြီးပြောတယ်၊ ငါတော့ မသိမသာဘဲကွာ၊ ဘယ်လိုပြောတုန်း?

မသိမသာပါဘုရား၊

နောက်တစ်ယောက်ကပြောတယ်၊ မင်းကသာ မသိမသာ လို့ ပြောတာ၊ ငါကတော့ သိသိသာသာလို့ထင်တာဘဲတဲ့။

ဒုတိယတစ်ယောက်က?

သိသိသာသာလို့ထင်ပါတယ်ဘုရား . . .

ပထမလူက ? . . .

မသိမသာပါဘုရား . . .

ဒါဆိုရင် ဘာဖြစ်လို့ မသိတာတုန်း? ဘာကြောင့် မသာဖြစ်တာတုန်း ? ဘာဖြစ်လို့ သိလို့၊ ဘာကြောင့် သာယာတာတုန်းဆိုတာ

တွေကို ဒီ အကြောင်းအရာတွေကို ဒီနေ့ည ဦးဇင်းတို့ ဒီပဟေဠိကို အဖြေညှိပေးကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ည ဟောနာကြည်ညိုကြရမဲ့ တရားရဲ့အမည်ကို ပရိသတ်ကြီးအားလုံးမှတ်ကြရအောင် **"မသိမသာ တရားတော်"**လို့

ဘာတရားလဲ ?

မသိမသာတရားတော်ပါဘုရား၊

ဟို ရပ်ထဲရွာထဲက မသာ, မသာဆိုတဲ့ စကားလေးတစ်ခွန်း ပေါ့နော်၊ မနေ့ညက ဦးဇင်းတို့ တရားဟောရင်းနဲ့ နဲနဲ ရုတ်ရုတ်သဲသဲလေး ဖြစ်တော့ မနက်ကျတော့ သတင်းကြားတယ်။

ဟိုတစ်အိမ်က ရန်ကုန်မှာသွားပြီး ဆေးကုရင်းနဲ့ လမ်းမှာဆုံးပြီးတော့ လူတစ်ယောက်ကွယ်လွန်သွားတယ်၊ အဲဒီလူ ရဲ့နံမည်ကို ခု-မခေါ်ကြတော့ဘူး၊ ဘယ်လိုပြောတုန်းဆိုတော့ ဒါ အသုဘဘဲ၊ ဒါ မသာဘဲတဲ့၊ မပြောကြဘူးလား ?

ပြောပါတယ်ဘုရား၊

ဒါဆိုရင် မသာ, မသာဆိုတဲ့ စကားဘာကြောင့်ဖြစ်လဲ?

မနေ့ညကဘဲ ညနေထိ သူ့နာမည် ခေါ်လို့ရသေးတယ်၊ ညချမ်းရောက် လမ်းတစ်ဝက်မှာ သူအသက်ဆုံးရှုံးရတယ်၊ ခု-ကျတော့ မနက်ကျတော့ သူ့နာမည်ကို ညနေကလို မခေါ်ကြတော့ဘူး၊

ဟိုအိမ်မှာ မသာရှိတယ်၊ ဘယ်နေ့ချမှာတဲ့၊ ဒါ -အသုဘဘဲ, ဒါ မသာဘဲလို့ နံမည်အရင်းတွေပျောက်ပြီး သူ့ကို မသာ, မသာနဲ့ ပြောကြတယ်။

ဒါဆိုရင် လောကစကား ဘာကြောင့် မသာဖြစ်တာလဲလို့ဆိုရင် မသိလို့ မသာဖြစ်တာ၊ ဘာဖြစ်လို့?

မသိလို့ မသာဖြစ်တာပါဘုရား၊

ဒါဆိုရင် ဘာတွေမသိတာလဲဆိုတဲ့ ပဟေဠိကို ဒီတရားဒေသနာကို ဟောရင်း နာရင်းနဲ့ မနောတွင်းမှာ သဘောရှင်းပါလိမ့်မယ်၊

နောက်တစ်ခါ စကားတစ်ခွန်းက ဘာတုန်း?

သိသိသာသာပါဘုရား၊

သာသာယာယာဘဝတဲ့၊ သာယာတဲ့ အိမ်ထောင်ကြီးတဲ့၊ အဲဒီ သာသာယာယာဘဝတွေကို ဘယ်လိုသတ်မှတ်ရတုန်းဆိုတော့ သားနဲ့ သမီးနဲ့၊ ဆွေနဲ့မျိုးနဲ့၊ စည်းစိမ်ဥစ္စာရတနာနဲ့ ဘဝ ပြည့်ပြည့်စုံစုံနေရရင် အဲဒီလိုနေရတဲ့ဘဝကို ဘယ်လိုပြောတုန်းဆိုတော့ သာယာတဲ့ဘဝလို့ မပြောဘူးလား?

ပြောပါတယ်ဘုရား၊

တကယ်ဉာဏ်နဲ့ သိနေတဲ့ ပုဂ္ဂိုလ်က အို၊ နာ၊ သေရှိတဲ့နေရာဆိုရင် ဘယ်တော့မှ သာသာယာယာ မဟုတ်ဘူးတဲ့ . . . နော်။

အေး - သာသာယာယာဘဝဆိုတာ အို၊ နာ၊ သေမရှိတဲ့ဘဝမှ သာယာတဲ့ဘဝလို့ခေါ်တယ်၊ သာယာတဲ့လမ်းလို့ ခေါ်တယ်။

အဲဒီလို သာယာတဲ့ဘဝကို ဘယ်သူတွေ ရောက်တုန်းဆိုတော့ သိသူတွေရောက်ကြတယ်၊ ဘာတွေသိလို့ သာယာတဲ့ဘဝကို ရောက်သလဲ ဆိုတဲ့ ပဟေဠိကို ဒီတရားဒေသနာဖြင့် အဖြေညှိကြည့်ရအောင်၊

ပရိသတ်ရေ တရားနံမည်က ဘာတဲ့တုန်း ?

မသိမသာတရားတော်၊

ပြော - ဘာတရား ?

မသိမသာတရားတော်ပါဘုရား။

## ဗုဒ္ဓပဏာမ ပူဇော်ကြ

ထို တရားဒေသနာတော် မဟောခင် မနာကြားကြသေးခင် ထို တရားတော်ကို ဟောတော်မူသည့် မြတ်စွာဘုရားရှင်ကို အရင် အာရုံပြုပြီးတော့ ရှိခိုးပူဇော်ကန်တော့ကြရအောင် . . .

**ယော ဇိနော အနေက ဇာတိယံ**

**သပုတ္တဒါရ မင်္ဂဇီဝိတမ္ပိ ဗောဓိပေမတော။**

**အလဂ္ဂမာနသော အဒါသိယေဝ အတ္ထိကသ္သ။**

**ဒါနပါရမိံ၊ တတောပရံ အပူရိ သီလပါရမာဒိကမ္ပိ။**

**တာသ မိဒ္ဓိယာ ပယာတ မဂ္ဂတံ၊**

**တ မေက ဒီပကံ နမာမ။**

**ယောဇိနော** - ငါးပါးမာန်ညွန့် ရန်အဝန့်ကို မရွံ့မထိတ် ခြသေ့် စိတ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အကြင် အောင်တော်မူ မြတ်စွာဘုရားသည်၊ **အနေကဇာတိယံ**-တစ်နှစ်သုံး လေး ဂဏန်းရေး၍ ချင့်တွေးမလွယ် များကြွယ်လှစွာ ဘဝါဘဝ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလအတွင်း၌၊ **ဗောဓိပေမ တော** - ဗောဓိဉာဏ်ကြီး ရှယ်တိုင်းပြီးသည့် ထွဋ်ထီးဗိမာန် သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရရန်စိတ်ထားလိုလားတောင့်တတော်မူခြင်းကြောင့်။

**သပုတ္တဒါရံ** - ကိုယ်တော့်ရင်သွေး အသက်ပေး၍ ချစ်ရေး ဖြာစည် သည်းပွတ်နှင့်ပမာမှီရသည့် ဇာလီ၊ ဂဏှာဇိန် တို့ကဲ့သို့သော သမီးသား၊ မဒ္ဒီဒေဝီကဲ့သို့သော ဇနီးမိဖုရားနှင့်တကွသော၊ **အင်္ဂဇီဝိတမ္ပိ** - မဟာသွေး မဟာရည် ရာဇရုပ်အင်္ဂါညီ၍ ဖြိုးစည်သပ္ပါယ် ကိုယ်အင်္ဂါ ကြီးငယ်နှင့်တကွ လူဝယ်အမြတ်ခေါ်မှတ်တွင်ပြောင်း အသက် တစ်ချောင်းကိုပင်သော်လည်း၊ **အလဂ္ဂမာနသော** - ငါ့သား၊ ငါ့သမီး၊ ငါ့ဇနီးကား ငါ့ထီး၊ ငါ့နန်း၊ ငါ့ကြငှန်းတည်း၊ ငါ့သန်းရံရွှေ ငါ့ရွှေငွေက

ငါ့မြေ ငါ့ယာ ငါ့ဥစ္စာဟု တဏှာ မြေးယှက် မပေးရက်သည့် ရမ္မက် ပိတ်ဖုံး စိတ်နှလုံးမှ ဆိတ်သုဉ်းတော်မူခဲ့သည်ဖြစ်၍၊ **အတ္ထိကာဿ** - အလိုရှိလတ် လာချဉ်းကပ်သည့် ယုတ်လတ်မဟူ အလှူခံပုဂ္ဂိုလ်များထိုထိုအား၊ **အဒါသိယေ၀**-သဗ္ဗညုတ ဉာဏ်ရဖို့ရန်ဟု စိတ်သန်ရှေ့ပြေး သဒ္ဓါရေးရှု လှူပေးတော်မူခဲ့သည်သာလျှင်တည်း။

**ဒါနပါရမီ** - အပြားသုံးလီ ဒါနပါရမီတော်မြတ်ကို လည်းကောင်း (ဝါ) ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ တည်းဟူသော ပါရမီတော် မြတ်အပေါင်းကိုလည်းကောင်း၊ **တတောပရံ**- ထိုဒါနပါရမီတော်မှ တစ်မျိုးတစ်စား တစ်ပါးသာလျှင် ဖြစ်သော၊ **သီလပါရမာဒိကမ္ပိ** - သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝိရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီတော်မြတ်အပေါင်းကိုလည်းကောင်း၊ **အပူရိ**-သဗ္ဗညုတဉာဏ်ရဖို့ရန်ဟု စိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူး ဖြည့်ကျင့်တော်မူခဲ့လေပြီ။

**တာသံ** - ထိုပါရမီဆယ်ပြား အကျယ်ပွားကာ အပြားသုံးဆယ်၊ နှုန်းမလွယ်တို့၏။ **ကူဠိယာ**-တစ်စွန်းတစ်စမကျန် ရအောင်လောက်ငှကုံလုံ ပြည့်စုံတော်မူခြင်းကြောင့်၊ **အဂ္ဂတံ** - ပြဟ္မာနတ်လူသုံးဘုံသူတွင် မည်သူနှင့်မျှ မယှဉ်အပ်၊ မယှဉ်နိုင်သည့် အမြတ်ခေါင်မျှုးပုဂ္ဂိုလ်ထူး၏အဖြစ်သို့ **ဥပယာတံ**-ဆုကြီးပွင့်စည် ခါတန်ပြီဟု ပါရမီတော်နှီးပင့်ဆော်၍ ရောက်တော် မူပြီးထသော (ဝါ) ရောက်တော်မူပြီးသောကြောင့်။

**ကောဒီပက်**-အစမထင် ကမ်းမမြင်ဘဲ သံသရာတစ်ကြောတစ်မျောတည်း မျောခဲ့သည့် လူရောနတ်ပါ ပြဟ္မာမကြွင်း သတ္တဝါခပင်းတို့၏ ဝပ်စင်း ခိုကပ်မှီးရသည့် တစ်ခုတည်းသော ကိုင်းကျွန်းကြီး

သဖွယ်လည်း ဖြစ်တော် မူပေထသော။

**တံဇိန်** - ငါးပါးမာန်ညွှန့်ရန်အဝှန့်ကို မရှိ့မထိတ် ခြသေ့်စိတ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ ထို အောင်တော်မူ မြတ်စွာဘုရားကို။

**အဟံ**- ကမ္ဘာနှင့်မြန်မာက သိကြသည့် သာသနာ့ အာဇာနည် ကမ္ဘာတစ်လွှားမှာ သီတဂူဆရာတော်ဘုရားရယ်လို့ ကျော်ကြားပါ သည့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မ ကထိက ဗဟုဇန ဟိတဓရ ဘွဲ့တံဆိပ်တော် တို့ကို နိုင်ငံတော်အစိုးရမှ ခပ်နှိပ်ကာ ပူဇော်ခြင်းကို ခံရပါသော မြန်မာတွင်မက ကမ္ဘာမှာပါ ကျော်ကြားပါသည့် သဲကုန်း သပိတ်အိုင် သီတဂူဆရာတော်ဘုရားကြီး ၏ ထံတော်ပါး၌ ထိုဆရာတော်ဘုရားကြီး၏ ဟောနည်းပညာကို သင်ယူ၍ ဟောပြောလျှက်ရှိပါသော ဘုရား တပည့်တော်သည်။

**မယံ** - တရားဟောပုဂ္ဂိုလ်၊ တရားနာပုဂ္ဂိုလ်ဆိုကြကုန်သော ထိုထို များစွာ ငါးခန္ဓာကို ခေါ်ဆိုသမုတ် အကျွန်ုပ်တို့သည် **နမာမ**- ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပြော့မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုး၍ ရှိခိုး ဦးညွှတ်ကြပါကုန်၏ မြတ်စွာဘုရား . . .

သာဓု . . . သာဓု . . . သာဓုပါဘုရား

### အနန္တဂုဏ် ရွတ်ပွားထုံး

ဆိုလိုက် -

ဗုဒ္ဓဂုဏ်တော်၊ မှန်းကာမျှော်၊ ပူဇော်ပါ၏အရှင်ဘုရား။

ဓမ္မဂုဏ်တော်၊ မှန်းကာမျှော်၊ ပူဇော်ပါ၏အရှင်ဘုရား။

သံဃဂုဏ်တော်၊ မှန်းကာမျှော်၊ ပူဇော်ပါ၏အရှင်ဘုရား။

**မိဘဂုဏ်တော်၊ မှန်းကာမျှော်၊ ပူဇော်ပါ၏အရှင်ဘုရား။**

**ဆရာ့ဂုဏ်တော်၊ မှန်းကာမျှော်၊ ပူဇော်ပါ၏အရှင်ဘုရား။**

မိမိတို့ လိုလားမျှတတဲ့ ကြိယာပုတ် ကောင်းစွာထားလို့ တိတ်ဆိတ် ငြိမ်သက်စွာဖြင့် တရားမေမ္မများ နာကြားလို့ ဘာဝနာမယ ကုသိုလ်ထူးများကို ရယူပူဇော်နိုင်ကြပါပြီ။

မသိမသာတရားတော်၊ ဘာတရားတော် ?

မသိမသာတရားတော်ပါဘုရား၊

## ဤတရားရဲ့အစသန္ဓေ

မြတ်စွာဘုရားရှင် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတော့ ဘုရားထံ ဘယ်သူရောက်လာလဲ ဆိုတော့ ကောသလတိုင်းကြီးကို အုပ်ချုပ်တဲ့ ကောသလဘုရင်ကြီးရောက်လာ တယ်၊ ဘယ်သူ ရောက်လာ?

ကောသလဘုရင်ကြီးပါဘုရား။

ကောသလဘုရင်ကြီး ဘုရားထံရောက်လာ၊ ဘုရားမြတ်စွာကို သူလျှောက်တယ်။ မြတ်စွာဘုရား တပည့်တော် ကောသလဘုရင်ကြီး ပါတဲ့၊ ဘုရင်ဆိုတဲ့အတိုင်းဘဲ တပည့်တော် ဗဟုကိစ္စ ဗဟုကရဏီယ အလုပ်တွေ သိပ်များတာဘဲတဲ့။

**ဗဟုကိစ္စတ္ထိ မယံဘန္တေ ဗဟုကရဏီယတ္ထိ . . .**

**ဗဟုကိစ္စာ မယံဘန္တေ ဗဟုကရဏီယာ**

အရှင်ဘုရား တပည့်တော် တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်တဲ့ ပုဂ္ဂိုလ်မို့ ကိစ္စတွေများလိုက်တာဘုရား၊ ပြုလုပ်ဖွယ်တွေလည်း များလိုက် တာ၊ ဒါပေမဲ့ ပြုလုပ်ဖွယ်တွေများ ကိစ္စတွေများတဲ့ကြားထဲက နေပြီး တော့ ခု ဘုရားထံ အချိန်ယူပြီးတော့လာတာ။ အချိန်ကြာကြာကြီး

တော့ မနေနိုင်ဘူးတဲ့၊ လာတဲ့အကြောင်းက တခြားမဟုတ်ဘူးဘုရား တဲ့၊ တရားနာဘို့ရောက်လာတာတဲ့၊ ပြော-ဘာလုပ်လာ?

တရားနာဘို့ပါဘုရား၊

**သံခိတ္တေန မမ္ဘံ ဒေသေတု၊**

အရှင်ဘုရား တရားတိုတိုလေးတစ်ပုဒ်ဟောပါဘုရားတဲ့။

ဘုရင်က ဘယ်လိုလျှောက်တုန်း?

တရားတိုတိုလေးဟောပါဘုရား။

ဘယ်လိုလျှောက်တုန်း?

တရားတိုတိုလေးဟောပါဘုရား။

အမလေး - အဆင်ပြေလိုက်တာ၊ ခု-ဦးဇင်းက တရားဟောပြီး ရန်ကုန်ပြန်မှာမို့ တရားတိုတိုလေးဆိုလည်း တိုလိုက်ရုံပါဘဲဗျာ -

အရှင်ဘုရား တရားတိုတိုလေးတစ်ပုဒ် ဟောပါဘုရား ဆို တော့ ဘုရားမြတ်စွာကပြောတယ်၊ ဘယ်လောက်ထိတိုအောင် ငါ ဟောရမှာလဲ?

အရှင်ဘုရား ဟတ္ထိ ပဒ ဒေသနာ ပေါ့ဘုရားတဲ့

ဟတ္ထိဆိုတာ - ဆင်

ပဒ ဆိုတာ - ခြေရာ

ပရိသတ်ရေ - နှစ်ခုပေါင်း?

ဆင်ခြေရာပါဘုရား၊

ဟတ္ထိ ပဒ ဒေသနာ၊ အရှင်ဘုရား ဆင်ခြေရာလိုပေါ့တဲ့။

သတ္တဝါတွေရဲ့ ခြေရာတွေထဲမှာ ဆင်ခြေရာက အကြီးဆုံးဘဲ၊ ကြီးမားတဲ့ အဲဒီဆင်ခြေရာထဲမှာ ကျွဲ၊ နွား၊ ဆိတ်၊ သိုး တို့ရဲ့ခြေရာ ထပ်နင်းလို့ရှိရင် အဲဒီ ကျွဲ၊ နွား၊ ဆိတ်၊ သိုးတို့ရဲ့ခြေရာက ဆင်ခြေရာရဲ့ အပြင်ဘက်ကို မထွက်ဘူးတဲ့၊ ထွက်သလား?

မထွက်ပါဘုရား။ ဘဝတံခွန်စာပေ

အဲဒီတော့ အရှင်ဘုရား၊ အဲဒီလိုပါဘဲ၊ ဆင်ခြေရာရဲ့ အပြင်ဘက် မထွက်သလို အကုန်လုံးအကျုံးဝင်သလို အရှင်ဘုရား နှုတ်တော်က ထုတ်ဖော်လိုက်တဲ့ စကားကလေ ဆင်ခြေရာလို တစ်ခွန်းထဲဖြစ်ပါစေ၊ အဲဒီဆင်ခြေရာလို တစ်ခွန်းထဲသောစကားမှာ အရှင်ဘုရား သီလ၊ သမာဓိ၊ ပညာတွေ အကုန်လုံး ပါပါစေဘုရား -

အရှင်ဘုရား ဟောလိုက်သမျှ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်က အဲဒီတစ်ခွန်းထဲသောစကားထဲမှာ အကုန်လုံး ခြုံမိပါစေ ဘုရား။

## အခြုံငုံဆုံးတရား ခြုံငုံသွား

ကောသလအလျှောက်ကောင်းလိုက်တာ၊ တရားလဲတိုရမယ်၊ တိုလိုက်တဲ့တရားထဲမှာ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်း လေးထောင်အကုန်ပါရမယ်တဲ့၊ အရှင်ဘုရား အဲဒီလိုအကုန်လုံးကိုခြုံမိတဲ့ တရားတစ်ခွန်းကို ဟောပါဆိုတော့ ဘုရားရှင် ဟောပြလိုက်တယ်။

**အပ္ပမာဒေန သမ္ပာဒေထ။**

**မဟာရာဇ** - သမ္ပုတိနတ် အိုမင်းမြတ်၊ **အပ္ပမာဒေန** - မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့်၊ **သဗ္ဗကိစ္စာနိ**- အလုံးစုံသော ပြုဖွယ်ကိစ္စ မှန်သမျှတွေကို၊ **သမ္ပာဒေဟိ**-ပြည့်စုံအောင် လုပ်လိုက်စမ်းပါ။

မင်းကြီး၊ အပ္ပမာဒနဲ့ နေတဲ့၊ ပြော-ဘာနဲ့နေ?

အပ္ပမာဒနဲ့ နေရမယ်ပါဘုရား။

အပ္ပမာဒ-ဆိုတာ ဘုရားမှန်းသိတာ၊တရားမှန်းသိတာ၊ သံဃာမှန်း သိတာ၊ ကုသိုလ်ပြုရမှန်းသိနေတာ၊ ပရိသတ်ရေ- အသိနဲ့နေလို့ ပြောတာ၊ ဘာနဲ့နေ ?

အသိနဲ့နေပါဘုရား။

သိနေရင် သူ့ဘ၀သာယာမှာပေ့ါ၊ ဟုတ်လား?

မှန်ပါ့ဘုရား။

အဲဒီတော့မင်းကြီး၊ အပ္ပမာဒနဲ့နေဆိုတော့ ရှင်ဘုရင်ကြီး တရားဟောမှန်းမသိလိုက်ဘူး၊ ဘုရားမြတ်စွာကို သူလျှောက်ပြန် တယ်။ မြတ်စွာဘုရား တရားဟောပါဘုရား-

ဘုရားကဟောပြီးနေပြီ။ သူက ဟောမှန်းမသိဘူး၊ သိလား?

မသိပါဘူးဘုရား . . .

တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်တဲ့ ဘုရင်တစ်ဆူလုပ်နေပြီး ဒီလောက် နုံတာ၊ အ-တာ မတွေ့ဘူးပါဘူးဗျာ-

**အပ္ပမာဒေန သမ္ပာဒေထ**

ဘုရားက ဒုတိယအကြိမ်ဟောပြန်တယ်။

**မဟာရာဇ** - သမ္ဗုတိနတ် အိုမင်းမြတ်၊ **အပ္ပမာဒေန** - မမေ့ မလျော့ မပေ့ါမဆသော သတိတရားဖြင့်၊ **သဗ္ဗကိစ္စာနိ**- အလုံးစုံသော ပြုဖွယ်ကိစ္စ မှန်သမျှတွေကို၊ **သမ္ပာဒေထ**-ပြည့်စုံအောင် လုပ်လိုက် စမ်းပါ။

ပရိသတ်ရေ - ဒုတိယအကြိမ် တရားဟောတယ်။ ရှင်ဘုရင် က တရားဟောမှန်း မသိပြန်ဘူး၊ သိလား?

မသိပါဘူးဘုရား . . .

ဒုတိယအကြိမ်ဟောတာ မသိတော့၊ တတိယအကြိမ် လျှောက်ပြန်တယ်။ အရှင်ဘုရား တရားဟောတော်မူပါဘုရား။

ဘုရားမြတ်စွာ တော်တော်သည်းခံတော်မူတာ၊ ဒါကြောင့် သဗ္ဗညုတ ဉာဏ်ရှင် ဘုရားရှင်၊ ကရုဏာသခင် ဘုရားရှင်။

သတ္တဝါတွေအပေါ်မှာ ရန်တုံ့လာရင် မေတ္တာတော်နဲ့ အနိုင် ယူ၊ သဗ္ဗညုတ ရွှေဉာဏ်တော်နဲ့အကုန်သိ၊ အရဟတ္တမဂ် စိန်သံလျက်

ဖြင့် ကိလေသာတွေ အကုန်ကင်း၊ ဘုရားမြတ်စွာဂုဏ် ကြည်ညိုလို့ မဆုံးဖြစ်ရတာ -နော်၊ ခု-ဘယ်နှစ်ကြိမ်ရှိပြီလဲ?

နှစ်ကြိမ်ပါဘုရား။

နှစ်ကြိမ်ရှိသွားပြီ၊ ခု-တရားဟောနေတာ ပရိသတ်ရေ၊ ဘုရင်ကြီးရေ၊ သိရဲ့လား?

မသိပါဘူးဘုရား။

တစ်ခါထပ်လျှောက်တယ်။ အရှင်ဘုရား တရားဟောပါ ဘုရား တဲ့၊ တရားဘဲဟောခိုင်းတော့၊ ဟဲ့-ဘုရင်ကြီး ငါဟောပြီးပြီတဲ့၊ အရှင်ဘုရား ဘယ်လိုဟောလိုက်တာလဲဘုရားဆိုတော့ -

အပ္ပမာဒနဲ့နေ - အသိနဲ့နေ၊

ဟာ- အရှင်ဘုရား တိုဆိုလည်း တိုလွန်းအားကြီးတယ်၊ ဒီလောက်တိုလွန်းတော့လည်း တပည့်တော်နားမလည်ဘူး ဘုရားတဲ့။

## သူပဲအတိုကြိုက် အနှစ်ရှည်မှ တဲ့

သူဘဲ ပရိသတ်ရေ - တိုတိုဟောခိုင်း၊ ဘုရားကတိုတို ဟောတော့လည်း သူနားမလည်ဘူးတဲ့။ အရှင်ဘုရား နဲနဲလောက် ချဲ့ဟောပါအုံး ဘုရားတဲ့။

နဲနဲချဲ့ဟောပါဆိုတော့ အဲဒီမှာ ချဲ့ပြီးတရားဟောတာ တစ်ပုဒ်ထဲ ဟောတာ နားမလည်တော့ နောက်တစ်ခါ တရား နှစ်ပုဒ် တရားနှစ်ခု၊ ပထမပြောတာက **အပ္ပမာဒ**တရား။

ဘာတရား?

**အပ္ပမာဒ** တရားပါဘုရား။

ပရိသတ်ရေ- အပ္ပမာဒကိုဗမာလိုပြောရင်အသိတရား၊ ဘာ တရား?

အသိတရားပါဘုရား။ ဗဟိုတံခွန်စာပေ

နောက်တစ်ခါ တရားတစ်ပုဒ်ထပ်ပြောတယ်။

ပမာဒ - တရား၊ ဘာတရား?

ပမာဒ တရားပါဘုရား။

အဲဒီ ပမာဒက - မသိတရား၊ ဘာတရား?

မသိတရားပါဘုရား။

ပထမတရားက -အသိတရား၊ ဒုတိယတရားက မသိတရား။

အဖြူလို့ပြရင် အမဲရှိတယ်လို့ မသိတဲ့ဘုရင်ကြီးအတွက် နောက်တစ်ခါ အမဲဆိုတာကို ပြတာနော်။

**အပ္ပမာဒေါ အမတံ ပဒံ ပမာဒေါ မစ္စုနောပဒံ**

**မဟာရာဇ** - သမ္ဗုတိနတ် အိုမင်းမြတ်၊ **အပ္ပမာဒေါ**-ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး မမေ့၊ ဘုရားမှန်းသိ၊ တရားမှန်းသိ၊ သံဃာမှန်းသိ၊ ကုသိုလ်ပြုရမှန်းသိနေတဲ့ ထိုပုဂ္ဂိုလ်အသိရှိတဲ့ ပုဂ္ဂိုလ်သည်၊ **အမတံ ပဒံ** -ဘယ်တော့မှ မသေဘူး။

အသိရှိနေတဲ့ ပုဂ္ဂိုလ်က ဘာဖြစ်တုန်း?

မသေတဲ့လမ်းကို သွားနေတာ၊

အသိရှိရင်ဘာဖြစ်လဲ?

မသေလမ်းကို သွားနေတာ။

**အပ္ပမာဒေါ** - ဘုရားမှန်းသိ၊ တရားမှန်းသိ၊ သံဃာမှန်းသိ၊ ကုသိုလ်ပြုရမှန်းသိနေတဲ့ပုဂ္ဂိုလ်သည်၊ **အမတံ ပဒံ**-မသေလမ်းကို လျှောက်နေတယ်။

မသေတဲ့လမ်းဆိုရင် သာသာယာယာလမ်းပေါ့ -နော်။ ဒါဆိုရင် သာသာယာယာလမ်းကိုဘယ်သူရောက်လဲ?

သိတဲ့သူရောက်တယ်၊

ဘာသိလဲ?

ဘုရားမှန်းသိ၊ တရားမှန်းသိ၊ သံဃာမှန်းသိ၊ ကုသိုလ်ပြုရမှန်း သိတယ်။

**ပမာဒေါ** - ဘုရားမေ့၊ တရားမေ့၊ သံဃာမေ့၊ ကုသိုလ်ပြုရမှန်း မေ့၊ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ သံဃာမှန်းမသိ၊ ကုသိုလ်ပြုရမှန်း မသိတဲ့ ထိုပုဂ္ဂိုလ်က၊ **မစ္စုနောပဒံ** - သေလမ်းကို လျှောက်နေတယ်။

ဘယ်လမ်း?

သေလမ်းပါဘုရား။

ပရိသတ်ရေ ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်း၊ ကုသိုလ်ပြုရ မှန်း မသိတဲ့ပုဂ္ဂိုလ်သည် ဘာလမ်းလဲ? သေလမ်း လျှောက်နေတာနော်၊ သေလမ်း ဆိုရင် - ၃၁ဘုံပေါ့။

လူ့ဘုံ၊ နတ်ဘုံ၊ ပြဟ္မာဘုံ၊ တိရစ္ဆာန်ဘုံ၊ ငရဲဘုံ အကုန်လုံးက ပရိသတ်ရေ၊ မသေတဲ့နေရာရှိလား?

မရှိပါဘူးဘုရား။

## အသက်ရှူရပ်မှ သေတာမဟုတ်ဘူး

ဒါကြောင့် မသိတဲ့ပုဂ္ဂိုလ်သည် သေလမ်းကို လျှောက်နေ တယ်။ သိတဲ့ပုဂ္ဂိုလ်က မသေလမ်းကို လျှောက်နေတယ်။

**အပ္ပမတ္တာနမီယန္တိ**၊

**အပ္ပမတ္တာ**-မမေ့တဲ့ပုဂ္ဂိုလ်သည်၊ **နမီယန္တိ**-ဘယ်တော့မှ မသေ ဘူးတဲ့၊ **ပမတ္တာ** - မေ့လျော့ခြင်းအားကြီးကြကုန်၏။ ထိုဘုရားမေ့၊ တရားမေ့၊ သံဃာမေ့ ကုသိုလ်ပြုရမှန်းမေ့နေတဲ့ပုဂ္ဂိုလ်အား၊ **မထာ ယတာ**-လူကသာ အသက်ရှင်နေပေမဲ့ ပရိသတ်ရေ၊ မသိတဲ့ပုဂ္ဂိုလ်ရဲ့ ဘဝဆိုတာ လူက အသက်ရှင်နေပေမဲ့ အဲဒီပုဂ္ဂိုလ်သည် လူသေဘဲ တဲ့နော်။

မသိတဲ့ပုဂ္ဂိုလ်သည် အသက်ရှင်နေသော်လည်း ဘာတဲ့တုန်း?

လူသေပါဘုရား။

အသက်ဇီဝိန်ချုပ်သွားလို့သေမှ လူသေလို့ခေါ်တာ မဟုတ်ဘူး နော်။

မှန်ပါ့ဘုရား။

အသက်ရှင်လျှက်နဲ့ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ သံဃာမှန်းမသိ၊ ကုသိုလ်ပြုရမှန်းမသိ၊ **အသိမရှိတဲ့ပုဂ္ဂိုလ်သည်** အသက်ရှင်နေပေမဲ့ ထိုပုဂ္ဂိုလ်ကို လူသေလို့ခေါ်တယ်၊ ရှင်လျှက်နဲ့ သူသေနေတယ်- နော်။

ဒါကြောင့် **ဇီဝန္တောပိ** - သူအသက်ရှင်ပေမဲ့၊ **မတာယတာ** - လူက အသက်ရှင်ပေမဲ့၊ လူသေကြီးနဲ့တူကြတော့သည်ရယ်လို့၊ **ဘဂဝါ**- ဘုရားရှင် ကိုယ်တော်မြတ်သည်၊ **အဘာသိ**-ကောင်းစွာမသွေ မိန့်ကြားတော်မူခဲ့ပါပေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

## ဇာတ်လမ်းလေးတွေ ဆင့်ကာစီကာ

ဒါဆိုရင် ယနေ့ ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတွေ ဘုရားမြတ်စွာက ကောသလဘုရင်ကြီးကို အသိတရားရယ်၊ ပြီးတော့ မသိ တရားရယ် နောက်တစ်ခါ မသာလမ်းရယ်၊ သာသာယာယာလမ်းရယ် ခွဲခြား မပြဘူးလား?

ပြပါတယ်ဘုရား

ဒါဆိုရင် ဘုရားမြတ်စွာ ခွဲခြားပြလိုက်တဲ့ ဒီဒေသနာဖြင့် ပဟေဠိ အဖြေညှိလို့ ဇာတ်လမ်းလေးတစ်ပုဒ်ကို မှတ်တမ်း ထုတ်ကြည့်ကြရအောင်။

သိ မသိ၊ သာ မသာနော်

သိလို့ သာသာယာယာ ရောက်သွားပုံ . . .၊

မသိလို့ မသာဖြစ်ပုံ . . .၊ မသာဖြစ်မဲ့အရေးတွေးပြီးတော့မှ မိတ်ကောင်းဆွေကောင်းက သိအောင်တရားဟောတော့ သာသာယာယာ ဖြစ်ပုံလေးကို အကြောင်းအရာစုံလင်စွာဖြင့် ဇာတ်လမ်းလေးဖြင့် တန်ဆာ ဆင်ပြီး သိ မသိ၊ သာ မသာ ပဟေဠိ အဖြေညှိကြည့်ရအောင်။

ဒီတရားကို ဘုရားမြတ်စွာဘယ်မှာဟောတုန်းလို့ဆိုရင် ဇေတဝန် ကျောင်းမှာ၊ ပြော - ဘယ်ကျောင်း?

ဇေတဝန်ကျောင်းပါဘုရား။

ဒါကြောင့် သံယာယနာတင် နိဒါန်းဆရာတွေက-

**ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ**

**အနာထ ပိဏ္ဍိကဿ အာရာမေ။**

**ဧကံ**-တစ်ပါးသော၊ **သမယံ**-အခါ၌၊ **ဧကံသမယံ**-အခါတစ်ပါး၌၊ **ဘဂဝါ**-ဘုန်းခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ **သာဝတ္ထိယံ**-သာဝတ္ထိမြို့ရဲ့အနီး၊ ဘယ်မြို့အနီး?

သာဝတ္ထိမြို့ရဲ့အနီးပါဘုရား၊

**သာဝတ္ထိယံ**-သာဝတ္ထိမြို့ရဲ့အနီး၌၊ **အနာထပိဏ္ဍိကဿ**-အနာထပိဏ်သူဌေး၏၊ **အာရာမေ**-စိတ်နှလုံးကို ရွှင်ပြုံးစေနိုင်ထသော၊ **ဇေတဝနေ**- ဇေတဝန်ရောင်မောင်း၊ သူဌေးကျောင်း၌၊ **ဝိဟရတိ**-လျောင်းထိုင်ရပ်သွား၊ လေးပါးဣရိယာ မျှတ ရွှင်ပြုံး သီတင်းသုံးတော်မူခဲ့ပါပေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား

ပရိသတ်ရေ ဘုရားမြတ်စွာ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတိုက်တော်မှာ ကိန်းအောင်းမွေ့လျော် စံတော်မူတဲ့ ထိုအချိန်တုန်းက မဏ္ဍလမာလာမှာ စည်းဝေးညီညာရောက်ရှိနေတဲ့ တရားနာပရိတ်သတ်ကို တရားနာခံထားပြီးတော့ ဘုရားမြတ်စွာက ဒီတရားဒေသနာကို စတင်လို့ ဟောလိုက်တယ်။

ပထမဆုံး ပရိသတ်ရေ-ကောင်းကျိုးဆိုးပြစ်ကို အရင်ပြတယ်နော်-ကောင်းကျိုး-ဆိုးပြစ်။

ကောင်းကျိုးဆိုတာ . . . . . . . . . ကုသိုလ်

ဆိုးပြစ်ဆိုတာ . . . . . . . . . . . . . အကုသိုလ်

## ကုသိုလ်ရဖို့ လက်မနှေးနဲ့

**ပုညာနံ ဘိက္ခဝေ မာဘာယိတ္ထ သုခဿေတံ**

**အဓိဝစနံ ယဒိတံ ပုညာတိ။**

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ပုညံ**-ငါဘုရားဒေသနာမှာ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဆိုတဲ့ ကုသိုလ်-ပုည၊ ဆောက်တည် ရမဲ့-သီလ၊ ပွားများအားထုတ်ရမဲ့-ဘာဝနာအစုစု၊ ပုညအစုစုကို ပြုဘို့ရန်အတွက်၊ **မာဘာယေထ**-မကြောက်နဲ့၊ မတွန့်နဲ့၊ လန့်မနေနဲ့၊ နောက်ဆုတ်ပြီးတော့ မနေနဲ့ မြန်မြန်ပြု။

ပရိသတ်ရေ၊ မကြောက်မလန့် နောက်မတွန့်ဘဲ ဘယ်လိုပြုခိုင်းလဲ? မြန်မြန်ပြုခိုင်းတယ်-နော်။

သေခြင်းတရားလို့ဆိုတာက ကွေးသောလက်မဆန့်ခင်၊ ဆန့်သော လက် မကွေးခင် ပရိသတ်ရေ၊ မသေနိုင်ဘူးလား?

သေနိုင်ပါတယ်ဘုရား။

ဒါကြောင့် ခု-ပြောပုံလေးကြည့်-နော၊ မြန်မြန်ပြုတဲ့။

**ယဒိဒံပုညံတိ သုခသောတံ၊**

**ယဒိဒံယာနိပုညာနိ**-အကြောင်းကောင်းမှုတို့မည်သည်၊ **အတ္ထိ**-ရှိပါပေ၏။ **ဧတံ**-ထိုကောင်းမှုဆိုတဲ့ ပုညသည်၊ **သုခသောတံ**-ချမ်းသာသုခ၏အမည် တစ်မျိုးဘဲတဲ့၊ ဘာရဲ့အမည် ?

ချမ်းသာသုခရဲ့အမည်ပါဘုရား။

ပရိသတ်ရေ ချမ်းသာမှုလို့ဆိုတာက အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိတဲ့ ချမ်းသာမှုကမှ တကယ့်ချမ်းသာအစစ်တဲ့နော်။

စည်းစိမ်တွေ တကယ့်ဒီရေအလားကဲ့သို့ တိုးတက်ပြီး ဘဝမှာ ပြည့်ပြည့်စုံစုံ တောက်တောက်ပပနေရပေမဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်း မကင်းဘူးဆိုရင် ပရိသတ် ချမ်းသာသလား?

မချမ်းသာပါဘူးဘုရား၊

ဟိုး လမ်းဘေး-တိုက်ကြီးက ထီးထီးမားမား၊ တိုက်ရှေ့မှာ အဝတ်စလေးတွေနဲ့ တကယ့်ကိုလှလှပပနဲ့ဆင်သထားတဲ့ အလောင်းခင်းလေးက ဆင်သထားတာ မလှဘူးလား?

အမယ်-ဒါကျတော့ သူတို့ မပြောရဲဘူးဗျ၊

အဲဒီတော့ ဘဝမှာလေ စည်းစိမ်တွေဘယ်လောက်ရှိရှိ လူတွေ အို နာ သေ ဖြစ်နေတာ ကြောက်စရာဘဲ-နော်။

မှန်ပါ့ဘုရား၊

ခု-ချမ်းသာမှုလို့ဆိုတဲ့နေရာမှာ အို၊ နာ၊ သေမရှိတဲ့ ချမ်းသာမှုကို ဘယ်သူကပေးလဲ? ပုညကပေးတယ် -နော်၊

မနေ့ညက ပြောခဲ့တယ်၊ အဲဒီပုညက မိတ်ယုတ်လား? မိတ်ကောင်းလား?

မိတ်ကောင်းပါဘုရား။

မိတ်ကောင်းနော်၊နောက်တစ်ခါသူ့ကိုပေါင်းရင် ချမ်းသာတယ်

တဲ့၊ သူ့ကိုပေါင်းရင် သာယာတယ်တဲ့၊ ဒါလေးတစ်ခု မှတ်လိုက်-နော်။

နောက်တစ်ခါ ဆင်းရဲတဲ့ပုဂ္ဂိုလ်၊ ဆင်းရဲတဲ့တရားခံကို ထုတ်ပြောအုံး ဆိုရင်-

## တရားခံက သူ ပါတဲ့ ဗျာ

ကိက္ခဝေ-ရဟန်းတော်များ အိုချစ်သားတို့၊ **အဇ္ဈတ္တိကေ**-မိမိရဲ့ အတွင်းသန္တာန်မှာ ဖြစ်ပေါ်နေတဲ့၊ **ကိလေသေ**- ကိလေသာတို့ကို၊ **အပ္ပမတ္တကောတိ**-တွေးပြီးတော့ ကိလေသာက နဲနဲလေးလို့၊ **မာမညေထ**-အထင် မသေးကြနဲ့တဲ့။

ပရိသတ်ရေ ကိုယ့်သန္တာန်မှာ ကိလေသာကနဲနဲလေးဘဲဆိုပြီး အထင်သေးသင့်လား?

မသေးသင့်ပါဘုရား၊

ကောင်းမှုမရှိရင် ထိုပုဂ္ဂိုလ် မကောင်းမှုနဲ့နေမယ်-နော်၊ လောဘနဲ့ နေမယ်၊ ဒေါသနဲ့နေမယ်၊ ရာဂနဲ့နေမယ်၊ မာနနဲ့ နေမယ်၊ မနေဘူးလား?

နေပါတယ်ဘုရား၊

အဲဒါကောင်းကျိုးမဟုတ်ဘူး ပရိသတ်ရေ၊ သူက-ဆိုးပြစ်၊ မိတ်ယုတ်၊ အဲဒီမကောင်းမှုဆိုတဲ့ မိတ်ယုတ်ကို နောက်တစ်ခါ ဥပမာ ပေးပြန်တယ်။

**ကိလေသာနာမ** - ကိလေသာအမည်သည်၊ **အဂ္ဂိသဒိသော**-မီးနဲ့ တူတယ်တဲ့၊ ဘာနဲ့တူ ?

မီးနဲ့တူပါတယ်ဘုရား၊

မီးဘာဖြစ်လို့လောင်လဲ?

လောင်စာရှိလို့လောင်တယ်။

ဘာရှိလို့?

လောင်စာရှိလို့ပါဘုရား၊

မြို့လောင်တဲ့မီးကို . . . . . . . . . . မြို့မီး

တောလောင်တဲ့မီးကို . . . . . . . တောမီး

ရွာလောင်တဲ့မီးကို . . . . . . . . . ရွာမီး

တောမီးတွေ တဟုန်းဟုန်းနဲ့ ဘာကြောင့်လောင်လဲ? သစ်ရွက်သစ်ခက် အခြောက်တွေကြောင့် လောင်တယ်၊ ဒါဆိုရင် တောမီးရဲ့လောင်စာက သစ်ရွက်သစ်ခက်။

မြို့ကိုမီးလောင်တယ်၊ ဘာကြောင့်လောင်တုန်း ? လောင်စာဆိုတဲ့ အိမ်တွေ၊ ထရံတွေ၊ သစ်တွေရှိလို့လောင်တာနော်၊ လောင်စာမရှိရင်လောင်ပါ့မလား?

မလောင်ပါဘူးဘုရား။

ဒါဆိုရင် မီးတွေ တဟုန်းဟုန်းလောင်နေပြီဆိုရင် ပရိသတ်ငြိမ်းချင်တဲ့ ပုဂ္ဂိုလ်က လောင်စာဖယ်၊ ရေဖျန်းရင် မငြိမ်းဘူးလား?

ငြိမ်းပါတယ်ဘုရား၊

## မီးမှန်သမျှ နီးလျှင် မကောင်းပါ

ခုလို နွေရာသီရောက်တော့ အပြာရောင်ဝတ်စုံဝတ်ထားတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေက စက်နဲ့လိုက်ပြီး မြို့ထဲလိုက် ကြော်ငြာတယ်၊ ပူပြင်း ခြောက်သွေ့တဲ့ နွေရာသီရောက်ပြီမို့ အိမ်တိုင်းအိမ်တိုင်း မီးချိတ်၊ မီးကတ် မီးသတ်ဘို့ အကုန်လုံး ဆောင်ရွက်ထားဘို့၊ မဆောင်ရွက်တဲ့အိမ် အရေးယူမယ် ဆိုတော့ အရေးယူခံရမှာကြောက်တော့ ဝါးလုံးလေးမှာ သံကောက်လေး၊ သံပြားလေးတပ် ကြေးနန်းနဲ့တုပ်ပြီး အိမ်ရှေ့မှာ ထောင်ပြထားတယ်။

အလွယ်တကူ ကွမ်းယာဆိုင်က ကျွတ်ကျွတ်အိတ်လေး ဝယ်လာပြီး သဲလေးကတစ်ဆုပ်၊ ခဲလေးတစ်ဆုပ်၊ ရေလေးက တစ်မှုတ် ထည့်ပြီး အိမ်ရှေ့ ဝါးလုံးလေးမှာ တန်းစီပြီးတော့ အထုတ်လေးတွေ ချည်ထားတာ၊ အဝေးက ကြည့်ရင် ဆွမ်းလောင်းဘို့၊ ဘုံဆွမ်းလောင်း ဘို့လား အောက်မေ့တယ်၊ ဘယ်ဟုတ်မလဲ-မီးငြိမ်းဘို့တဲ့။

ငြိမ်းလိုက်မဲ့ မီးကတော့ဗျာ၊ သဲကလေးကတစ်ဆုပ်၊ ခဲလေးက တစ်ဆုပ်၊ ရေလေးကတစ်မှုတ် အဲဒါဘာလုပ်ဘို့တဲ့? မီးလောင်ရင် ငြိမ်းဘို့တဲ့ နော်။

သဘာဝလောကမီးကိုတောင် အဲဒီလို သာမန်ကာလျှံကာနဲ့ ငြိမ်းသတ်ဘို့လုပ်သေးတာဆိုရင် အတွင်းကိလေသာမီး ဆိုရင် ပိုဆိုး ပြီပေါ့-နော်၊ ငြိမ်းသတ်ဘို့ လွယ်ပါ့မလား?

မလွယ်ပါဘူးဘုရား၊

သာမည ဝီရိယနဲ့ လွယ်ပါ့မလား?

မလွယ်ပါဘူးဘုရား၊

မလွယ်ဘူးနော်၊ အဲဒီတော့ ပရိသတ်များခုကြည့်၊ ဘုရား မြတ်စွာက-

မီးက ............... ကိလေသာ

လောင်စာက .......... ကာမဂုဏ်

ရေဖျန်းတယ်ဆိုတာ ........... ကုသိုလ်ရေစင်ဖျန်းရ တယ်၊ ရေမဖျန်းနိုင်ရင် ဒီမီးက ငြိမ်းပါ့မလား ?

မငြိမ်းပါဘူးဘုရား၊

## ငြိမ်းသတ်ဖို့အရေး လက်မနှေးနဲ့

ဒါကြောင့်ပရိသတ်ရေ ကာမဂုဏ်အာရုံထဲမှာ မထားဘဲနဲ့ ကိုယ့်စိတ် နှလုံးသားထဲမှာ ကောင်းမှုရေစင်တွေ သွန်းဖျန်း ဒါန၊ သီလ၊ ဘာဝနာရေစင်တွေ သွန်းဖျန်းနေရင် ဒီလောဘ၊ ဒီဒေါသ၊ ဒီရာဂ မီးတွေက အလိုလိုဘဲ ငြိမ်းသွားပါလိမ့်မယ်တဲ့ -နော်။

မငြိမ်းသတ်နိုင်ဘူးဆိုရင် သူသည် ဒုက္ခပေးမှာ၊ ဒီလောဘ၊ ဒီဒေါသ၊ ဒီရာဂတွေကို မငြိမ်းသတ်နိုင်ရင် တရားဓမ္မနဲ့ မငြိမ်းသတ်နိုင်ရင် အိုနာသေ မီးက ငြိမ်းပါ့မလား?

မငြိမ်းပါဘူးဘုရား။

သံသရာအဆက်ဆက် ပရိသတ်ရေ တဟုန်းဟုန်းတောက်လိမ့်မယ်။ ဒါကြောင့် ဒီမှာကြည့် ကောင်းကျိုးဆိုးပြစ် အကြောင်းအကျိုးတွေကို ဘုရားမြတ်စွာက ရဟန်းသံဃာပရိသတ်ကြီးကို ဟောပြောပြပြီးတော့မှ မီးလောင်ခံ သူနဲ့ မီးငြိမ်းသတ်သူနှစ်ဦးရဲ့ ဖြစ်ကြောင်းကုန်စင် အသိတရားရှိသူနဲ့ မသိတရားလွှမ်းမိုးနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဖြစ်ကြောင်းကုန်စင် နားလည်စေဘို့ဆိုပြီးတော့ ဘုရားမြတ်စွာက ဇာတ်လမ်းလေး တစ်ပုဒ်ကို မှတ်တမ်းထုတ်လိုက်တယ်။

ဟော့ ချစ်သားတို့၊ ဒီသာဝတ္ထိမှာဖြစ်တဲ့ ဇာတ်လမ်းမဟုတ်ဘူးကွ တဲ့၊ ဒါဆိုရင် မြတ်စွာဘုရား ဘယ်မှာဖြစ်တဲ့ ဇာတ်လမ်းလဲ ဘုရားဆိုတော့? ရာဇဂြိုလ်မှာဖြစ်တယ်တဲ့။

ဘယ်မှာဖြစ်လဲ?

ရာဇဂြိုလ်မှာဖြစ်ပါတယ်ဘုရား၊

## သားလေးမွေးရင် ကိုယ်ကိုတိုင် နာမည်ပေးမယ်

ပရိသတ်ရေ ဟောတာက ဇေတဝန် သာဝတ္ထိ၊ ဖြစ်တာက ရာဇဂြိုလ်မှာ၊ အဲဒီ ရာဇဂြိုလ်ဇာတ်လမ်း မှတ်တမ်းထုတ်ရင် ရာဇဂြိုလ်

ပြည့်ရှင် ဘုရင်မင်းမြတ်ကြီးမှာ သားလေးတစ်ယောက် ထွန်းပေါ်ပေါက်တယ်၊ ဘုရင့်သားဆိုတော့ ခမ်းခမ်းနားနားပေါ့။

သားလေးကိုချစ်လိုက်တာ၊ဘုရင်က အတိတ်နိမိတ်တဘောင်တွေနဲ့ သူ့သားကို နံမည်ပေးသတဲ့။ ငါ့သားကို ယှဉ်လာသမျှ အကုန်လုံး ရှုံးစေရမယ်၊ ရန်ဟူသမျှ အကုန်လုံးကို နိုင်စေရမယ်ဆိုပြီးတော့ ရန်ဟူသမျှကိုနိုင်စေဘို့ သူ့သား နံမည်ကိုရွေးလိုက်တယ်။ "အရိန္ဒမ"တဲ့။

ပြော-ဘာတဲ့တုန်း?

အရိန္ဒမပါဘုရား၊

ဘာတဲ့တုန်း?

အရိန္ဒမပါဘုရား၊

**အရိ**-ရန်သူကို၊ **ဒမေတိ**-ဆုံးမတတ်ပါပေ၏။ **ဣတိတသ္မာ**-ထို့ကြောင့်၊ **အရိန္ဒမော**-အရိန္ဒမမှရယ်လို့၊ **ဒဋ္ဌဗ္ဗံ**-မှတ်ထိုက်တယ်။

ရန်သူကို နှိမ်နင်းဆုံးမတတ်လွန်းလို့ သူ့ကိုပြောတယ်။ ဘာတဲ့တုန်း? အရိန္ဒမတဲ့-နော်။ ရန်သူကို ဆုံးမတတ်လို့ အရိန္ဒမ။

## နာမည်ပေး ရည်ရွယ်ချက်တွေ ကွာခြားနေ

အဲဒီနေ့မှာ တိုက်တိုက်ဆိုင်ဆိုင် ပုရောဟိတ်ပုဏ္ဏားက သားလေးတစ်ယောက် ဖွားမြင်တော့ ပုရောဟိတ်ပုဏ္ဏားက သူ့သားကို ရန်သူ နှိမ်နင်းဘို့မဟုတ်ဘူး။ ငါ့သားက လောဘငြိမ်း၊ ဒေါသငြိမ်း၊ သောကငြိမ်းတဲ့ ကင်းငြိမ်းချမ်းသာတဲ့ တကယ့်အေးဆေးတည်ငြိမ်တဲ့ တရားထူးတရားမြတ်နဲ့တွေ့မဲ့ သားမြတ် ရတနာ ဖြစ်ရမယ်ဆိုပြီးတော့ သူ့သားကို နံမည်ပေးတယ် "သောနက" ဘာတဲ့?

သောနကပါဘုရား။

ပရိသတ်ရေ ဘုရင့်သားက ဘယ်သူလဲ?

အရိန္ဒမပါဘုရား။

ပုရောဟိတ် ပုဏ္ဏားကြီးရဲ့သားက?

သောနကပါဘုရား။

## တူလို့ပဲ ထူးတာလား ထူးလို့ပဲ တူတာလား

အရိန္ဒမနဲ့ သောနက သူငယ်ချင်းနှစ်ယောက် လည်ပင်းဖက်ပြီး ရွှေနန်းရင်ပြင်မှာ ကစားတူ ကစားဖက်၊ သွားတူ လာဖက် တဖြည်းဖြည်းနဲ့ အရွယ်ရောက်လာတယ်။

အချိန်တန်တော့ ပညာအမွေတွေ ပေးရမယ်ဆိုပြီးတော့ ဘုရင်နဲ့ ပုရောဟိတ် ပုဏ္ဏားကြီးတို့က စဉ်းစားတယ်။ ကလေးနှစ်ယောက် ကြည့်လိုက်တော့လည်းဗျာ ဘုရင့်သား၊ ပုရောဟိတ်ပုဏ္ဏားသားလို့သာ အမည်ကွဲတယ်၊ အဆင့်ကွဲတယ်၊ အမယ်-တကယ့်ကိုဘဲ ရုပ်ချင်းတူလိုက်တာ၊ အသံချင်းတူလိုက်တာ၊ ဒါကြောင့် အဋ္ဌကထာက ထောက်ပြတယ်။

တေဥဘောပိ ဧကတောဝဝမ္ဍိတွာ ဝယပ္ပတ္တာ

ဉတ္တမရူပဓရော ရူပေန နိဗ္ဗိသေသာဟုတွာ။

တေဥဘောပိ-ထိုနှစ်ယောက်တည်းဖြစ်ကုန်သောသူတို့သည်၊ ဧက တောဝ- တစ်ပြိုင်နက်တည်းသာလျှင်၊ ဝမ္ဍိတွာ- ကြီးပွားလာကြကုန်သည်ဖြစ် ၍၊ ဝယပ္ပတ္တာ-အရွယ်သို့ရောက်ကြကုန်သည်ဖြစ်၍၊ ဉတ္တမရူပဓရောဟုတွာ-မြင့်မြတ်လွန်ကဲတဲ့ အဆင့်လည်း ရှိကုန်သည်ဖြစ်၍၊ ရူပေန-ရုပ်ဆင်းအင်္ဂါအားဖြင့်လည်း၊ နိဗ္ဗိသေသာဟုတွာ-ထူးမရှိကြလေကုန်သည်ဖြစ်၍၊

နံမည်သာကွဲတယ်၊ အဆင့်သာကွဲတယ် ပရိသတ်ရေ၊ သူတို့ နှစ်ယောက်လေ ရုပ်ချင်းလည်းတူ၊ အသံချင်းလည်းတူ၊ ဟန်ပန်ခြင်း လည်းဘဲ တူတယ်တဲ့၊ မတူဘူးလား?

တူပါတယ်ဘုရား။

ရုပ်ချင်းတူ၊ အသံချင်းတူ၊ ဟန်ပန်ချင်းလည်းတူတဲ့၊ ဒီကလေး နှစ်ယောက် အဆင့်သာကွဲတယ်။

ပန်းရဲ့သဘောနဲ့ပြောမယ်ဆိုရင် ခရေပန်းနဲ့စပယ်ပန်းလိုပါဘဲ။ စပယ်ပန်းကအနိမ့်မှာပွင့်တယ်၊ အပင်ကခပ်ငယ်ငယ်၊ ခရေက ဟိုး အပင်အမြင့်မှာ ပွင့်တယ်။

အမြင့်မှာပွင့်တာနဲ့ အနိမ့်မှာပွင့်တာ၊ အနံ့ရှိတာလည်း တူ တယ်။ လူရဲ့အကြိုက် သဘာဝချင်းလည်း တူတယ်။ ဒီကလေး နှစ်ယောက်ကလည်း ဒီလိုဘဲ တူတယ်နော်။ ခရေပန်းလေးလို၊ စံပယ် ပန်းလေးလို သူတို့တူညီကြတယ်။

တူညီတဲ့ ဒီကလေးနှစ်ယောက်ရဲ့ဘဝ တဖြည်းဖြည်းနဲ့ အရွယ် ရောက်လာတော့ ဘုရင်ကြီးနဲ့ ပုရောဟိတ်ကြီးက ငါ့သားတွေကို တက္ကသိုလ်ပြည် သွားပြီးတော့ ပညာသင်လွှတ်မယ်။

အဲဒီ တက္ကသိုလ်ပြည်က ဘယ်မှာရှိတုန်းဆိုတော့ အဲဒီ ရာဇဂြိုလ်ပြည်ကနေ ဗာရာဏသီကိုကျော်ပြီးသွားရတယ်။ ဗာရာဏသီ ကနေ ရာဇဂြိုလ်နဲ့ တက္ကသိုလ်ကြားမှာရှိတယ်။ ရာဇဂြိုလ်နဲ့ဆို ခရီး မိုင်ပေါင်း တော်တော်ဝေးတဲ့ တက္ကသိုလ်ကို ပညာသင်လွှတ်တာ။

## တက္ကသိုလ်မှာ ပညာရင်နို့ သောက်ကာစို့

တက္ကသီလံ ဂန္တွာ ဥဂ္ဂဟိတသိပ္ပါ

တက္ကသီလံ ဂန္တွာ-တက္ကသိုလ်ပြည်ကိုသွား၍၊ ဥဂ္ဂဟိတသိပ္ပါ- အတတ်ပညာတွေဆည်းပူးကြတယ်-တဲ့။

ဘဝတံခွန်စာပေ

ဘာတွေ ဆည်းပူး?

အတတ်ပညာတွေပါဘုရား။

ဒိသာပါမောက္ခဆရာကြီးထံမှာ ဒိပုရောဟိတ်ပုဏ္ဏားရဲ့သား သောနကနဲ့ ဘုရင့်သား အရိန္ဒမတို့က ဉာဏ်ပညာ ထက်မြက်သူတွေ ဆိုတော့ သင်လိုက်တာလေ တစ်ခဏချင်းပဲတတ်သွားကြတယ်။

ပညာစုံတော့ ဒီကလေးနှစ်ယောက်ပြန်မယ်ဆိုပြီး တိုင်းပြည် ပြန်လာကြတယ်။ ပြန်လာကြတော့ ရာဇဂြိုလ်ကို ပြန်လာတော့ ကြား မှာ ခရီးတစ်ထောက်နားကြတယ်။ ဘာပြည်တုန်းဆိုတော့ ဗာရာဏသီ ပြည်။

ပြော-ဘာပြည်တုန်း?

ဗာရာဏသီပြည်ပါဘုရား။

အဲဒီ ဗာရာဏသီပြည်ကြီးကို ရောက်လာတဲ့အချိန်က ညနေ နေဝင် ဆည်းဆာချိန် ရှေ့ခရီးဆက်လို့မဖြစ်ဘူး၊ လာရတဲ့ခရီးကလည်း ဝေးတော့ ဒီဥယျာဉ်ထဲမှာ ခဏနားမယ်ပေါ့လေ။ ဗာရာဏသီပြည်ကြီး ရဲ့ မြို့တံခါးဝမှာ အင်မတန် ခမ်းနားဆန်းကြယ်တဲ့ ဥယျာဉ်ကြီးတစ်ခု ရှိတယ်တဲ့။

ဘာရှိလဲ ?

ဥယျာဉ်ကြီးရှိပါတယ်ဘုရား။

**ဗာရာဏသိံ ပတွာ ရာဇုယျာနေ ဝသိတွာ ပုနဒိဝသေ**

**နဂရံ ပဝိသိံသု။**

**ဗာရာဏသိံ ပတွာ**-ဗာရာဏသီသို့ရောက်၍၊ **ရာဇုယျာနေ**- ဘုရင့်ဥယျာဉ်မှာ၊ **ဝသိတွာ**-နေထိုင်ကြ၍၊ **ပုနဒိဝသေ**- နောက်တစ်နေ့ ၌၊ **နဂရံ**-မြို့တွင်းသို့၊ **ပဝိသိံသု**-ဝင်ရောက်ခဲ့လေပြီ။

တစ်ညအိပ်တယ်၊ အိပ်ပြီးတော့ မနက်မိုးလင်းတော့ ဘယ် သွားလဲ?

မြို့တွင်းသွားတယ်။

ဘယ်မြို့တွင်းလဲ?

ဗာရာဏသီမြို့ပါဘုရား။

ပြန်ပြော - ဘာမြို့?

ဗာရာဏသီမြို့ပါဘုရား။

ဗာရာဏသီမြို့တွင်းကို သူတို့ဝင်လာကြပြီ၊ အဲဒီ ဗာရာဏသီမြို့တွင်းကို ဝင်လာတဲ့အချိန် တိုက်တိုက်ဆိုင်ဆိုင် အဲဒီဗာရာဏသီတစ်မြို့လုံးက ပုဏ္ဏားတွေအကုန်လုံးက သူတို့ရွတ်ဖတ်ရမဲ့ ပုဏ္ဏားစာတွေကို ဝိုင်းအုံပြီးတော့ ရွတ်ဖတ်ပူဇော်ကြတဲ့ ပုဏ္ဏားမန္တန်ရွတ်ဖတ်ပွဲကျင်းပနေတာ။

ဘာပွဲတဲ့?

ပုဏ္ဏားမန္တန် ရွတ်ဖတ်ပွဲပါဘုရား။

တစ်မြို့လုံး အုံးအုံးကျွက်ကျွက် ပရိသတ်ရေ၊ ပုဏ္ဏားစာရွတ်ဖတ် ပူဇော်ကြတဲ့ ပုဏ္ဏားမန္တန် ရွတ်ဖတ်ပွဲကြီး ခြိမ့်ခြိမ့်သဲ ကျင်းပကြတာ စစ်ကွင်းမြို့က (၂၅)နှစ်ပြည့် ငွေရတုသဘင်ကြီး ခြိမ့်ခြိမ့်သဲ ကျင်းပသလိုပေါ့။

## ညှော်ခံပုံရဲ့ ရှေ့ပြေးနိမိတ်

ခြိမ့်ခြိမ့်သဲ ကျင်းပနေတဲ့ ပုဏ္ဏားမန္တန်ရွတ်ဖတ်ပူဇော်ပွဲကြီးဆင်နွှဲပြီး ကလေးနှစ်ယောက်ဝင်လာကြတယ်။ သူတို့ကို မြင်လိုက်တော့လေ ဒါလူစိမ်းဘဲ၊ ဒို့မြို့ကမဟုတ်ဘူးဆိုပြီးတော့ သူတို့က ခရီးဦးကြိုဆိုကြတယ်။ သူတို့ကို ကျွန်တော်တို့ပွဲကို ဆင်နွှဲပါအုံးဆိုပြီးတော့ ပင့်ဖိတ်တယ်။ ပင့်ဖိတ်ပြီးတော့ အရိန္ဒမထိုင်မဲ့နေရာကိုခင်းပေးတယ်တဲ့။ ဘာခင်းပေးတုန်းဆိုတော့အင်မတန် ဖြူဆွတ်တဲ့ အဝတ်ဖြူကို ခင်းပေးတယ်။

ပြော-ဘာခင်းပေးလဲ?

အဝတ်ဖြူပါဘုရား။

နောက်တစ်ခါ သောနက သတို့သားလေးထိုင်မဲ့နေရာကျ တော့ အင်မတန်နီမြန်းတဲ့ ကမ္ဗလာနီကို ခင်းပေးတယ်တဲ့။

ပရိသတ် ဘာခင်းပေးလဲ?

ကမ္ဗလာနီပါဘုရား။

အရိန္ဒမရဲ့နေရာကျတော့ . . . . . . . . အဝတ်ဖြူ

သောနကရဲ့နေရာကျတော့ . . . . . . . . . ကမ္ဗလာနီ-နော်။

ပုရောဟိတ်ပုဏ္ဏားကြီးသား သောနက ကလည်း ဗေဒင်အရာ မှာ ဘမျိုးဘိုးတူဆိုတော့ သူကလည်းနဲနဲတတ်ကျွမ်းတယ်။ အဲဒီတော့ ပုဏ္ဏားကြီးသား သောနက က ဒီအချင်းအရာကိုကြည့်ပြီးတော့ သူက နိမိတ်ကောက်တယ်။

**သောတံနိမိတ္တံ ဒိသွာဝအဇ္ဇမေပိယသဟာယကော**

**အရိန္ဒမ ကုမာရော ဗာရာဏသိရာဇာ ဘဝိဿတိ**

**မယှံပန သေနာပတိဋ္ဌာနံ ဒဿတီတိ အညာသိ။**

သော-ထိုသောနကလုလင်သည်၊ **တံနိမိတ္တံ**-ထိုနိမိတ်ကို၊ ဒိသွာ-မြင်၍၊ **အဇ္ဇ**-ယနေ့၊ **မေ**-ငါ၏၊ **ပိယသဟာယော**- ငယ်ချစ်ကျွမ်း ဖြစ်တဲ့ သူငယ်ချင်း၊ **အရိန္ဒမကုမာရော**-အရိန္ဒမမင်းသားသည်၊ **ဗာရာ ဏသိရာဇာ ဘဝိဿတိ**-ဟောဒီ ဗာရာဏသီတိုင်းပြည်ရဲ့ဘုရင်၊ စင်စစ် ကေန် အမှန်ပင် ဖြစ်တော့မယ်။

သူ့အဝတ်ဖြူခင်းပေးတာထောက်ရင် ဒီနေ့ငါ့သူငယ်ချင်း ဘုရင် ဖြစ်တော့မှာ။

ပြော-ဘာဖြစ်မှာ?

ဘုရင်ဖြစ်မှာပါဘုရား။

မယုံပန-ငါ့ကို၊ သေနာပတိဌာနံဒဿတိ-စစ်သူကြီးရာထူးကို ပေးတော့မယ်တဲ့။

သူငယ်ချင်းဘုရင်ဖြစ်ရင် ငါက စစ်ဗိုလ်ချုပ်ကြီးပေါ့။

သူနိမိတ်ကောက်နေတာ-နော်။

ငါ့နေရာက ကပ္ပလာနီခင်းပေးတာထောက်ရင် ငါ့သူငယ်ချင်း ဘုရင် ဖြစ်ပြီး ငါစစ်ဗိုလ်ချုပ်ကြီးပေါ့၊ ငါစစ်သူကြီး ရာထူးရတော့မှာ၊ ပရိသတ် နိမိတ်ကောက်လိုက်တဲ့ သောနက က စစ်ဗိုလ်ချုပ်ကြီး မလုပ် ချင်ဘူးတဲ့။

လုပ်ချင်သလား?

မလုပ်ချင်ပါဘူးဘုရား။

တော်တော်အံ့ဩစရာကောင်းတာ၊ အဲဒီမှာ စစ်ဗိုလ်ချုပ်ကြီး သူ မလုပ်ချင်ဘူးတဲ့၊ ဒါတွေကို သူကနိမိတ်ကောက် ပြီးတော့ မျက်နှာ လေး ညှိုးငယ်နေတာ။

## နိမိတ်များနဲ့ စစ်တိုက်ခြင်း

အဲဒီမှာ ပုဏ္ဏားမန္တန်ရွတ်ဖတ်ပူဇော်ပွဲက သူငယ်ချင်း နှစ် ယောက် ပြန်ထွက်လာ၊ ဆင်နွဲစားသောက်ပြီးတော့ ပြန်ထွက်လာတော့ ဘုရင့် ဥယျာဉ်ထဲမှာ အရိန္ဒမကလေ ကျောက်ဖျာထက်မှာ မောမော ပန်းပန်းရှိတာနဲ့ သူကကျောက်ဖျာထက်မှာ အိပ်နေတာ။

သောနက က သူ့နိမိတ်သူကောက်၊ သူ့ကိုချောက်လှန့်လို့။ ငါ ငါးဖြာအာရုံ ကာမဂုဏ်ထဲမှာဖြင့် ဃရာဝါသ ကိစ္စများမြောင်လှတဲ့ ဟောဒီ လူ့ဘောင်ထဲမှာဖြင့် ငါဘယ်တော့မှမနေဘူးဟေ့၊ ရှုတ်ထွေး လှတဲ့ ဃရာဝါသ ကိစ္စများမြောင်တဲ့ သံယောဇဉ်နှောင်ကြိုးတွေ ငါ အငြိမခံတော့ဘူးတဲ့။ အဲဒီတော့လေ သူက နိမိတ်ကောက်ထားတော့

သူကအိပ်မပျော်နိုင်ဘူး။ တစ်နေရာ ချုံနံဘေးမှာ သောနကသွားပြီး တော့ ပုန်းနေတာ။

ဘာလို့ပုန်းတာလဲ?

စစ်ဗိုလ်ချုပ်ကြီး မလုပ်ချင်လို့၊

ဘာမလုပ်ချင်လို့?

စစ်ဗိုလ်ချုပ်မလုပ်ချင်လို့ပါဘုရား။

အဲဒီတော့ ချုံနံဘေးမှာ သောနက က ပုန်းတယ်။ အရိန္ဒမက တော့ ကျောက်ဖျာထက်မှာ အိပ်ပျော်နေတယ်။ အဲဒီနေ့က တိုက်တိုက် ဆိုင်ဆိုင် ဗာရာဏသီတိုင်းပြည်ကို အုပ်ချုပ်တဲ့ဘုရင်ကြီးနတ်ရွာစံ ကံတော်ကုန်သွားတာ (၇)ရက်မြောက်တဲ့နေ့တဲ့။

ပရိသတ်ရေ၊ ဘယ်နှစ်ရက်မြောက်?

၇-ရက်မြောက်ပါဘုရား။

## တိုက်တိုက်ဆိုင်ဆိုင်

**တဒါ ဗာရာဏသိရတော ကာလင်္ကတဿသတ္တမော ဒိဝသော ဟောတိ။**

အဲဒီဘုရင်ကြီးမှာ ထီးမွေ၊ နန်းမွေဆက်ခံဘို့အတွက် သား လည်းမရှိ၊ သမီးလည်းမရှိဘူးတဲ့။ အကယ်၍သားရှိရင် သားအပ် မယ်ပေါ့၊ သားမရှိလို့ သမီးရှိရင်လည်း သမီးကိုရော ထီးနန်းအပ်လို့ မရဘူးလား?

ရပါတယ်ဘုရား။

ခုတော့ သားလည်းမရှိ၊ သမီးလည်းမရှိတော့ မှူးကြီးမတ်ရာ သေနာပတိတွေက ဒို့ဘုရင်နတ်ရွာစံသွားပြီတဲ့။ ထီးမွေနန်းမွေ ဆက်ခံ ဘို့အတွက် တိုင်းပြည်လှည့်ပြီးတော့ ဒို့တစ်တွေလေ ဟောဒီ မင်္ဂလာ

ရထားကြီးနဲ့လှည့်ပြီး ဘုရင်လောင်း ရှာကြစို့တဲ့၊ မင်္ဂလာရထားပေါ်မှာ တူရိယာတွေတင်လို့ပေါ့။

အဲဒီတူရိယာတွေက မင်္ဂလာရထား ထွက်သည်နှင့် တစ်ပြိုင်နက် ဘယ်သူမှ မတီးမခတ်ရဘဲနဲ့ တူရိယာသံတွေ ထွက်ပေါ်လာတာ နောက်တစ်ခါ ဘုရင်လောင်းတွေ့ပြီဆိုရင်လည်း အဲဒီတူရိယာတွေက အလိုလို ရပ်သွားတယ်တဲ့ ပရိသတ်။ မင်္ဂလာရထားရဲ့ သဘာဝက ဒီလိုနော်။

အဲဒီတော့ မင်္ဂလာရထားနဲ့ တူရိယာသံတွေက ဗာရာဏသီကနေ ထွက်လာတော့ မြို့တံခါးဝကိုရောက်၊ ဥယျာဉ်တော်ကို ဟောဒီ မင်္ဂလာ ရထားက ဦးတိုက်ပြီးတော့ဝင်သွားတယ်။

တူရိယာသံတွေ ဆူညံနေတဲ့ ဒီအသံကိုကြားလိုက်တဲ့ သောနက က ငါ့သူငယ်ချင်း အရိန္ဒမ ဒီကနေ့ ဘုရင်ဖြစ်တော့မယ်။ သူက ချုံနံဘေးမှာ ပုန်းနေတာ။

အဲဒီမှာ ကျောက်ဖျာကို မင်္ဂလာရထားဦးတည်လို့ ဆိုက်သွား၊ တူရိယာသံတွေ ရပ်သွားတော့ မှူးကြီးမတ်ရာသေနာပတိတွေက ကျောက်ဖျာ ထက်မှာအိပ်နေတဲ့ အရိန္ဒမ သတို့သားကိုကြည့်ပြီးတော့ သူတို့က ချီးမွမ်းခန်း ထုတ်ကြတယ်။

ကြည့်စမ်း- ဟောဒီ သတို့သားလေးက ငါတို့ဗာရာဏသီ တိုင်းပြည်ကို မပြောနဲ့၊ လေးကျွန်းတစ်မြင့်မိုရ်ကိုတောင်မှ အုပ်စိုးနိုင်မဲ့ အမျိုးကောင်းသား၊ ဟောဒီပုဂ္ဂိုလ်ကို ဘိသိက်ရေစင်တွေ သွန်းလောင်းပြီး မင်းမြှောက်မယ်၊

ပရိသတ်ရေ-ဘာမြှောက်မယ်?

မင်းမြှောက်မှာပါဘုရား။

မူးကြီးမတ်ကြီးတွေကကျောက်ဖျာထက်မှာအိပ်နေတဲ့ အရိန္ဒမကို ဘုရင်မြှောက်မှာ။

ဘယ်တိုင်းပြည်အတွက်လဲ?

ဗာရာဏသီတိုင်းပြည်အတွက်ပါဘုရား။

အရိန္ဒမကို ဘိသိက်ရေစင်တွေ သွန်းလောင်းပြီး မင်းမြှောက်ဘို့ ဆိုပြီး နှိုးကြတယ်။

**ရဋ္ဌေတေဒေဝ ပါပုဏါတိတိ**

**ဒေဝ**-အိုအရှင်မင်းမြတ်၊ **တေ**-သင်အရှင်မင်းမြတ်ရဲ့ ထံတော်ပါးမှာ၊ **ရဋ္ဌံပါပုဏါတိ**-ထီးနန်းစည်းစိမ် အေးငြိမ်း ချမ်းသာ ကာမဂုဏ် မှန်သမျှ အရှင့်ထံသို့ အကုန်လုံးဆိုက်ရောက်လို့ လာခဲ့ပါပြီ၊ **ဥဋ္ဌာဟိ ဒေဝ**-အိုအရှင်မင်းမြတ် ထတော်မူပါလော့။။

ပရိသတ် နှိုးလိုက်တာနော်။

ဘယ်သူ့ကို နှိုးတာလဲ? အရိန္ဒမ၊

ပြော- ဘယ်သူ့နှိုးတာလဲ?

အရိန္ဒမပါဘုရား။

အရိန္ဒမ မင်းသားလေးကို နှိုးလိုက်ပြီးတော့ ဘိသိက်ရေစင်တွေ သွန်းလောင်း၊ အဲဒီမင်္ဂလာရထားပေါ်တင်ပြီးတော့ ဗာရာဏသီတိုင်းပြည်ကို ခေါ်သွားပြီဗျ။

ဘယ်ခေါ်သွားလဲ?

ဗာရာဏသီတိုင်းပြည်ပါဘုရား။

## ဘဝမြင့်ရင် ဘဝင်မြင့်တတ်တယ်

ဗာရာဏသီတိုင်းပြည်ခေါ်သွားတယ်၊ ဗာရာဏသီတိုင်းပြည် ခေါ်သွားပြီးတော့မှ မင်းမြှောက်လိုက်တာ၊ အရိန္ဒမ ဘုရင်ဖြစ်သွားပြီ၊

ကြည့်စမ်း သူ့သူငယ်ချင်း သောနကကိုသူမေ့သွားတယ်၊ သတိမရတော့ဘူး-နော်။

အာဏာပါဝါတွေရတော့ ဘဝမေ့၊ ဘဝင်မြင့်၊ ဘယ်သူ့မှ သူလူ မထင်တော့ဘူး။ သူ့ဘဝ သူမေ့သွားတာ-နော်။ အခုငယ်ငယ်တုန်းက အတူ ပေါင်းလာတဲ့ သူငယ်ချင်းကိုဘဲ ခု-ကြည့် သတိရသေးလား?

မရတော့ပါဘူးဘုရား။

ငယ်ငယ်တုန်းကသူငယ်ချင်းတောင် သူ့အာဏာပါဝါတွေရှိလာတော့ သတိမရတော့ဘူးဗျ၊ အဲဒါကို အဋ္ဌကထာက ထောက်ပြတယ်။

**သောယသမဟန္တတာယ သောဏကကုမာရံ နသရိ**

**ယသမဟန္တတာယ**-ဘုရင့်စည်းစိမ်က အခြံအရံတွေ အလွန်တရာ များပြားတဲ့အတွက်ကြောင့်၊ **သောနက ကုမ္မာရံ**- သူ့သူငယ်ချင်း သောနက မင်းသားလေးကို၊ **နသရိ**-သူမေ့သွားတာ။

ဘုရင့်စည်းစိမ်ဆိုတာက နတ်တစ်မျှစည်းစိမ်ရှင်မို့ နတ်တစ်မျိုးလိုဘဲ စည်းစိမ်တွေ အာဏာတွေပါဝါတွေက အလွန်များတဲ့အတွက်ကြောင့် သူသည် သူငယ်ချင်းကိုမေ့သွားတာ။

ပရိတ်သတ်ရေ သူငယ်ချင်းကို ဘာဖြစ်တုန်း?

မေ့သွားပါတယ်ဘုရား။

မေ့သွားတာ-နော်၊ သူ့သူငယ်ချင်းမေ့ပြီး အရိန္ဒမဘုရင်ဖြစ်တော့လေ၊ ဟိုချုံနံဘေးမှာ ပုန်းနေတဲ့ ဘယ်သူတုန်း?

သောနကပါဘုရား။

## အကြွေတွေနဲ့ သံဝေဂ

သောနက-ကအပြင်ထွက်လာပြီးတော့ ကျောက်ဖျာထက်မှာ ထိုင်လိုက်တယ်၊ ကျောက်ဖျာထက်မှာထိုင်ပြီးတော့ ရှေ့တည့်တည့်ကို ကြည့်တယ်၊ ကျောက်ဖျာရဲ့နောက်ကျောမှာ ဘာရှိတုန်းဆိုတော့ အင်ကြင်းပင်ကြီး တစ်ပင်ရှိတယ်၊ အဲဒီအင်ကြင်းပင်ကြီးက ကျောက်ဖျာကြီးကို အမိုပြုပြီး အုံ့အုံ့ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်းနဲ့ပေါ့။

ကျောက်ဖျာထက်မှာ တင်ပလ္လင်ခွေထိုင်နေတဲ့ သောနက ရှေ့ကို ကြည့်လိုက်တော့ အဲဒီကျောက်ဖျာပေါ်ကို ဖျောက်ခနဲ ဆိုပြီး အင်ကြင်းရွက်လေး တစ်ရွက်ကြွေကျလာတယ်။

ပြော-ဘာရွက်?

အင်ကြင်းရွက်ပါဘုရား။

**အထဿ ပုရတော ဗန္ဓနာပဝုတ္တံ၊**

**သာလရုက္ခတော ပဏ္ဏုပလာသံပတိ။**

**အထ**-ထိုအခါ၌၊ **အဿ**-ထိုသောနကလုလင်၏၊ **ပုရတော**-ရှေ့၌၊ **ပဝုတ္တံ**-ကြွေကျလာသော၊ **သာလရုက္ခတော**-အင်ကြင်းပင်မှသည်၊ **ပဏ္ဏုပ လာသံ**-ရော်ရွက်ဝါသည်၊ **ပတိ**-မြေကြီးပေါ်သို့ကြွေကျမြေခခဲ့လေပြီ။

အင်ကြင်းရွက်ကလေး သူ့ရှေ့ဖျောက်ကနဲဆိုကျတော့ သူ သတိရလိုက်တယ်၊ သြော်-ကြည့်စမ်း၊ သစ်ရွက်ကလေး ငါ့ရှေ့ကို ဖျောက်ခနဲဆိုပြီးတော့ကျတော့လေ၊ ဟောဒီအင်ကြင်းပင်ကြီး အသက်မရှိဘူးတဲ့။

အင်ကြင်းပင်ကြီးက အသက်ရှိလား?

မရှိပါဘူးဘုရား။

အသက်မရှိတဲ့ အင်ကြင်းပင်က အင်ကြင်းရွက်သည်ပင်လျှင်

ကြွေကျရတယ်ဆိုရင် အသက်ရှိနေတဲ့ ငါ့ခန္ဓာ . . .

ပရိသတ်ရေ သူ သံဝေဂရလိုက်ပြီ။ သံဝေဂရတာ သူ့ရှေ့မှာ တရားဟောတဲ့ ပုဂ္ဂိုလ်မရှိဘဲနဲ့ သစ်ရွက်ကြွေကျတာ သံဝေဂရတယ် ဆိုတာ သူပါရမီတွေ ပြည့်လာတာကိုးဗျ။ နှစ်သချ်နဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ပြီးပြီ-နော်။

မှန်ပါ့ဘုရား။

အဲဒီသစ်ရွက်ကလေး ကြွေကျတာကြည့်ပြီး အင်ကြင်းရွက် အသက်မရှိဘူး။ အသက်မရှိတဲ့ အင်ကြင်းရွက် ငါ့ရှေ့မှာ ကြွေကျ တယ်၊ အသက်ရှိနေတဲ့ ငါ့ခန္ဓာ . . . .

**ယထေဝေတံ တထာမမပိ သရီရံ ဇရံပတ္တာ**

**ပတိဿတိ။**

**မမသရီရံမ္ပိ**- အသက်ရှိနေတဲ့ ငါ့ခန္ဓာလည်း၊ **ဇရံ**-ဆွေးမြေ့ ယိုယွင်း အိုမင်းခြင်းသို့လည်းဘဲ၊ **ပတ္တာ**-ရောက်၍၊ **ပတိဿတိ**-မြေခ ကြွေကျရလိမ့်အုံးမယ်၊ သေရလိမ့်အုံးမယ်။

သေတာကို မသာလို့မခေါ်ဘူးလား?.

ခေါ်ပါတယ်ဘုရား။

အသုဘလို့ကော မပြောဘူးလား?

ပြောပါတယ်ဘုရား။

ပရိသတ်ရေ အခုအသိရှိတဲ့ ပုဂ္ဂိုလ်ကသေခြင်းတရားကို သူ ဒီလို သိတာ-နော်၊ ဆင်ခြင်လိုက်တာ။

ဒီလိုဘဲ အသက်ဝိညာဉ်ရှိနေတဲ့ ငါ့ခန္ဓာလည်း တစ်နေ့မှာဖြင့် ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းသို့ရောက်၍ သေရလိမ့်အုံးမယ်။

နောက်တစ်ခါ သစ်ပင်ကြီးရဲ့သဘာဝကို သူက အရွယ်သုံးမျိုး နဲ့ ပိုင်းခြား၊ ကာလသုံးမျိုးနဲ့ပိုင်းခြား၊ ရာသီသုံးမျိုးနဲ့ ပိုင်းခြားလိုက်တယ်။

ပြီးတော့ သူ့ရဲ့ ဘဝခန္ဓာကိုလည်း အရွယ်သုံးမျိုးနဲ့ပိုင်းခြား၊ ဘယ်နှစ်မျိုးလဲ?

သုံးမျိုးပါဘုရား။

## အလှတွေနဲ့ ဘယ်လောက် တင့်တယ်ပါစေ

*တကယ့်ကိုးတဲ့ ပိုးဘယက်ဖြင့် မျိုးချစ်စဖွယ်၊ ပျိုနုနယ်၍ လှပနေကုန်ထသော၊ စိမ်းတစိုစို ညိုတစ်မှောင်မှောင် ဂုဏ်ရောင်မျှသွေး ကဗ္ဗလာဆေးဖြင့် အလှရေးသကဲ့သို့လည်း ဖြစ်ကုန်ထသော။*

ဟောဒီအင်ကြင်းပင်ကြီး၊ ဟိုး ကဆုန်နယုန်အချိန်ကာလ မိုးဦးကျခါစအချိန်တုန်းကဆိုရင် အဖူးလေးတွေ ပွင့်ခါစ နီနီမြန်းမြန်း နီနီထွေးထွေး လှပရှုချင်စဖွယ်ကောင်းတဲ့ သစ်ပင်ကြီးအဖြစ် အဖူးအပွင့် အဖြစ်ကြုံခဲ့တယ်။

အဲဒီလိုဘဲ ငါ့ဘဝလည်း မွေးခါစကလေးဘဝတုန်းက မျက်လုံးလေးက ကြည်လို့၊ အသားအရေလေးတွေက ဝင်းဝါလို့ ဟောဒီဖူးခါစ ပွင့်ခါစ ကဆုန်နယုန်ရာသီမျိုးလို . . . . . . ငါ့ပထမအရွယ် လှလိုက်တာ။

နောက်တစ်ခါ-ဒုတိယအချိန် တဖြည်းဖြည်းနဲ့ တော်သလင်း သီတင်းကျွတ်ရောက်လာတော့ သစ်ပင်ကြီးကအုံ့အုံ့ဆိုင်းဆိုင်း ညို့ညို့ မှိုင်းမှိုင်း သဘာဝအလှ လှလာပြန်သလို . . . . .

ကလေးဘဝကနေ လူပျို အပျိုအရွယ်ရောက်လာတော့လည်း ငါ လည်း လှပခဲ့ပြန်တယ်။

နောက်တစ်ခါ ပြာသိုလရောက်ခါနီး ဆောင်းဦးကုန်ပြီဆိုတော့ တဖြည်းဖြည်းနဲ့ ရော်ရွက်တွေ ဝါလာသလို . . . .

ပျိုရာကနေ ဘဝအိုလာလိုက်တာ၊ ခေါင်းကဆံပင်ဖြူသွားကျိုး၊

ပါးရေတွေတွန့်လာပြန်တယ်၊ အသက် ၆၀ ကျော် ၇၀-အတွင်းရောက်လာတော့ အရိုးတွေ ပြိုင်းပြိုင်းဖြစ်လာတယ်။

တဖြည်းဖြည်းနဲ့ တပို့တွဲလရောက်လာပြီဆိုရင် ရော်ရွက်ဝါတွေက ရိုးတံကျဲကျဲနဲ့ အကြောတွေပေါ်ပြီး အရွက်ဝါတွေ ဖျော့တော့ပြီးတော့နေသလို . . . .

အိုရာကနေ နာရတယ်၊ တစ်ဖန် နာရာကနေ သေရသလိုဘဲ

ဒီရော်ရွက်ဝါ တောင်သလေသရမ်းကြောင့်၊ လေဒဏ် လေသရမ်း တိုက်ခတ်မှုကြောင့် တပေါင်းတန်ခူး လေရူးသုန်သုန်မှာ ဒီရော်ရွက်ဝါတွေက ရေသွေ့ခန်းခြောက်ညှာတံကကြွေကျလို့ မြေသို့ခ, ရသလို . . . ငါလည်း အိုရာကနေ-နာ၊ နာရာကနေ-သေရပြီတဲ့၊ မသေရဘူးလား?

သေရမှာပါဘုရား၊

ပရိသတ်ရေ သစ်ရွက်ကြွေတာလေးကို ကြည့်ပြီးတော့ သူက သံဝေဂ ရတာနော်၊

မှန်ပါဘုရား။

နောက်တစ်ခါ တွေးလိုက်ပြန်တယ်၊ ဘယ်လိုများ တွေးလိုက်ပြန်တုန်းဆိုတော့ ဟောဒီသစ်ရွက်ကလေး ဖူးကာစ ပွင့်ကာစအရွယ် လူမမယ်တို့က ဒီသစ်ပင်ပေါ်တက်ပြီးတော့မှ အဖူးကို စားချင်လို့ အပွင့်ကိုပန်ချင်လို့ ဆိုပြီးတော့ အခူးခံရသလို ငယ်ငယ်ရွယ်ရွယ်လည်း သေရပြန်တယ်။

မသေရဘူးလား?

သေရပါတယ်ဘုရား။

နောက်တစ်ခါ ဆိုင်ကလုန်းမုန်တိုင်း လေသရမ်းကြောင့် အုံ့ဆိုင်းနေတဲ့ သစ်ပင်ကြီးရဲ့ သစ်ရွက်တွေ၊ သစ်စိမ်းချိုး ချိုးခံရသလို

သေမဲ့အရွယ် မရောက်ခင်မှာ ပျိုတုန်းအရွယ်မှာကော မသေရဘူးလား?

သေရပါတယ်ဘုရား။

ကြည့်စမ်း၊ အရွယ်သုံးမျိုးမှာ တစ်ချိန်ချိန် ပရိသတ်ရေ၊ ဝင်းဝါတဲ့ အချိန်ကျမှ၊ နွေရောက်မှ ကြွေကျတာမဟုတ်ဘူး။ ဒီအလယ်မှာလည်းဘဲ ဒီအပင်က ဒီအသီးတွေ၊ ဒီအကင်းတွေ၊ ဒီအပွင့်တွေ၊ ဒီအရွက်တွေက လေသရမ်းတိုက်ခတ်မှုကြောင့် နှိပ်စက်မှုတွေကြောင့် မကြွေကြရဘူးလား?

ကြွေရပါတယ်ဘုရား။

ကြွေကြရတယ်-နော်၊ အရွယ်သုံးမျိုး ပရိသတ်ရေ၊ တစ်ချိန်ချိန် ဘယ်အချိန်ဖြစ်ဖြစ် မသေနိုင်ဘူးလား?

သေနိုင်ပါတယ်ဘုရား။

ဒါကြောင့် တကယ့်ကိုးတဲ့-ပိုးဘယက်ဖြင့်၊ မျိုးချစ်စဖွယ်၊ နုနယ်၍ လှပနေကုန်ထသော၊ စိမ်းတစိုစို၊ ညိုတစ်မှောင်မှောင်၊ ဂုဏ်ရောင်မျှသွေး၊ ကဗ္ဗလာဆေးဖြင့်၊ အလှရေးသကဲ့သို့လည်း ဖြစ်ကုန်ထသော၊ ဘုရင့်ပမာ အဆင်းဖြာ၍ ဝင်းငါစွန့်ထုတ်လိုက်သည် ရှိကုန်ထသော၊ သူ့ခေတ်သူ့ခါ ပေါ်လာဖြစ်ပျက် သစ်ရွက်အပေါင်းတို့ကို

ပရိသတ်ရေ-သစ်ရွက်တွေသည်ပင်လျှင် ဘာတုန်း? ဖြစ်ပျက်ဘဲ-နော်။

ပေါ်လာဖြစ်ပျက် သစ်ရွက်အပေါင်းတို့ကို၊ အနိစ္စသညာ-မစွဲမနေ မြဲသည်ဟု စွဲမိထင်မှ သညာများကို၊ . . . . . . . . . တောင်ငွေတောင်ငွေ ချောင်ခလေ့ဖြင့် ရှောင်ကွေ့ဖယ်ရှားနိုင်ကြကုန်ရာသတည်း။

သာဓု . . . သာဓု . . . သာဓု

ဘဝတံခွန်စာပေ

## သံဝေဂပေါ် ဉာဏ်ဆင့် တကယ်သင့်တယ်

ပရိသတ်ရေ-သစ်ရွက်တွေကြွေကျ မြေခရသလို ဘဝမှာလည်း အဲဒီလိုဘဲ အိုနာသေ ဒုက္ခလှောင်ပိတ်ခံရပြီးတော့မှ ဘဝမှာ အိုနာသေ ဘဝမျိုး သေရတဲ့ဘဝမျိုးကို ရောက်ရတယ်လို့ သူ့စိတ်ထဲမှာ သစ်ရွက်ကြွေတာကြည့်ပြီး သူသံဝေဂရတာ၊ ပြော-ဘာရတုန်း?

သံဝေဂရတာပါဘုရား။

အဲဒီတော့ သစ်ရွက်ကြွေတာကြည့်ပြီးတော့မှ သံဝေဂ အသီးသီး ရပြီလို့ဆိုတော့ အဲဒီမှာ သူက ဒီကျောက်ဖျာထက်မှာ ပရိသတ်ရေ ထိုင်နေရင်းနဲ့ သူကလေ ဘာလုပ်လိုက်တုန်းဆိုတော့ ကျောက်ဖျာထက်မှာဘဲ ထိုင်ရင်းနဲ့ သူ့ရဲ့ တစ်လံမျှရှိတဲ့ ခန္ဓာကိုယ်ထဲကို ဝိပဿနာဉာဏ်သွင်းလိုက်တယ်။

ပရိသတ်ရေ ဘာဉာဏ်သွင်းလဲ?

ဝိပဿနာဉာဏ်သွင်းပါတယ်ဘုရား။

**အတ္တနော**-မိမိရဲ့၊ **ဗျာမမတ္တေကဠေဝရေ**-တစ်လံမျှရှိတဲ့ ခန္ဓာထဲမှာ၊ **ဉာဏံပဝေသေတွာ**-ဉာဏ်သွင်းပြီးတော့မှ၊ **သမ္မသန္တော**-သုံးသပ်ပြီတဲ့၊

ပရိသတ်ရေ ဝိပဿနာခန္ဓာတင် ဉာဏ်သွင်းပြီးတော့ သူ သုံးသပ်လိုက်တာ၊ ဘယ်လိုသုံးသပ်လိုက်တုန်းဆိုတော့ လိပ်ကလေးလို သူက လုံခြုံမှု ရှိအောင် သူကသုံးသပ်တာ။

ဘယ်လိုသုံးသပ်သလဲ?

လိပ်ကလေးလိုပါဘုရား။

ဘုရားသာသနာတစ်ခေတ်က ဂင်္ဂါမြစ်ကမ်းမှာ လိပ်ကလေး တစ်ကောင် တရွေ့ရွေ့နဲ့လာတော့ တောစပ်တစ်နေရာက မြေခွေးက ဒီ လိပ်ကလေးကို စားဘို့ချောင်းနေတာ။

အဲဒီတော့ ချောင်းနေတဲ့မြေခွေးက ဝုန်းကနဲဆို လိပ်ကလေး ရှိရာ ပြေးလာတော့ လိပ်ကလေးကမြင်လိုက်တာနဲ့ သူ့ရဲ့ခေါင်း၊ ခြေ လက်ကို သူ့ရဲ့ အုပ်ခွံနဲ့ အုပ်ထားလိုက်တယ်။

ပရိသတ်ရေ- လိပ်ရဲ့ အုပ်ခွံနဲ့ ခေါင်းခြေလက်ကို ဘာလုပ် ထားလဲ?

အုပ်ထားပါတယ်ဘုရား။

အဲဒီတော့ ခေါင်းခြေလက်ကို အုပ်ထားလိုက်တော့ မြေခွေး က အနားရောက်တော့ ခေါင်းလည်းမတွေ့၊ လက်လည်းမတွေ့၊ ခြေ လည်း မတွေ့တော့ ကဲ-တွေ့ကြသေးတာပေါ့၊ မြေခွေးက ဘေးကနေ ကြိမ်းဝါးနေလိုက်တာ၊ ဒီလိပ်တော့ တွေ့ကြသေးတာပေါ့၊ လက်ပေါ် လက်ဆွဲမယ်၊ ခြေပေါ်ခြေဆွဲမယ်၊ ခေါင်းပေါ် ခေါင်းကိုဆွဲမယ်။

အဲဒီတော့ လိပ်ကလေးလည်း သူ့ဘေးမှာ မြေခွေးရှိတယ် ဆိုတာ သိတယ်။ သူကလည်း အားကြိုးမာန်တက် ဇွဲရှိရှိနဲ့ သူ့ရဲ့အုပ်ခွံနဲ့ သူ့ခေါင်း ခြေလက်ကို အကုန်အုပ်ထားလိုက်တယ်။

တဖြည်းဖြည်းနဲ့ မှောင်ရိပ်သန်းလာပြီ။ မြေခွေးက ဩော်- ငါကသာ စောင့်နေတာ၊ ငါ့နောက်က ငါ့ကိုကျားများဆွဲ သွားမလား၊ ခြသေ့်များငါ့ကို ခဲသွားမလား၊ အဲဒါကို သူကတွေးလိုက်တော့ ငါ့မှာ အန္တရာယ်ရှိတယ်။ ကဲ-လိပ်ကလေး မင်းရဲ့ ဇွဲကို ငါအရှုံးပေးပါပြီဆိုပြီး မြေခွေးက အရှုံးပေးပြီး တောစပ်တစ်နေရာကို ပြန်သွားပြီတဲ့။

ပရိသတ်ရေ၊ လိပ်ကလေးနဲ့တူလှစွာသော ယောဂီသူတော်စင် တို့ လိပ်ရဲ့အုပ်ခွံနဲ့တူလှစွာသော သတိဖြင့်၊ ဘာနဲ့?

သတိနဲ့ပါဘုရား။

အုပ်ခွံက . . . . . . . . . သတိ

လိပ်ကလေးက . . . . . . . . ယောဂီ

ခေါင်းခြေလက်ဆိုတာက မျက်စိ၊ နား၊ နှာ၊ လျှာ၊ကိုယ်၊စိတ်

လိပ်က သူ့ရဲ့ အုပ်ခွံနဲ့ ခေါင်းတွေခြေတွေလက်တွေကို အကုန်လုံး လုံခြုံစွာအုပ်ထားတော့ မြေခွေးစားနိုင်သေးလား?

မစားနိုင်ပါဘူးဘုရား။

မျက်စိ၊ နား၊ နှာ၊ လျှာ ကိုယ်စိတ်ကို သတိနဲ့ထိန်း၊ အသိနဲ့ထိန်းတဲ့၊ ဘာနဲ့ထိန်းရမယ်?

သတိနဲ့ထိန်းရမှာပါဘုရား။

သတိနဲ့ထိန်းတော့ မြေခွေးလို့ဆိုတဲ့ ကိလေသာက ဝင်နိုင်သေးလား?

မဝင်နိုင်ပါဘူးဘုရား။

ပရိသတ်ရေ၊ ကိလေသာ မြေခွေးက တလစပ်ချောင်းနေလိုက်တာ၊ နေ့စဉ်ရက်ဆက် သူချောင်းနေလိုက်တာ၊ အချိန်ကြာကြာချောင်းနေလိုက်တာ၊ အလစ်ပေးရင်တော့ သူဝင်ခဲ့တော့မယ်။

ဒီလိုဘဲ သတိဆိုတာ မပြတ်မလပ်ရှုမှတ်ရမဲ့ ယောဂီသူတော်စင်ရဲ့ ကိုယ်စောင့်လို့၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်ကို သတိနဲ့ထိန်း။

ဒါဆိုရင် သတိကလေ လိပ်ရဲ့အုပ်ခွံလို ဒီစိတ်ကို လုံခြုံမှု မပေးဘူးလား?

ပေးပါတယ်ဘုရား။

အသိလေးက လုံခြုံမှုပေးလိုက်တာ-နော်။

- မကောင်းတာတွေ မဝင်စေနဲ့
- ကောင်းတာတွေဝင်စေပေါ့
- ကိလေသာတွေ မဝင်စေနဲ့
- မကောင်းမှုတွေ မဝင်စေနဲ့

- ကောင်းမှုတွေဝင်စေဆိုပြီး . . . . ဒီအသိက ထိန်းမပေးဘူး လား?

ထိန်းပေးပါတယ်ဘုရား။

ထိန်းပေးလိုက်တာ၊ ဒါကြောင့် သူ့ရဲ့စိတ်ကို လိပ်ကလေးရဲ့ သဘာဝလို သတိနဲ့ထိန်းအုပ်လို့ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှုတွေအပေါ်မှာ-

မြင်ရင် . . . . . . . . မြင်တယ်

ကြားရင် . . . . . . . . ကြားတယ်

နံရင် . . . . . . . . . . နံတယ်

စားရင် . . . . . . . . . စားတယ်

ထိရင် . . . . . . . . . ထိတယ်

သိရင် . . . . . . . . . သိတယ် လို့ ရှုမှတ်နော်။

မှန်ပါဘုရား။

## သိသာတဲ့ဘဝမို့ သိသိသာသာ

နောက်-တစ်ဖန် မြင်တာတွေက မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူး လို့ အသိကလေးကပ်ပြီးတော့ ရုပ်နာမ်ခန္ဓ ဖြစ်ပျက် မြင်အောင် ဝိပဿနာ ဉာဏ်ဝင်လို့ ရုပ်တရား၊ နာမ်တရားခွဲခြားသိလို့ ရှုမှတ်လိုက်တော့

ကိလေသာမြေခွေးကို အရှုံးပေးလိုက်သလို ကိလေသာတွေ အကုန်စင်လို့မြေခွေးတောတန်းတစ်နေရာပြန်သွားလို့ အောင်ပွဲခံတဲ့ လိပ်ကလေးလို အခုလည်း ဝိပဿနာဉာဏ်ဝင်ပြီးတော့ ရှုမှတ်လိုက်တာ၊ ရှုမှတ်ရင်းနဲ့ ကိလေသာတွေ အကုန်စင်လို့ ဟောဒီမှာ သောနက လုလင် ပစ္စေကဗုဒ္ဓါဖြစ်ပြီ တဲ့၊

ဘာဖြစ်တုန်း?

ပစ္စေကဗုဒ္ဓါဖြစ်ပါတယ်ဘုရား။

ပြန်ပြော-ဘာဖြစ်သွားတုန်း?

ပစ္စေကဗုဒ္ဓါဖြစ်သွားပါတယ်ဘုရား။

**အတ္တနော**-မိမိရဲ့၊ **ဗျာမမတ္တေကဠေဝရေ**-တစ်လံမျှရှိတဲ့ ခန္ဓာကိုယ်ထဲမှာ၊ **ဉာဏံပဝေသေတွာ**-ဉာဏ်သွင်းပြီးတော့မှ၊ **သမ္မသန္တော**-သုံးသပ်တဲ့အခါမှာ၊ **ပစ္စေကဗောဓိဉာဏံ**- ပစ္စေကဗောဓိဉာဏ်ကို၊ **သစ္ဆိကရောတိ**- ကောင်းစွာမသေ့ ဆိုက်ရောက်တော်မူခဲ့ပါပေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ပရိသတ်ရေဘာဖြစ်သွားပြီတုန်းဆိုရင် ပစ္စေကဗုဒ္ဓါဖြစ်သွားပြီ၊ ဘာဖြစ်သွား?

ပစ္စေကဗုဒ္ဓါပါဘုရား။

ပစ္စေကဗုဒ္ဓါဖြစ်သွားပြီ-နော်၊ အဲဒီတော့ ပစ္စေကဗုဒ္ဓါဖြစ်သွားတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အသိရှိလို့လား? မသိလွှမ်းလို့လား?

အသိရှိလို့ပါဘုရား။

အသိရှိလို့၊ ကဲ-ကြည့်စမ်း၊ ပရိသတ်ကြီး အသိရှိတော့ဘဝမှာသုသာယာပြီ၊ ပရိနိဗ္ဗာန်တစ်ခါစံပြီးပြီဆိုရင် ဘဝငြိမ်းချမ်းပြီ၊ မငြိမ်းချမ်းဘူးလား ?

ငြိမ်းချမ်းပါတယ်ဘုရား။

ဒါဆိုရင် သူ့ဘဝ-သိသိသာသာ၊ ဘာတွေသိသွားလဲ?

- တရားသိသွားတယ်

- ရုပ်နာမ်ခန္ဓာဖြစ်ပျက်ကို မြင်သိသွားတယ်

- ကိလေသာက ရန်သူဘဲဆိုတာသူသိသွားတယ်-နော်။

သိမသွားဘူးလား?

သိသွားပါတယ်ဘုရား။

အဲဒီအသိလေးဖြင့် ဘဝမှာကိလေသာ မဝင်အောင် ရန်သူ မဝင်အောင် ထိန်းချုပ်လိုက်တော့ ခုဘဝမှာသာယာပြီး ပရိနိဗ္ဗာန်စံပြီးပြီ ဆိုရင် နောက်ထပ်အိုစရာ၊ နာစရာ၊ သေစရာတွေ ရှိသေးလား?

မရှိပါဘူးဘုရား။

## သာသာယာယာလမ်း

သူ့လမ်းက မသာလမ်းမဟုတ်တော့ဘူး။ သာသာယာယာ လမ်း ဖြစ်သွားပြီ-နော်။ ဒါဆိုရင် . . . . သိသိသာသာ။

သိသိသာသာရှိတဲ့ ပုဂ္ဂိုလ်က သာယာတဲ့ဘဝ၊ ဟောဒီ သောနက ထေရ်အရှင်က၊ ပစ္စေကဗုဒ္ဓါထေရ်အရှင်ကြီးက ပရိသတ် နန္ဒမူလကံပဗ္ဘာရံ-နန္ဒမူလိုဏ်ဂူအတွင်းသို့ သူကြွသွားပြီ။ ပစ္စေကဗုဒ္ဓါ တွေ သီတင်းသုံးရာဖြစ်တဲ့ ဘယ်ကိုကြွလဲ? နန္ဒမူလိုဏ်ဂူ၊ ပြော- ဘယ်လိုဏ်ဂူ?

နန္ဒမူလိုဏ်ဂူပါဘုရား။

အဲဒီနန္ဒမူလိုဏ်ဂူကိုကြွသွားတဲ့ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်ကြီး က နန္ဒမူလိုဏ်ဂူထဲမှာ နိရောဓသမာပတ်၊ ဖလသမာပတ်တွေကို သူ ဝင်စားပြီးတော့နေလိုက်တာ။

ဟိုမှာ အရိန္ဒမကလည်း ထီးနန်းအုပ်စိုးပြီးတော့နေလိုက်တာ၊ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်ကြီးနဲ့ ဒီအရိန္ဒမတို့ကွဲကွာသွားတာ ဘယ်လောက် ကြာသွားတုန်းဆိုတော့ နှစ်ပေါင်းလေးဆယ်ကြာသွား တယ်။

နှစ်ပေါင်း ဘယ်လောက်တုန်း ?

လေးဆယ်ပါဘုရား။

နှစ်ပေါင်းလေးဆယ်ကြာတော့ တစ်နေ့နန်းရင်ပြင် လေသာပြတင်းကို ဖွင့်ပြီးတော့ အရိန္ဒမ္မဘုရင်က လမ်းမကို ကြည့်လိုက်တော့ ကလေးနှစ်ယောက်က ကြက်ပေါင်ကွင်းလေးတွေ ကိုယ်စီကိုင်လို့ ကြက်ပေါင်ကွင်းပစ်တမ်း ကစားနေတာ-နော်။

အဲဒီကလေးနှစ်ယောက် ဒီကစားနေတဲ့အချင်းအရာကို မြင်လိုက်တော့မှ သူကသတိရတယ်။

ဩော်-ငါတို့သူငယ်ချင်းနှစ်ယောက်လည်းဒီလိုဘဲ၊ ငယ်ငယ်တုန်းက အတူကစားခဲ့ကြတာဘဲ၊ ငါ့သူငယ်ချင်းနံမည် သောနက၊ ဘယ်သူတဲ့?

သောနကပါဘုရား။

## စုံစမ်းရေးတွေ စတင်ပြီ

ကြည့်စမ်း၊ ငါမေ့နေလိုက်တာ၊ ငါဘုရင်ဖြစ်ရင်သူ့ကို ရာထူးကြီးကြီး ပေးပြီးတော့ သူ့ကိုချီးမြှောက်သင့်တာ။ ငါမေ့နေလိုက်တာ၊ နှစ်ပေါင်းတောင် လေးဆယ်ကျော်ခဲ့ပြီ။ ငါ့သူငယ်ချင်းဘယ်ရောက်နေပါလိမ့်။ အမျိုးမျိုး စုံစမ်းထောက်လှမ်းမယ်ဆိုပြီး ထောက်လှမ်းတာပရိသတ်ရေ။ ဘယ်နေရာမှ စုံစမ်းထောက်လှမ်းလို့မရဘူး။ ဘယ်ရမလဲ၊ နန္ဒမူလိုဏ်ဂူထဲမှာ သီတင်းသုံးနေတာကိုး ဗျ။

စုံစမ်းလို့ရပါ့မလား?

မရပါဘုရား။

အဲဒီတော့ စုံစမ်းလို့မရတော့ သူက ဘာလုပ်တုန်းလို့ဆိုတော့ တိုင်းပြည်ထဲမှာရှိနေတဲ့ အနုပညာသည်တွေကို အကုန်လုံး နန်း

ရင်ပြင်ကို သူကခေါ်လိုက်တယ်။ ခေါ်ပြီးတော့ သူဘာလုပ်တုန်း ဆို တော့ ဒီအနုပညာသည်တွေရဲ့လက်ထဲကို သီချင်းစပ်ပြီး ပေးလိုက် တယ်။

**ကဿသုတွာ သတံဒမ္မိ၊ သဟဿံဒိဋ္ဌသောဏကံ၊**

**ကောမေသောဏက မက္ခာဟိ၊ သဟာယံ ပံသုကီဠိတံ။**

ငါ့သူငယ်ချင်း သောနကတွေ့ရင်၊ ဘယ်နေရာမှာရှိတယ်လို့ ကြားရင် ဆုတော်ငွေ ၁၀၀ပေးမယ်။

ဘယ်နေရာမှာရှိတယ်လို့ အတိအကျသိခဲ့တဲ့ပုဂ္ဂိုလ်ဆိုရင် ဆုတော် ငွေ ၁၀၀၀ ပေးမယ်။

ပရိသတ်။ သီချင်းနော်၊ ဘာတုန်း?

သီချင်းပါဘုရား။

**ကဿသုတွာ သတံဒမ္မိ၊ သဟဿံဒိဋ္ဌသောဏကံ၊**

**ကောမေသောဏက မက္ခာဟိ၊ သဟာယံ ပံသုကီဠိတံ။**

ဘုရင်ကြိုက်တဲ့သီချင်း အနုပညာသည်တွေလက်ထဲ ထည့် လိုက်တယ်။ ဒီသီချင်းကို ပွဲကတိုင်း၊ ပွဲကတိုင်း သီဆိုကြ။

သီချင်းတော့ဟုတ်ပါပြီ၊ ဒီသီချင်းကို ဘယ်တီးလုံးနဲ့ တီးရမလဲ ဆိုတော့ ဟာ ကိုယ်ကြိုက်တဲ့တီးလုံးနဲ့သာတီး၊ သီချင်းဖြစ်ရင် ပြီးတာ ဘဲ။

ငါသီချင်းရေးစပ်ပြီးပြီ၊ နင်တို့နှစ်သက်တဲ့တီးလုံးနဲ့ဖျော်ဖြေကြ၊ အနုပညာသည်တွေလက်ထဲ ထည့်တော့ အနုပညာသည်တွေက ပွဲ ကတိုင်း ကတိုင်း ဒီသီချင်းကို ဆိုကြတာကိုး-ဗျ။

မဆိုဘူးလား?

ဆိုပါတယ်ဘုရား။

ဆိုလိုက်ကြတာ၊ ဘုရင့်အသုံးတော်ခံသီချင်းဆိုတော့ ပရိသတ်ရေ၊ သူတို့က ဘုရင်မျက်နှာရအောင် ဒီသဘောမျိုးလဲ ပါမှာပေါ့။

အနုပညာသည်တွေက ဘုရင်အသုံးတော်သီချင်း၊ ဘုရင်နှစ်သက်တဲ့ သီချင်းဆိုတော့ သူတို့ကို ဆုတော်လာဘ်တော် ပေးမလား၊ ဟာဘုရင်က မျက်စိကျရင် သူတို့ဘဝလေး အဆင်ပြေမလား ဆိုပြီးတော့ အနုပညာသည်တွေက ဘုရင်ကို ပိုပြီးဖားကြတာ။

ဆိုလိုက်တာ ဒီသီချင်း ညလုံးပေါက်ဆိုတာ-နော်။ မြေကွက်ကလေးများ ရမလားလို့များ မသိပါဘူး။ ပရိသတ်ဆိုလိုက်တာ ဒီသီချင်းဘဲဆိုတာ။ ပွဲကတိုင်း ဘုရင်ကြိုက်တဲ့ ဒီသီချင်းချည်းဘဲ ဆိုကြတာ။ ဘုရင်ကြိုက်တဲ့သီချင်း၊ ဘုရင်နှစ်သက်တဲ့သီချင်း ဆိုပြီးတော့ စထွက်ထဲကဒီသီချင်း၊ ဆုံးတော့လည်း ဒီသီချင်းဆိုတော့ ပွဲကြည့်တဲ့ ပရိတ်သတ်တွေ အကုန်ရကုန်တာပေါ့-နော်။

မရဘူးလား ?

ရပါတယ်ဘုရား။

ပရိသတ်ရေ၊ ရလိုက်တာ၊ မနက်မိုးလင်းတော့ဈေးထဲက ခရမ်းချဉ်သီးသည်ကလည်း ခရမ်းချဉ်သီးရောင်းရင်းနဲ့ ဒီသီချင်းဆိုတာဘဲ။

**ကဿသုတွာ သတံဒမ္မိ၊ သဟာဿံဒိဋ္ဌသောဏကံ၊**

**ကောမေသောဏကက မက္ခာဟိ၊ သဟာဿံ ပံသုကီဠိတံ။**

ခရမ်းချဉ်သီးတောင်း လူနင်းသွားတာသူမသိဘူး။ ဒီသီချင်းဘဲ သူဆိုနေတာ၊ နောက်တစ်ခါ လယ်သမားကလည်း လယ်ထွန်းရင်းနဲ့ ဆိုပြန်တယ်။

သီချင်းဆိုရင်းနဲ့ ထယ်တုံးနဲ့လယ်ထွန်တော့ ထယ်ကြောင်း ကောက်သွားတာ သူမသိဘူး-ဟုတ်လား?

အလုပ်သမားကလည်း အလုပ်လုပ်ရင်းနဲ့ သိဆိုတယ်။ ဆိုက်ကားသမားကလည်း ဆိုက္ကားနင်းရင်းနဲ့သိဆိုတော့ ဆိုက္ကား ချောက်ထဲ၊ ချိုင့်ထဲကျပြီး စမုတ်တံကျိုးတာ သူမသိဘူးနော်။ ဒီသိချင်း ကိုဘဲ ဆိုတာကိုးဗျ-နော်။

မှန်လှပါဘုရား။

## ရှာဖွေသူမောလို့

ဆိုလိုက်တော့ အနုပညာသည်တွေက တစ်တိုင်းလုံး၊တစ်ပြည် လုံး ဆိုတာ၊ ဒီသိချင်းဆိုနေတာ ဘယ်နှစ်နှစ်ရှိတုန်းဆိုတော့ ၁၀နှစ်၊ ဘယ်နှစ် နှစ်လဲ ?

၁၀-နှစ်ပါဘုရား။

ဟိုမှာ မေ့နေတာကက နှစ်ပေါင်းဘယ်လောက်လဲ?

၄၀-ပါဘုရား။

နှစ်ပေါင်း - ၄၀၊ ခုဆိုနေတာက - ၁၀နှစ်၊ ပေါင်းတော့?

၅၀-ပါဘုရား။

ခုကြည့်-ဒီသိချင်းကိုဆိုနေတာ ၁၀နှစ်ကြာသွားပြီ။ ဒါပေမယ့် ဒီ သောနက ကို တွေ့လား?

မတွေ့ပါဘူးဘုရား။

တစ်နေ့တော့ သောနက ပစ္စေကဗုဒ္ဓါအရှင်သူမြတ်ကြီးက နိရောဓ သမာပတ်ကထပြီးတော့ သူက လောကကို ကြည့်တယ်။ ဘယ်သူ့ကို ငါ ချီးမြှောက်ရမလဲ?

ဩော်-ငါ့သူငယ်ချင်း ချီးမြှောက်မှဖြစ်မယ်။ ဘာအသိဉာဏ်မှ မရှိတဲ့၊ မသိတဲ့ဒီဘုရင် ဒီအတိုင်းနေရင် မသာဖြစ်တော့မှာ။

မသိရင် ဘာဖြစ်တုန်း?

မသာဖြစ်မှာပါဘုရား။

ဒီတော့ ငါ့သူငယ်ချင်း ငါ့ချီးမြှောက်မှ ဖြစ်မယ်ဆိုပြီးတော့ နန္ဒမူ လှိုဏ်ဂူကနေပြီးတော့ ဥယျာဉ်ထဲကို ကြွလာတယ်။ တိုက်တိုက် ဆိုင်ဆိုင် အဲဒီ ဗာရာဏသီမြို့ထဲမှာ ပရိသတ်ရေ မှုဆိုးမ သားအမိ နှစ်ယောက် ရှိတယ်။

ဘယ်လိုတုန်း ?

မုဆိုးမသားအမိပါဘုရား။

မုဆိုးမကြီးက သူ့သားလေးကို ချစ်လွန်းလို့ သူ့သားလေး ခေါင်းက ဆံပင်လေးတွေကို သူက ၅ထုံးတုံးတယ်။ ကြက်ပေါင်ကွင်း လေးနဲ့ စည်းပြီးတော့ ဆံပင်ထုံးလေးဘယ်လောက်တုန်း?

၅-ထုံးပါဘုရား။

အဲဒါကို သူများတွေက သူ့ကိုမြင်တော့ ခေါ်ကြတယ်။ ပဉ္စစူဠက- ပြော ဘယ်သူ?

ပဉ္စစူဠက-တဲ့၊ ပဉ္စစူဠက ဆိုပြီးတော့ ကျော်ကြားလိုက်တာ၊ ကလေးလေးက ကျောင်းပိတ်တဲ့ရက်ကလေးများဆိုရင် ဘာလုပ်တုန်း ဆိုတော့ သူ့အမေကို သူကတစ်ဖက်တစ်လမ်းကနေ ငွေရှာပေးတယ် ပေါ့လေ။

ထင်းခွေတယ်၊ ရေခပ်ပေးတယ်၊ အိမ်မှာရေမရှိလို့ရှိရင် ရေခပ် ပေးတာ၊ ပရိသတ်ရေ၊ ထင်းခုတ်ပြီး ထင်းစည်းလေးရောင်းလို့ ငွေကြေး လေးတွေ သူ့အမေကိုပေးလို့၊ လိမ္မာတဲ့သားလေး ပဉ္စစူဠက။ အဲဒီ ဥယျာဉ်နံဘေးမှာ သွားပြီး သူက ထင်းခွေရေခပ်တယ်၊ ထင်းခွေရေခပ် ရင်းနဲ့ သူက သီချင်းလေးကို ထပ်ခါထပ်ခါဆိုလိုက်တယ်။

သောနက ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးက ဥယျာဉ်ထဲကသစ်ပင်

ရင်းမှာ သပိတ်လေးချ၊ ယပ်ကလေးချ၊ မျက်လွှာလေးချပြီး နိရောဓ သမာပတ် ဝင်စားတယ်။ ကလေးကလည်း ထင်းခွေရင်းနဲ့ ဥယျာဉ်ဘေးမှာ သီချင်း ဆိုလိုက်တာ။

**ကဿသုတ္တာ သတံဒမ္ပိ၊ သဟဿံဒိဋ္ဌသောဏကံ၊**

**ကောမေသောဏက မက္ခာဟိ၊ သဟာဿ ပံသုကိဋ္ဌိတံ။**

အဲဒီလိုပရိသတ်ရေ၊ ဒီသီချင်းကိုဆိုလိုက်တော့လေ၊သောနက ပစ္စေကဗုဒ္ဓါကြီးက ကြားတယ်။

ဩော်-ငါ့သူငယ်ချင်းက ငါ့ကိုရှာနေလိုက်တာ၊ ဆုတော်ငွေ ၁၀၀၀ တောင်ပေးမယ်ဆိုပါလား၊ ငါ့သူငယ်ချင်းက ငါ့တွေ့ရင် ဆုတော်ငွေ ၁၀၀၀ ပေးမယ်လို့တောင် ကြော်ငြာတဲ့ လူပျောက် ကြော်ငြာသီချင်းနဲ့ ရှာနေတာ ပါလား ဆိုပြီးတော့ ကလေးကို ခေါ် လိုက်တယ်။

ဟေ့-ကလေး၊ လာအုံးကွ။ မင်းဒီသီချင်း ဘယ်ကရတုန်း ဆိုတော့၊ ဟာ-ဒီသီချင်းအရ ကျက်စရာမလိုဘူးဘုရား။ တပည့်တော်တို့ ဘုရင်ကြီးရဲ့ လက်သုံးတော်သီချင်း၊ တပည့်တော်တို့ဘုရင့်သီချင်းမို့ အလိုလိုဘဲရတာ။

အဲဒီက ၁၀၀၀ မင်းမလိုချင်ဘူးလား?

အရှင်ဘုရား ဘယ်လိုပြောပါလိမ့်၊ ၁၀၀၀ လိုချင်တာပေါ့၊ တပည့်တော်တို့ သားအမိ သိပ်ဆင်းရဲတာဘုရား။

ဒါဆိုရင် ငါသီချင်းသင်ပေးမယ်၊ မင်းညီလာခံကျင်းပနေတဲ့ အချိန်သွားပြီး သီချင်းဆိုပေးရမယ်၊ နန်းရင်ပြင်ထက် သွားပြီးတော့ မင်း သီချင်းဆိုရဲလား? ဆိုရဲတာပေါ့ဘုရား။ ကဲ-ဒါဆိုရင် ငါသင်ပေးမယ်-နော်။

## သီချင်းစာသားလေး ပြန်ပြင်ပေးမယ်

မယံသုတ္တာ သတံဒေဟိ၊ သဟဿံဒိဋ္ဌသောဏကံ၊
အဟံတေသောဏကက္ခိဿံ၊ သဟာယံ ပံသုကီဋိတံ။

သင်ရဲ့သူငယ်ချင်းသောနက၊ တွေ့လိုတဲ့သူငယ်ချင်း သောနက တွေ့ပြီ၊ ဆုတော်ငွေ ၁၀၀၀ပေးပါဆိုတဲ့ ဒီလို အဓိပ္ပာယ်ရတဲ့သီချင်း သင်ပေးတာ။

ဒါဆိုရင် ပရိသတ်ရေ၊ အဲဒီအချိန်တုန်းက ဆုတော်ငွေ ၁၀၀၀ တန်ကြေးရှိမယ်လို့ ထင်တယ်နော်။ တော်တော်တန်ကြေးရှိပုံရတယ်၊ မရှိဘူးလား?

ရှိပါတယ်ဘုရား။

နေစမ်းပါအုံး - အဲဒီတုန်းက ၁၀၀၀ တန်ဘိုးရှိတယ်ဆိုတော့ ခင်ဗျားတို့က ခု ၁၀၀၀ကို စော်ကားတဲ့သဘောလား?

မဟုတ်ပါဘူးဘုရား။

အဲဒါမျိုးဆို ကျုပ်က မရဘူးနော်၊ ကျုပ်ကစိတ်ဆိုးတယ်၊ အဲဒီလို မစော်ကားနဲ့။

ပရိတ်သတ်ရေ ဦးဇင်း ပြာသိုလတုန်းက ရန်ကုန်ကို တရား ဟော ကြွလာတာ။ တရားဟောခမ္မခရီးစဉ်တွေက မန္တလေးမှာဟော - နောက်နေ့ ရန်ကုန်ဟောဆိုတော့ ရထားစီးချိန်မရဘူး၊ လေယာဉ်နဲ့ အသွားအပြန်ပေါ့။ တရားပွဲက-၃ ည။

တရားပွဲ ၃-ညက တစ်ညတစ်သောင်းဆိုတော့ သုံးသောင်း၊ လေယာဉ်က အိပ်မက်မက်နေသလားအောက်မေ့ရတယ်။ ဘယ် အချိန်များ သူကအလစ်တက်သွားတယ်မသိဘူး။ ခါတိုင်းဆိုရင်ရန်ကုန် နဲ့ မန္တလေးကို အသွားငါးထောင်၊ အပြန်ငါးထောင်။

ခု-ဘယ်အချိန်ကများ တိတ်တိတ်ပုန်းပြီးတက်လိုက်တယ် မသိပါဘူး။ ဘယ်သူ့ကိုမှ အသိမပေးဘဲတက်လိုက်တာဗျာ၊ အရင်က ထက် ၃-ဆတဲ့၊ အခု ရန်ကုန်နဲ့မန္တလေးကို အသွား တစ်သောင်း ရှစ်ထောင်၊ အပြန် တစ်သောင်း ရှစ်ထောင်။

ဟို တရားပွဲက ၃-ည သုံးသောင်း၊ လေယာဉ်ခက အသွား အပြန် သုံးသောင်းခြောက်ထောင်၊ လေယာဉ်ပေါ်တက်တော့လေ ဦးဇင်းကမေတ္တာ ပို့တယ်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ တက်နိုင်ကြပါ စေလို့ မေတ္တာပို့တာ။

ခုကြည့်၊ မင်းဒီသီချင်းကို ဟိုနန်းရင်ပြင်ထက်သွားပြီးတော့ သီချင်းဆို ဆိုတော့ ကလေးလေးကလေ သီချင်းကလေးလမ်းလျှောက် ရင်းနဲ့ ရေအိုး ကလေးခေါင်းပေါ်ရွက်၊ ထင်းစည်းလေးပုခုံးပေါ် တင်ရင်းနဲ့ မေ့မှာစိုးလို့ အပြေးအလွှားဆိုရင်းနဲ့ အိမ်ပြန်ရောက်လာ တယ်။

အမေ, အမေ၊ သားတို့ ဒီနေ့ ဆင်းရဲတဲ့ဘဝကနေ ချမ်းသာ တော့မှာ အမေရဲ့။ ဘာဖြစ်မှာတဲ့?

ချမ်းသာမှာပါဘုရား။

ဩော် - အဲဒီခေတ်က ၁၁၀၀ နော်၊ သားအမိနှစ်ယောက် ချမ်းသာတော့မှာတဲ့-နော်၊ ဒီခေတ်၁၁၀၀ကတော့ သားအမိ နှစ်ယောက် ဘယ်လောက်ပဲ သုံးရမလဲ-နော်။

အဲဒီတော့ ချမ်းသာတော့မှာတဲ့ဆိုတော့၊ ဟဲ့-ငါ့သား ဘယ်လို ဖြစ်လာတာလဲဆိုတော့ ဒီလိုအမေရဲ့၊ ဘုန်းကြီးတစ်ပါးကလေ ဒီလိုဘဲ သီချင်းဆိုပေးလိုက်တယ်။ အမေရော လိုက်ခဲ့၊ နန်းရင်ပြင်ထက်သွားပြီး တော့ သားတို့ သီချင်းဆိုကြမယ်ဆိုပြီး သားအမိနှစ်ယောက် ပရိသတ် ရှေ ခပ်သုတ်သုတ်ဘဲ နန်းရင်ပြင်သွားတာ၊

အဲဒီမှာ တံခါးစောင့်ကပြောတယ်။ ဟော့-ဘယ်သွားမလို့တုန်း ဆိုတော့ နန်းရင်ပြင်ထက်သွားပြီး သီချင်းဆိုမလို့ ဆိုတော့ ခွင့်မပေးဘူးတဲ့။ ညီလာခံကျင်းပနေတာတဲ့။

ပြော-ဘာလုပ်နေတာလဲ?

ညီလာခံကျင်းပနေတာပါဘုရား။

ဒါဆိုရင် ဘယ်လောက်ကြာအောင်စောင့်ရမလဲဆိုတော့ ခဏလေးပါဆိုပြီး ပရိသတ်ရေ စောင့်ခိုင်းတာ၊ ဟာ-တော်တော်နဲ့မပြီးဘူး၊ ကလေး က ခင်ဗျားတို့ညီလာခံ မပြီးသေးဘူးလား?

မပြီးသေးဘူးဆိုတော့ စောင့်နေပြန်ရော- တော်တော်နဲ့ မပြီးတော့ ပရိသတ်ရေ-ကလေးက ညီလာခံမပြီးလည်း ဝင်မယ်ဆိုပြီးတော့ နန်းတော်ထဲ ဝင်သွား၊ မတ်တပ်ရပ်၊ အမတ်တွေရဲ့အလယ်ကနေပြီး ကလေးက သီချင်း ဆိုတာ-

မယံသုတွာ သတံဒေဟိ၊ သဟဿံဒိဋ္ဌသောဏကံ၊
အဟံတေသောဏကက္ခိဿံ၊ သဟာယံ ပံသုကီဠိတံ။

အရှင်တွေလိုတဲ့ သောနက တွေ့ခဲ့မြင်ခဲ့ပြီ၊ ဆုတော်ငွေ ၁၀၀၀ ချီးမြှင့်တော်မူလှည့်ပါဘုရား-တဲ့။

ဟော့-ကလေး မင်းဘယ်တွေ့တာတုန်းဆိုတော့ ဥယျာဉ်ထဲ တွေ့ခဲ့တာပါ၊ ဒါဆိုရင် မင်းရှေ့ကသွား၊ ဒို့နောက်ကနေလိုက်မယ်ဆိုပြီး ဘုရင်ကြီး လိုက်ခဲ့ကြတာ-နော်။

ဥယျာဉ်တော်လည်းရောက်ရော သစ်ပင်အောက်မှာ ထိုင်နေတဲ့ သောနကကိုဘုရင်က ဆင်ပေါ်ကနေငုံ့ကြည့်တာ ပထမတော့ မမှတ်မိဘူး။ သေသေချာချာကြည့်တော့မှ မှတ်မိတာ။ မှတ်မိတော့မှ သူက ဘာပြောတုန်း ဆိုတော့-

ဩော်-ကြည့်စမ်း၊ ကြည့်စမ်း၊ ငါ့သူငယ်ချင်း ဒီအခြေအနေတိ ရောက်နေတာ၊ ငါကလေ ငါ့သူငယ်ချင်း ဒီလောက်ထိ မဆင်းရဲဘူးလို့ ထင်နေတာ၊ နောက်က မူးကြီး မတ်ရာသေနာပတိတွေကို သူက ပြန် ပြောတယ်။

## သူ့အထင်နဲ့ သူ့အမြင်

**ကပဏောဝတာယံဘိက္ခု၊ မုဏ္ဍောသယ်ာင့်ပါရုတော၊**
**အမာတိကောအပိတိကော၊ ရုက္ခမူလသ္မိံ ဈာယတိ။**

ဟော့-မူးကြီးမတ်ရာ သေနာပတိတို့၊ ကြည့်စမ်း-အထီးကျန် ပုဂ္ဂိုလ် ဒီနားကိုရောက်နေတယ်။

ဘာပုဂ္ဂိုလ်?

အထီးကျန်ပုဂ္ဂိုလ်ပါဘုရား။

ဘာဖြစ်လို့ အထီးကျန် ပုဂ္ဂိုလ်ပြောလဲဆိုတော့၊ ခေါင်းမှာ အုန်းဆီ ဝယ်စရာ ပိုက်ဆံမရှိလို့ ဆံပင်တွေ အကုန်လုံး ရိတ်ထားတဲ့ ဂတုံးကြီးတဲ့။

**ကပဏောဝတာယံ**-အထီးကျန်ဆိုတာက ငါပြောမယ်၊ **အမာ တိကော အပိတိကော** - သူ့မှာ အမေမရှိဘူး၊ အဖေမရှိဘူး၊ ရှိလား?

မရှိပါဘူးဘုရား။

ကြည့်စမ်း ဝတ်စရာအဝတ်မရှိလို့ အင်မတန်လေးပင်တဲ့ နှစ်ထပ် သင်္ကန်းကို ချုပ်စပ်ပြီးတော့မှ ပုခုံးပေါ် တစ်ဖက်ဖော်ပြီးတော့ သူဝတ်ထားတာ သနားစရာတဲ့။ ပရိသတ်ရေ-အဝတ်ဝတ်စရာမရှိလို့ ရသမျှတွေ အကုန်ချုပ်စပ်ပြီးတော့ဝတ်ထားရတာတဲ့၊ ဒီမှာ ပရိသတ် ရေ- ဦးဇင်းတော့ ရှင်ဘုရင်အလား ဝတ်ထားတာ-နော်။ သရီးရိုင်ဖယ် တစ်သောင်း ခုနှစ်ထောင်ပေးရတယ်။

ချုပ်စပ်ပြီးတော့ ဝတ်ထားတဲ့ နှစ်ထပ်သင်္ကန်းကြီး လည်ပင်းမှာ သိုင်းလို့၊ အဖေမရှိ အမေမရှိ အိုအရှင်ဘုရား တပည့်တော်ရဲ့ သစ်ပင်ရိပ်အောက်မှာ နေရတာ ချမ်းသာပါရဲ့လားဘုရား။

ကြည့်စမ်း-ပရိသတ်ရေ

- အုန်းဆီလိမ်းစရာမရှိလို့ ဂုတ်တုံးတုံးတာတဲ့

- အဝတ်ဝတ်စရာမရှိလို့ နှစ်ထပ်သင်္ကန်းကို ချုပ်စပ်ဝတ်တာ

- အဖေမရှိ၊ အမေမရှိလို့ သူသည် အထီးကျန်တယ်တဲ့

. . . နော်၊ ပြော-ဘာတဲ့ ?

အထီးကျန်ပါတယ်ဘုရား။

## သနားစရာဟာ မင်း ပါ

အဲဒီမှာ သောနက က ပြန်ပြောတယ်။

**ယောစ ဓမ္မံ နိရံကတွာ၊ အဓမ္မံ မနုဝတ္တတိ၊**

**သရာဇကပဏောဟောတိ၊ ပါပေါပါပပရာယဏော။**

**ယောစ**-အကြင်သူသည်၊ **ဓမ္မံ**-ဓမ္မကို၊ **နိရံကတွာ**-စွန့်ပြီးတော့မှ ပရိသတ်ရေ၊ ဓမ္မဆိုတာ အသိတရား။ **အဓမ္မံမနုဝတ္တတိ-အဓမ္မကို နင်** ကျင့်သုံးတယ်တဲ့၊ အဓမ္မဆိုတာ-မသိတရား။

ပရိသတ်ရေ မှောင်တဲ့တရား၊ လင်းတဲ့တရားပေါ့-နော်။

အသိတရားက . . . . . . . . လင်းတဲ့တရား

မသိတရားက . . . . . . . . မှောင်တဲ့တရား-နော်။

ဟဲ့-မင်းကြီး၊ နင်က ဓမ္မကိုစွန့်ပြီးတော့ အဓမ္မကိုကျင့်သုံးတယ်၊ အလင်းရောင်ပျောက် အမှောင်ထဲကို နင်ရောက်နေတယ်။ အသိတရားမရှိ၊ မသိတရားတွေ လွှမ်းမိုးပြီးတော့နေတယ်။

မသိရင် ဘာဖြစ်မလဲ?

မသာဖြစ်ပါမယ်ဘုရား။

မသိရင် မသာဖြစ်မဲ့နင်ကမှ အထီးကျန်တဲ့ ပုဂ္ဂိုလ်တဲ့၊ ပရိသတ်ရေ တရားဓမ္မမရှိရင် ထိုပုဂ္ဂိုလ်ဘာတုန်း? အထီးကျန်ပုဂ္ဂိုလ်-နော်၊ ပြော-ဘာ ပုဂ္ဂိုလ်?

အထီးကျန်ပုဂ္ဂိုလ်ပါဘုရား။

အထီးကျန်ပုဂ္ဂိုလ်မသိတဲ့ နင့်လို ပုဂ္ဂိုလ်၊ အဲဒီမသိတဲ့ ပုဂ္ဂိုလ်တွေရဲ့ လားရာဖြစ်တဲ့ အထီးကျန်ပုဂ္ဂိုလ်တွေရဲ့ လားရာဖြစ်တဲ့၊ စုန်ရာဖြစ်တဲ့ အပါယ် လေးဘုံကို နင်ရောက်ရလိမ့်မယ်၊ ဒါကြောင့် နင့်ကိုမှ ငါသနားတာ။

ပရိသတ်ရေ သနားတယ်ဆိုတဲ့ စကားလေးကို တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ပြောကြတယ်။

## မသိလို့မသာဖြစ်နေသူသာ သနားစရာ

ကြည့် -ဘုရင်ကြီးက အရှင်ဘုရား တပည့်တော်ရဲ့ အပင်ရိပ်မှာ ခိုရတာ အရှင်ဘုရားချမ်းသာပါရဲ့လားဘုရား၊ အရှင်ဘုရား အဖေအမေမရှိ အထီးကျန်လိုက်တာ၊ ဂတုံးတုံးထားတယ်၊ နှစ်ထပ် သင်္ကန်းကြီး ဝတ်ထားတယ် တဲ့-

ငါက အထီးကျန်တာမဟုတ်ဘူး။ သင်ကမှ တရားဓမ္မ စွန့်ပြီးတော့ မတရားတာတွေကျင့်သုံး၊ အသိမရှိ၊အသိတရားခေါင်းပါးပြီးတော့မှ မသိတရား လွှမ်းမိုးတဲ့နင်ကမှ တကယ့်အထီးကျန်သနားစရာ၊ နင်သေရင် အပယ်ရွာ ရောက်လိမ့်မယ်လို့ သောနက ပစ္စေကဗုဒ္ဓါက ပြောတယ်-နော်။ မသိရင် နင်ဘာဖြစ်မှာတဲ့?

မသာဖြစ်မှာပါဘုရား။

မသိရင် မသာဖြစ်မှာ၊ ငါလိုသိအောင် ကြိုးစားတဲ့။ ငါ့မှာ သာယာတဲ့ ဘဝ၊ ချမ်းသာတဲ့ဘဝနဲ့နော်၊ ဒို့ရဟန်းများက

- ဥစ္စာစပါးတွေ သိမ်းမထားတဲ့အတွက်ကြောင့် ချမ်းသာတယ်။
- မျှမျှတတ ဆွမ်းကို ရှာဖွေစားတဲ့အတွက်ကြောင့် ချမ်းသာတယ်။
- အဲဒီဆွမ်းကို ဆင်ခြင်ဉာဏ်နဲ့ စားတဲ့အတွက်ကြောင့် ချမ်းသာတယ်။
- ဘုရင်တို့နဲ့ ရောရောယှက်ယှက်မနေတဲ့အတွက် ချမ်းသာတယ်။
- အခွန်အတုပ်တွေ မပေးရတဲ့အတွက် ချမ်းသာတယ်. . .

တဲ့-နော်။ ရဟန်းချမ်းသာတွေကို သူတစ်မျိုးစီ တစ်မျိုးစီ ရှင်းပြတာ၊ ဒါကြောင့် သိလို့မို့ ငါတို့ဘဝမှာ သာသာယာယာ ဘဝမျိုးရောက်တယ်၊ မင်းကို ငါလိုသိအောင်လာပြီးတော့တရားဟောတာ၊ မင်းကမှ မသိတဲ့ပုဂ္ဂိုလ်၊ အထီးကျန် ပုဂ္ဂိုလ်။

## သူပျော်တိုင်း သူတော်တဲ့လား

အဲဒါကို မသိချင်ယောင်ဆောင်ပြီးတော့မှ ဘုရင်ကြီးက ပြောတယ်။

**အရိန္ဒမောတိမေနာမံ၊ ကာသိရာဇာတိမံဝိဒူ**

**ကိစ္စဘောတော သုခသေယျာ၊ ဣဓပတ္တဿသောဏက။**

အို အရှင်ဘုရား သောနက၊ တပည့်တော်နံမည် အရိန္ဒမ၊ ကာသိမင်းလို့လည်း ခေါ်တယ်ဘုရား။ တပည့်တော်ရဲ့ နေရာကို ရောက်လာရင် အရှင်ဘုရား ချမ်းချမ်းသာသာ နေပါတယ်ဘုရား။

အရှင်ဘုရား တပည့်တော်ဥယျာဉ်ထဲနေရတာ ချမ်းချမ်းသာသာ ရှိပါရဲ့လား ဘုရားတဲ့။

ပရိသတ်ရေ-တစ်ခြားစီနော်။ သူ့နံမည်မေးတာဟုတ်ရဲ့လား?

မဟုတ်ပါဘူးဘုရား။

## မွေလက်ဆောင် ပေးပါရစေ အိုအဆွေ

ဟော့-မင်းကြီး၊ မင်း မကြားချင်ယောင်ဆောင်မနေနဲ့၊ စကားမလွှဲနဲ့၊ မင်းကို ငါ နောက်ဆုံးတရားဟောခဲ့မယ်၊ နောက်ဆုံး ဘာဟောခဲ့မလဲ?

တရားဟောခဲ့မှာပါဘုရား။

ပြန်ပြော - ဘာဟောမှာ?

တရားဟောမှာပါဘုရား။

ကာမရဲ့အလယ်မှာ၊ ကာမရွာမှာ ကာမသတ္တဝါတွေ ကာမနဲ့သေရင် ဟောဒီကာမဂုဏ်ပြန်ရလာတော့ အိုနာသေ မဆုံးနိုင်တော့ဘူးတဲ့။ အဲဒီ ကာမဂုဏ်က ဘာနဲ့တူတုန်းလို့ဆိုရင် မီးပုံကြီးနဲ့တူတယ်။

ဘာနဲ့တူ?

မီးပုံကြီးနဲ့တူပါတယ်ဘုရား။

ကာမရွာမှာနေကြတဲ့ ကာမဂုဏ်ခံစားတဲ့သတ္တဝါတွေက နူနာရောဂါသည်ကြီးနဲ့တူတယ်။ ကိုယ့်သန္တာန်ဖြစ်နေတဲ့ လောဘ၊ ဒေါသက နူနာရောဂါနဲ့တူတယ်။ ဒါကြောင့် နူနာစွဲနေတဲ့ အနူကြီးတဲ့-နော်။

ကြည့်စမ်း၊ အနူစွဲနေတဲ့ အနူကြီးတစ်ယောက်ရဲ့ ဘဝကိုကြည့်လိုက်ရင် လက်ပြတ်ခြေပြတ် တရွတ်ရွတ်နဲ့ နှစ်သက်စရာရှိလား?

မရှိပါဘူးဘုရား။

တစ်ခါတစ်လေ သူက အနာယားလာလို့ရှိရင် မီးဖိုဘေးနား

သွားပြီးတော့ သူကအနာကုတ်ဖဲ့ပြီးတော့ မီးကင်ပေးရတာ။ ဘာ ကင်ပေးလဲ?

မီးကင်ပေးပါတယ်ဘုရား။

မီးကင်ပေးတယ်နော်၊ အနာကုတ်ဖဲ့ပြီးတော့မှ သူမီးကင် ပေးလိုက်တာ၊ အဲဒီလိုဘဲ အခုကြည့် မီးပုံကြီးဆိုတဲ့ကာမဂုဏ် မင်း ခံစားနေတဲ့ ကာမဂုဏ်တွေကို နှစ်ပေါင်းငါးဆယ်ကျော်ကျော် မင်း ခံစားနေလိုက်တာ။ မီးပုံနံဘေးနားက အနာကုတ်ဖဲ့မီးကင်နေတဲ့ နူနာသည်နဲ့တူလိုက်တာလို့ ဥပမာပေးပြီးဟောတာ။

အရှင်ဘုရား ဘယ်လိုဘဲ ဟောဟော၊ တပည့်တော်ရဲ့ဘဝက အရှင်ဘုရား မပြောနဲ့တော့၊ နွံထဲမှာ နစ်မြုပ်နေတဲ့ ဆင်ကြီးလို့-

ရှေ့ခြေထောက်နှုတ်တော့ နောက်ခြေထောက်ကမြုပ်

နောက်ခြေထောက်နှုတ်တော့ ရှေ့ခြေကမြုပ် . . . နဲ့ နှုတ်လေ မြုပ်လေ တပည့်တော်ရဲ့ ကာမဂုဏ်ညွှံဗွက်ထဲက တပည့်တော်ထွက် နိုင်ဘို့ ဆိုတာ မလွယ်တော့ဘူးဘုရားတဲ့။ လွယ်ပါအုံးမလား?

မလွယ်ပါဘူးဘုရား။

မလွယ်တာ လွယ်တာ ခဏထား၊ မင်းကို အသိရှိစေဘို့ ငါ တရား တစ်ပုဒ် ဥပမာပေးပြီးတော့ ဟောခဲ့မယ်။

## ဟို ရှေးရှေးတုန်းက ဇာတ်တော်မှာလာ

တစ်ချိန်တုန်းက တစ်ခါတုန်းက

ဟိုး-အာကာသကောင်းကင်ခရီးမှာ ကျီးမိုက်တစ်ကောင် ပျံလွှားရင်းနဲ့ ရှေ့တူရူကို ပျံနေရာကနေ အောက်ကို ငုံ့ကြည့်လိုက် တော့ ဂင်္ဂါမြစ်ထဲမှာ ပေါလောပေါလောနဲ့ မျောနေတဲ့ ဆင်သေကောင် ပုပ်ကြီးကို မြင်တယ်ကွ။

ဘာကိုမြင်တုန်း?

ဆင်သေကောင်မြင်ပါတယ်ဘုရား။

ရှေ့မပျံဘဲ ဆင်းပြီး ဂင်္ဂါမြစ်ထဲက ဆင်သေကောင်ပုပ်ကြီးပေါ်မှာ သူနားလို့ အသားစားလိုက်၊ အသွေးသောက်လိုက်၊ ရေကလေးသောက်လိုက်၊ ကမ်းကိုကြည့်လိုက်၊ ကမ်းတွေသောင်တွေရှိနေတဲ့အချိန်မှာ သူကမ်းပေါ် သောင်ပေါ်ကို မတက်ဘဲနဲ့ အဲဒီဆင်သေကောင်ပေါ်မှာ သူကစိတ်ကူးယဉ်ခဲ့တယ်။

**ဂမ္ဘီရေ** - အင်မတန် နက်ရှိုင်းလှစွာသော၊ **ဂင်္ဂါနဒိယံ** - ဂင်္ဂါမြစ်ထဲ၌၊ ပေါလောပေါလောနဲ့မျောပါတဲ့၊ ဆင်သေကောင်ပုပ်နဲ့တွေကာ၊ ငှါတစ်သက် စားမကုန်တော့ဘူးတဲ့။

ကုန်ပါအုံးမလား?

မကုန်ပါဘူးဘုရား။

စားစရာသောက်စရာတွေက များလိုက်ပါဘိ၊ စားလို့သောက်လို့ မဆုံး၊ ဒုက္ခတွေနဲ့ရောပြွန်းပြီးတော့နေတဲ့ ဟောဒီမြစ်ထဲမှာဘေးဒုက္ခအလွန်မက်တဲ့ဘဝသာယာလိုက်တာ၊ စားစရာသောက်စရာတစ်သက်စားလို့ သောက်လို့ စားလို့မကုန်ဘူး၊ အူတွေစားလိုက်၊ အသဲတွေစားလိုက်၊ အသားတွေ စားလိုက်၊ အသွေးတွေကိုသောက်လိုက်နဲ့ပေါ့၊ နောက်တစ်ခါ ပြောပြန်တယ်။

နေ့လည်း ဒီနေလိုက်ရုံဘဲ၊ ညလည်းဒီနေလိုက်ရုံဘဲ၊ ဘယ်မှအထူးအထွေအစာရှာထွက်စရာမလိုတော့ဘူးတဲ့။ အစာရှာထွက်စရာလိုသေးလား?

မလိုပါဘူးဘုရား။

အဲဒီကျီးမိုက်က ဆင်သေကို စီးပြီးသွားလိုက်တာ၊ ဂင်္ဂါ၊ ယမုန်နာ၊ အစီရဝတီ၊ သရဘူ၊ မဟီ၊ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာက

စီးလာတဲ့ ရေဘယ်ရောက်တုန်းဆိုတော့ သမုဒ္ဒရာထဲရောက်တယ်၊ ဘယ်ရောက်လဲ?

သမုဒ္ဒရာထဲ ရောက်ပါတယ်ဘုရား။

ဂင်္ဂါမြစ်ထဲကနေ ပေါလော ပေါလောမျောသွားတဲ့ ဆင်သေက အခုကြည့် သမုဒ္ဒရာထဲရောက်သွားတယ်၊ ဆင်သေကောင်ပုပ်ကြီးက သမုဒ္ဒရာထဲ ရောက်တော့ လှိုင်းတွေကထန်ပြီး ဝုန်းကနဲဆို ရိုက်လိုက်တာ အသားတစ်ခြား အရိုးတစ်ခြား ဖြစ်သွားရော-ဗျာ။

မဖြစ်ဘူးလား ?

ဖြစ်ပါတယ်ဘုရား။

အဲဒီလိုအသားတခြား၊ အရိုးတခြားလည်းဖြစ်သွားရောဗျာ၊ ဆင်သေကို စီးလိုက်လာတဲ့ ကျီးမိုက်က အဲဒီတော့မှ ကမ်းရှာရင်း သောင်ရှာရင်းနဲ့ အတောင်ညောင်းလာပြီးတော့ အဲဒီသမုဒ္ဒရာထဲမှာ ပျံရင်းအတောင် ညောင်းပြီး ပြုတ်ကျလို့ ငါးစာ ငါးမန်းစာဖြစ်ပြီး သေပွဲဝင်ရတယ်တဲ့။

ဘာဖြစ်သွားလဲ?

သေသွားပါတယ်ဘုရား။

## ကျီးထက်မိုက်အနှုန်းမလှို့လား ဟင်

ကျီးထက်မိုက်ကောင်၊ ဆင်သေကောင်ထက်
သောင်သို့မလှမ်း၊ ကမ်းသို့မတက် အပုပ်မက်၍
စီးလျက်စားကာ၊ လိုက်ပါလေက
သမုဒ္ဒရာရောက်ဆိုက်၊ လှိုင်းဝယ်ရိုက်၍
ရေဒြမောနစ်၊ ငါးစားဖြစ်သို့ . . . .
စင်စစ်မဆုံး

လူတို့ဘောင်၌၊ အိမ်ထောင်ကိုဘဲ သေအောင်စွဲ၍
အမြဲနေငြား၊ သားမယားနှင့်
ခံစားကာမ၊ ထိုထိုမျှကို
ဗလပညာ၊ ကျီးပမာဟု
မဟာဝိသုဒ်၊ မြတ်သမ္ဗုဒ်တို့
ရှေးနူတ်မြွက်ခြွေ၊ ဟောခဲ့ပေ၏။

ကျီးမိုက်လို ဖြစ်မှာပေါ့တဲ့၊ မင်းရဲ့ဘဝ ဘာနဲ့တူတုန်းဆိုရင် ဆင်သေ စီးလိုက်တဲ့ ကျီးမိုက်လိုဘဲတဲ့-နော်။

ဆင်သေက . . . . . . . . . . ကာမဂုဏ်
သမုဒ္ဒရာရေက . . . . . . . . . . ၃၁-ဘုံ
စီးလိုက်တဲ့ကျီးမိုက်က . . . . . . . . . . ပုထုဇဉ်တွေ

ကာမဂုဏ်မက်မောလို့ ကာမရွာမှာ ကာမသတ္တဝါတွေ၊ ကာမဂုဏ်နဲ့နေ၊ ကာမဂုဏ်နဲ့သေရင် ဟောဒီလှိုင်းထန်လှတဲ့ အိုနာသေ ရှိနေတဲ့ ၃၁ ဘုံ ထဲမှာဘဲ နောက်တစ်ခါ မသေရဘူးလား?

သေရပါမယ်ဘုရား။

**စင်စစ်မဆုံး**

လူတို့ဘောင်၌၊ အိမ်ထောင်ကိုဘဲ သေအောင်စွဲ၍
အမြဲနေငြား၊ သားမယားနှင့်
ခံစားကာမ၊ ထိုထိုမျှကို
ဗလပညာ၊ ကျီးပမာဟု
မဟာဝိသုဒ်၊ မြတ်သမ္ဗုဒ်တို့
ရှေးနူတ်မြွက်ခြွေ၊ ဟောခဲ့ပေ၏။

မင်းကြီး၊ မင်း ကျီးမိုက်လို သမုဒ္ဒရာရောက်ရင် သေပွဲဝင်လိမ့်မယ်၊ မင်း ကာမဂုဏ်စည်းစိမ်တွေ ထီးနန်းရိပ်ငြိမ်တွေနဲ့ ဒါကိုပဲ ငါ့ထီး

ငါ့နန်း ငါ့ကြွှာန်းနဲ့သာ ပရိသတ်ရေ ငါတကောကောပြီးတော့သာ အသေခံမယ် ဆိုရင်တော့ မင်း ၃၁ ဘုံမှာဖြင့် နစ်မွန်းလို့ ဘဝမှာ အပါယ်လေးဘုံလည်း ရောက်ရလိမ့်အုံးမယ်။ အချိန်မီ ပြုပြင်တော့။ မင်းအချိန်မီ တရားလေ့ကျင့်တော့ အချိန်မီ အသိရှိတော့လို့ မသိတဲ့ ဘုရင်ကို အသိရှိဖို့အတွက် ပရိသတ်ရေ ဆင်သေစီးလိုက်တဲ့ ကျီးမိုက် ပုံပမာနဲ့ တရားဓမ္မဟောပြလိုက်တယ်။

နောက်ဆုံး ဟောလို့ပြီးပြီလည်းဆိုရော ဈာန်ယာဉ်စီးပြီးတော့ သောနကပစ္စေကဗုဒ္ဓါကြီးက ကောင်းကင်ကို ခုန်တက်ပြီး အရိန္ဒမရဲ့ ဦးထိပ်ထက်မှာ ခြေဖဝါးက မြေမှုန်လေးတွေ ခါချထားခဲ့တာ။

ဘုရင်က အပေါ်မော့ကြည့်ပြီးတော့မှ သူက သတိသံဝေဂ ရလိုက်တယ်။

ကြည့်စမ်း သောနက ပြောသမျှ သဘောကျတဲ့ ငါ့ဘဝ၊ ဟော့-သောနက တကယ်ဆိုရင် သူ့အမျိုးက ငါ့အမျိုးလောက် မမြတ်ဘူး။ အမျိုးမမြတ်တဲ့ သောနက က ခု ငါ့ခေါင်းပေါ်မှာ ခြေဖဝါးချတယ်။ အမျိုးမြတ်တာ-မမြတ်တာ ပမာနမဟုတ်။ တရားသိဘို့ မသိဘို့က ပမာနဘဲဆိုတာ သူသိသွားတယ်။

## မိုးမာန်ချချိန်

အဲဒီတော့မှ သူ့မာန်တွေကျသွားပြီးတော့- ငါတရားသိအောင် ကြိုးစားမယ်ဆိုပြီးတော့ အဲဒီနေ့မှာပဲ ထီးနန်းအပ်တော့မယ်လို့ တိုင်းပြည်ကို ကျေညာလိုက်တယ်-ဗျ။

ဘာအပ်မလဲ?

ထီးနန်းအပ်ပါမယ်ဘုရား။

ပရိသတ်ရေ- ပြန်ပြောပါအုံး-ဘာအပ်မလဲ?

ထီးနန်းအပ်ပါမယ်ဘုရား။

ထီးနန်းအပ်မယ်ဆိုပြီးတော့ ညီလာခံခေါ်၊ တိုင်းပြည်ကို ပရိသတ်ရေ- ဘယ်လိုကျေညာလိုက်တုန်းဆိုတော့ ငါ ထီးနန်းအပ်တော့မယ်။ ငါ့သားတော်ကြီး ဒီဃာဝု အကြီးဆုံးသားကြီးကို ငါ့ထီးနန်းအပ်မယ်တဲ့။

ပရိသတ်ရေ-ပြော ဘယ်သူ့အပ်မှာ?

သားကြီးကိုပါဘုရား။

အကြီးဆုံးသားကြီးကို ထီးနန်းအပ်မှာနော်။ တိုင်းပြည်ထဲမှာ ပညာရှင်တွေ၊ တကယ့် မျိုးချစ်စိတ်ရှိတဲ့ပုဂ္ဂိုလ်တွေ စွမ်းနိုင်သူတွေလည်း များစွာ ရှိနေတယ်။ ဒါပေမယ့် ဘုရင်ကြီးကို အဲဒီပုဂ္ဂိုလ်တွေကို မအပ်ဘူး။ ဘုရင်ကြီးက ထုံးစံအတိုင်း သူ့သားကြီးကို အပ်မှာနော်။

အဲဒီတော့ သူ့သားကြီးကို ခေါ်ပြောတယ်။ ငါ့သား- မင်းအဖေ့အရိုက်အရာကို မင်းဆက်ခံတော့။ ဘယ်နေရာမှာ မြေပေါင်းဘယ်လောက်၊ မြင်းပေါင်းဘယ်လောက်ရှိတယ်။ ဘယ်နေရာမှာ တိုင်းပြည်ဘဏ္ဍာငွေက ဘယ်လောက်ရှိတယ်ကွဲ့။ ဒါစာချွန်တွေ၊ ဒီလိုမှတ်တမ်းပြုရတယ်၊ ဒီလိုနေရတယ်၊ ထိုင်ရတယ် စသဖြင့် ပရိသတ်ရေ လုပ်နည်းကိုင်နည်း စားနည်း သောက်နည်း နေနည်း ထိုင်နည်းတွေကို သူ့အဖေက အကုန်သင်ပြတာ။

သူ့သားက အဖေရယ် စိတ်ရှည်လက်ရှည်နဲ့ အေးအေးဆေးဆေး သင်ပေးပါအုံး။ အဖေရဲ့ နေထိုင်စားသောက် လုပ်ကိုင်နည်းတွေ၊ စာရင်းဇယားတွေကို သင်ပေးပါအုံးဆိုတော့။ ငါ့သား-အချိန်ဆွဲလို့မဖြစ်ဘူး။ အဖေက ဒီလောက်ပဲ သင်ပြနိုင်မှာ၊ အဖေက ဒီနေ့ပဲ ရဟန်းဝတ်တော့ မယ်တဲ့။ ဘာဝတ်မှာ?

ရဟန်းဝတ်မှာပါ ဘုရား။

သားက အကုန်လုံး စိတ်ရှည်လက်ရှည် သင်ပေးစေချင်တာ။ ဒါပေမယ့် အဖေက လိုရင်းတိုရှင်းပဲ သင်ပြ၊ လိုရင်းပဲ ပြောပြသွားတာ-နော့။ ဒီနေ့ပဲ ငါရဟန်းပြုမယ်ဆိုပြီး-

## မြတ်သောလမ်းကို ငါကြွလှမ်းတော့အံ့

အဇ္ဇေဝပဗ္ဗဇိဿာမိ၊ ကောဇညာမရဏံသုဝေ၊

မာဟံကာကောဝ ဒုမ္မေတေ ကာမာနံဝသမန္ဝဂံ။

အဟံ-ငါသည်၊ အဇ္ဇေဝ-ယနေ့ပဲ၊ ပဗ္ဗဇိဿာမိ-အိမ်ရာတည်ထောင် လူ့ဘောင်ကိုခွာပြီး ရဟန်းပြုတော့မယ်။

ဘာပြုတော့မယ်?

ရဟန်းပြုပါမယ်ဘုရား။

ပြန်ပြော-

ရဟန်းပြုပါမယ်ဘုရား။

ရဟန်းပြုတော့မယ်။ အိမ်ရာတည်ထောင် လူ့ဘောင်ခွာပြီး ရဟန်း ပြုတော့မယ်။ မနက်ဖြန် သဘက်ခါ ရက်မရွှေ့တော့ဘူး။

ဒီကနေ့သေမယ်။ မနက်ဖြန်သေမယ် ဘယ်သူသိမှာလဲ၊ ဒီကနေ့ သေမယ်။ မနက်ဖြန်သေမယ် ဘယ်သူသိသလဲ?

မသိပါဘူးဘုရား။

သေတော့လည်းပဲ လူများစွာ ပို့မှာလား? လူအစိတ်လောက်ပဲ ပို့မှာလား ဆိုတာ သိသလား?

မသိပါဘူး ဘုရား။

ဘယ်သူမှ မသိဘူး။ ပရိသတ်ရေ- ခွေးပစ် ဝက်ပစ်လည်း အပစ်ခံရင်လည်း ခံရမှာပဲ။ လူများစွာ ဝိုင်းအုံပြီး ပို့ရင်လည်း အပို့ခံရမှာပဲ ကိုးဗျ-နော်။ သေခြင်းတရား သိမှမသိတာ။ သေပြီးနောက်မှ ကိုယ့်

ဘယ်သူပို့မယ် ဆိုတာရော သိသလား?

မသိပါဘူး ဘုရား။

အေး-ပရိသတ်၊ ဒီလိုကိုးဗျ-နော်။ ဟာ-ဘာတစ်ခုမှ ငါကြိုတင်မသိတဲ့အတွက်ကြောင့် ဒီနေ့သေမယ် မနက်ဖြန် သေမယ်ဆိုတာ ငါမသိဘူး။ ဒါကြောင့် ငါဒီနေ့ပဲ ယရာဝါသ ကြပ်တည်းလှတဲ့ ကိစ္စများမြောင် လူတို့ ဘောင်မှ လွတ်အောင် ရုန်းထွက်၊ ပဗ္ဗဇ္ဇိဿာမိ-ဖန်ဝါသက်နီးဆင်မြန်းပြီး ရှင်ရဟန်းအဖြစ်သို့ တက်လှမ်းနိုင်ရာ သတည်း။

သာဓု　သာဓု　သာဓု ပါဘုရား။

မသိတဲ့ အရိန္ဒမ သိတဲ့ သောနက ပြောပြလို့ ခုကြည့် သူလည်း ဘာဖြစ်တုန်း? သိပြီဗျ၊

ဘာဖြစ်ပြီလဲ?

သိပါပြီဘုရား။

ပရိသတ်ရေ တောတောင်ချိုင့်ဝှမ်းတွေမှာ ရဟန်းဝတ်နဲ့ သူသည် တရားတွေ အားထုတ်တာ ဈာန်အဘိညာဉ်တွေရလို့ သောနက ပြောပြလို့ သူသည် ပြဟ္မာ့ပြည်ကို ရောက်ရပါတယ်-နော်။

ဘယ်ကို ရောက်တုန်း?

ပြဟ္မာ့ပြည်ကို ရောက်ပါတယ်ဘုရား။

ပရိသတ်ရေ အရိန္ဒမဆိုတာ ဘုရားအလောင်းပါဗျာ။

ဘယ်သူ့ အလောင်း?

ဘုရားအလောင်းပါဘုရား။

သောနက ပစ္စေက ဗုဒ္ဓါအရှင်သူမြတ်ကြီးကတော့ ပရိနိဗ္ဗာန်စံပြီ။ ဒီနေ့ ဇာတ်ပေါင်းတဲ့အခါကျတော့-

အရိန္ဒမဆိုတာက- ဘုရားအလောင်း

ဒီဃာဝု သတို့သားက- ရာဟုလာ လို့ လာဖြစ်တယ်လို့ ဇာတ်တော် ကောင်းစွာမသွေ ပေါင်းရုံးပြလိုက်ပါပေသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

## မသိမသာ (သို့) သိသိသာသာ

ပရိသတ်ရေ-

မသိ---မသာ

သိသိ---သာသာ နော်။

သိသိသာသာဆိုတာ ဘာသိတုန်း? ဘုရားမှန်းသိ တရားမှန်းသိ သံဃာမှန်းသိ ကုသိုလ်ပြုရမှန်းသိ ရုပ်နာမ်ခန္ဓာ ဖြစ်ပျက်မှန်းသိတဲ့ ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်က သာသာယာယာ အိုနာသေကင်းတဲ့ နိဗ္ဗာန်ကို ပရိနိဗ္ဗာန် မပြုရဘူးလား?

ပြုရပါတယ်ဘုရား။

ဘယ်သူတုန်း? သောနက ပစ္စေကဗုဒ္ဓါ။

ဘယ်သူ?

သောနက ပစ္စေက ဗုဒ္ဓါ ပါဘုရား။

မသိလို့ မသာတဲ့၊ မသိလို့ပရိသတ်ရေ တိုင်းပြည်နိုင်ငံတွေ တိုက်တာ တွေ ငါ့သား ငါ့သမီး ငါ့ဥစ္စာ ငါ့ထီး ငါ့နန်းလို့ နှစ်ပေါင်း ၅၀ တိုင်တိုင် အုပ်ချုပ်ခဲ့တာ။ မသိတဲ့ ဘယ်သူတုန်း? အရိန္ဒမ

အခုတော့ သိတဲ့ သောနက ပစ္စေက ဗုဒ္ဓါ ပြောပြလို့ သူလည်း သိပြီ။ သိလို့ သူတရားကျင့်လို့ဖြပ္ပွာပြည်ရောက် ရပြီတဲ့။ နောက်ဆုံးတော့ သူလည်း ဘုရားဖြစ်ရတယ်။ ဘုရာအလောင်းကိုးဗျ-နော်။

ဒါကြောင့် မသိလို့ မသာဖြစ်ကြတယ်ဆိုတာက ဘာမသိတာတုန်း ဆိုတော့ ဘုရားမှန်းမသိ တရားမှန်းမသိ သံဃာမှန်းမသိ ကုသိုလ်ပြုရမှန်း မသိ ၂၅ နှစ်မြောက် ငွေရတုသဘင်ဆိုတာလေးတောင် မသိလို့ ခါတိုင်း ဟောနေကျ ဓမ္မပလ္လင်၊ ခါတိုင်းဟောနေကျ ပရိသတ်ပဲ ပြန်တွေ့ရဘယ် ပရိသတ်။ ဒီထက် မစည်ကားဘူး။ မသိတဲ့လူတွေလို့ သတ်မှတ်မယ်။

တကယ်ဆို ၂၅ နှစ်ပြည့်ဆိုတာ သိပြီးတော့ စည်စည်ကားကား တက်တက်ကြွကြွ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲရမှာ။ မနက်ဖြန်ဆိုရင် လူမရှိလို့ကတော့ သိပြီပေါ့ဗျာ။

ဒါကြောင့် ပရိသတ်များ ဘဝမှာ မသိလို့ မသာတွေဖြစ်နေကြရ တာနော်။

ဘဝမှာ ဘုရားမှန်းသိ၊ တရားမှန်းသိ၊ သံဃာမှန်းသိ၊ ကုသိုလ်ပြုရမှန်းသိလို့ ဘဝသာသာယာယာဖြစ်ပြီးအိုနာသေကင်းတဲ့သောနကပစ္စေက ဗုဒ္ဓါအရှင်သူမြတ်ကြီးတို့လို စံမြန်းနိုင်ကြစေကုန်သောရယ်လို့ ပတ္ထနာ အောင်ဆု အခါခါပြုလိုက် ကြကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓု ပါဘုရား။

## ရှင်ကြည်အပြုံးနဲ့ နှုတ်ဆက်ပါရစေ

မသိမသာတရား ဒေသနာ ဒီမှာပဲ နိ ဂုံးကမ္ပတ် အဆုံးသတ်ပါပြီ။ ဆုတောင်းမေတ္တာနိဂုံးဖြင့် တရားသိမ်းရအောင် ဆိုလိုက်-

**သီတဂူလမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာပျံ့ပါစေ။**
**အလင်းရောင်ကို၊ လက်ခံကြို၊ လူဗိုလ်အများ၊ ငြိမ်းချမ်းစေ။**
**တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ---။**

**ဒေသိတော မေ အယံ ဓမ္မော၊ ဗုဒ္ဓေန အဋ္ဌဘာသိတော။**

**တေန သစ္စေ သုခါယန္တု၊ ဇနာ ဣဋ္ဌ သမဂ္ဂိနော။**

ဗုဒ္ဓေန-အရဟံတစ်ဆူ သယမ္ဘူကို တုန့်ုင်းမမြင် ဂေါတမဘုရား ရှင်သည်၊ **အဋ္ဌဘာသိတော**-ပြတ်ပြတ်သားသား ဟောကြားပြအပ် သော၊ **အယံဓမ္မော**-ယခုဟောပြတဲ့ မသိမသာတရားတော် အမည်ရှိ တဲ့ တရား ဒေသနာကို။ **ဒေသိတော**- တရားလိုလားကြတဲ့ အမျိုးသား အမျိုးသမီးတို့အတွက် ကြိုးစား၍ ဟောကြားလိုက်ရပါပေ၏။ **တေန**-ထိုသို့ဆည်းပူး ဓမ္မဒါန ဓမ္မကုသိုလ်ထူးကြောင့်၊ **သစ္စေ**-လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာမကြွင်း ခပင်းဥဿုံ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်၊ **ဣဋ္ဌသမဂ္ဂိနော**-မိမိတို့ အလိုရှိအပ် တောင့်တအပ် ကောင်းမြတ်တဲ့ ဆုလာဘ်မင်္ဂလာ ကျက်သရေအဖြာဖြာနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍၊ **သုခါယန္တု**-ယနေ့ကစ နိဗ္ဗာန်ရသည့် ဘဝတိုင် အောင် စိတ်ရွှင်လန်း၍ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိတော်မူကြပါစေကုန်သတည်း။

သာဓု. . . သာဓု. . . သာဓု ပါဘုရား။

## ပို့မေတ္တာဝေ ဆိုကြစေ




- ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- မေတ္တာရေစမ်း၊ ကိုယ်စီဖြန်း၊ အေးချမ်းကြပါစေ။
- ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။


သာဓု. . . သာဓု. . . သာဓု ပါဘုရား။



ဘဝတံခွန်စာပေ

# သု(သဒ္ဓမ္မရံသီ)၏

## ဘ၀တံခွန် စာစဉ်အဖြစ် ထုတ်ဝေပြီးစာအုပ်များနှင့် ထုတ်ဝေတော့မည့်စာအုပ်များ



















သု(သဒ္ဓမ္မရံသီ)


လက်ရွေးစင်
တရားတော်များ
သု(သဒ္ဓမ္မရံသီ)


လက်ရွေးစင်
တရားတော်များ
အတွဲ(၂)
သု(သဒ္ဓမ္မရံသီ)



အကျော်အမော်
တရားတော်များ


အကျော်အမော်
တရားတော်များ
သု(သဒ္ဓမ္မရံသီ)



သီတဂူ
အတွဲ(၂)



စိပြေ
တရားတော်များ
သု (သဒ္ဓမ္မရံသီ)



စိပြေ
တရားတော်များ
သု(သဒ္ဓမ္မရံသီ)
အတွဲ(၂)



သု(သဒ္ဓမ္မရံသီ)


စံတော်ဝင်
တရားတော်များ
အတွဲ(၁)
သု (သဒ္ဓမ္မရံသီ)


စံတော်ဝင်
တရားတော်များ
အတွဲ(၂)
သု (သဒ္ဓမ္မရံသီ)


သု(သဒ္ဓမ္မရံသီ)



အလီမွာပုံ၀တ္ထုများ
သု(သဒ္ဓမ္မရံသီ)


သု(သဒ္ဓမ္မရံသီ)
မင်္ဂလာပုံ၀တ္ထုများ



သု(သဒ္ဓမ္မရံသီ)
ဆန်လေတဲ့သည်ရေ



လုံးစုံပြည့်၀ချမ်းသာရအောင်
သု(သဒ္ဓမ္မရံသီ)



သု(သဒ္ဓမ္မရံသီ)
ရင်ငြိမ်းပန်း


သု(သဒ္ဓမ္မရံသီ)
သောကခြေရာ ပြေဆည်ရာ


သု(သဒ္ဓမ္မရံသီ)
ချစ်တတ်အောင်သင်


လက်ရွေးစင်
တရားတော်များ
အတွဲ(၁+၂)ပေါင်းချုပ်
သု(သဒ္ဓမ္မရံသီ)


သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီး
ဓမ္မရင်ပြင်


သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီး
ဓမ္မရင်ပြင်
ဝိပဿနာ
ဟောစဉ်တရားတော်များ
အတွဲ-၂
သု(သဒ္ဓမ္မရံသီ)


သု(သဒ္ဓမ္မရံသီ)
ဓမ္မစွမ်းရည်
အတွဲ(၁)


သု(သဒ္ဓမ္မရံသီ)
ဓမ္မစွမ်းရည်
အတွဲ(၂)



မကွေးတိုင်း၊ ငဖဲမြို့နယ်၊
ရောက်တောင်ကျေးရွာ ဇာတိဖြစ်သည်။
အဘဦးပွဲ၊ အမိဒေါ်တင်ရီတို့မှ
၁၃၃၁ ခုနှစ်၊ တော်သလင်းလပြည့်
(ဂရုဓမ္မအခါတော်နေ့)
သောကြာနေ့တွင် မွေးဖွားသည်။

## သစ္စာနယ်မြေက…မေတ္တာရှင်များ…သို့

မလိုဒေါသ၊ လိုလောဘတွေရဲ့အလယ်၊ ပြုံး၊ ရယ်၊ မဲ့ငို သရုပ်တွေရဲ့ ကြားမှာ အမြဲ ဆင်ခြင်နေမိသည်ကား…ငါသည်ငါ့အတွက်၊ အများအတွက် ပစ္စုပ္ပန်မှာကောင်းဖို့ တမလွန်မှာနေသာဖို့ ဘာတွေကို ဘယ်အတိုင်းအတာအထိ ဆောင်ရွက်ပြီးပြီလဲ…။ ရုပ်တရားရဲ့ထိုင်းမှိုင်းလေးလံမှုတို့ ထင်ရှားလာသလို နမ်တရားရဲ့မှေးမှိန်မှုသဘောတရားတို့က တဖြေးဖြေး နေရာယူမှုတို့မှာ ပို၍ပို၍ သိသာထင်ရှားနေလေရဲ့…။ ထိုနေရာယူမှုတို့ ကျယ်ကျယ်ပြန့်ပြန့် မရောက်လာကြသေးမီ…။

စာပေနှစ်သက် စာပေချစ်ပရိသတ်များနဲ့ စာပေဖြင့်ဘဝတစ်ခုကို အားတစ်ပါးအဖြစ် လက်ခံကျင့်သုံးကြပါသော ပရိသတ်များသို့ (၃၂)အုပ်မြောက် ပုလဲရတုအဖြစ် နှုတ်ခွန်းဆက်ပါရစေ။ မိမိသည် သာမန်လူတစ်ယောက်ထက် ဘာမျှပို၍ မထူးချွန်သော သာမန်ရဟန်း တစ်ပါးမျှသာ…။ သက်တော်(၃၅)နှစ်၊ ပုလဲရတုနှစ်အတွင်း ကိုယ်တိုင်ရေးသားမှု စုစည်းစီစဉ်မှုများနဲ့ ဘာသာရေး ဓမ္မသုတ၊ ဓမ္မရသစာအုပ်ပေါင်း(၃၂)အုပ်ကို ရေးသားစုစည်း စီစဉ်နိုင်ခဲ့ပါသည်။ ဤမျှသော အသက်အရွယ်အတွင်းဝယ် ဤမျှလောက်သော စာပေများ ရေးသား၊ စုစည်း စီစဉ်လျက် စာပေ ချစ်မြတ်နိုးသူတို့ရင်ဝယ် အလင်းပွင့်တို့ တွဲခိုသီနိုင်ကြခြင်းမှာ…

ဆရာသခင်ကျေးဇူးရှင်များ၊ မိဘ၊ မိဘနဲ့ထပ်တူ ကျေးဇူးမေတ္တာထားကြသူများ၊ မိတ်ကောင်းဆွေကောင်းတို့ရဲ့ စောင့်ရှောက်မှုများ၊ အထူးအားဖြင့် စာအုပ်တိုင်း၌ ဖော်ပြလျက်ရှိသော စာပေတည်တံ့ခိုင်မြဲရေးနှင့် ပြန့်ပွားရေးအတွက် အထောက်အကူပြု အားပေးလှူဒါန်းကြသော ငွေကြေး(နဝကမ္မ)အလှူရှင်များ၊ စာပေလက်ခံ၍ အမှန်ကျင့်ကြံနိုင်ကြသော သစ္စာနယ်မြေက မေတ္တာရှင်စာပေပရိသတ်များ စသည်တို့ကြောင့်သာ ဖြစ်ပါသည်။ မိမိရဲ့ စာတစ်အုပ်ကို အားပေးဝယ်ယူဖတ်ဖူးကြသူတို့…အများရှိရာအရပ်ကို မမြင်နိုင်တဲ့ သံယောဇဉ်ကြိုးမှတစ်ဆင့် အတိုင်းမရှိဝမ်းမြောက်နေပါကြောင်း၊ အမြဲထာဝရခင်မင်နေပါကြောင်း မေတ္တာတွေအဆင့်ဆင့်ထပ်လောင်းလို့ ရေးသားရင်းပြော…ပြောကြားရင်းရေး…ရေးသားရင်းပို့…ပို့သရင်းရေးသားလျက်ပါ…။

ဆရာသခင်ကျေးဇူးရှင်များတို့ ပေးသောအသိ၊ ပေးသောသတိ၊ ပေးသောပညာများရဲ့ အထုပ်ကို ဘဝမှန်တိုင်းတွေကြားမှာ ပြေးရင်းလွှားရင်း ဖြတ်သန်းရင်းနဲ့ မွန်းကြပ်နေတဲ့ စိတ်တိမ်တိုက်တွေကြားကပဲ မသေသေးသော ပစ္စုပ္ပန် အချိန်ကာလမှသည် မိမိရဲ့ဘဝကျေးဇူးခံ စာပေမြတ်နိုးသူ ပရိသတ်အထံတော်များဆီသို့ အရောက်ပို့ပေးနေပါဦးမည်…။

မေတ္တာဝေစည်

သု(သဒ္ဓမ္မရံသီ)

# စပ္ပအာဓာ

# လမ်းညွှန်ဂ္ဂါ

ဤမဟာစည် တရားတော်များ ဓမ္မရင်ပြင် အတွဲ (၁) ၌ အောက်ပါ--နိုင်ငံကျော် နာမည်ကျော် ဓမ္မကထိက အကျော်အမော် ဆရာတော်ကြီးများက ကိုယ်တိုင် ဟောပြောခြင်းကို ရေးသားမှုဖြင့် စီးမြှင့်ထားကြပါသည်။

---

ထွက်ပါတော့မည်

# ဓမ္မ ရင်ပြင်

## တရားတော်များ

အတွဲ (၁)

သု (သဒ္ဓမ္မရံသီ)

စု စည်း ပူ ဇော် ပါ သည်

* ဉာဏ်စဉ် (၁၆) ပါး ဘုရားရှိခိုး
  မဟာစည်ဆရာတော်ဘုရားကြီး
* ဝိပဿနာအလုပ်ပေးတရားတော်
  သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီး
* ငရဲမှာအပ ဝဋ်မှာအပြဲတရားတော်
  ဘဒ္ဒန္တသဉ္ဇာစာရ (မူလဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)
* မပြောသော မျှော်လင့်ခြင်းတွေနဲ့ တရားတော်
  ဘဒ္ဒန္တသီရိပညာဓဇ (သာသနဓဇဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂဓရ)
* အမှာတွေထဲက အမှာတရားတော်
  အသျှင်ခေမဒီပက (သာသနဓဇဓမ္မာ စရိယ၊ ဝိနယဝိဒူ)
* အဆိပ်ပင်လို အကုသိုလ်တရားတော်
  ဦးဓမ္မာဘိသိရီ (သာသနဓဇဓမ္မာစရိယ၊ ပဋ္ဌန်ကာယဝိဒူ)
* အမြတ်ဆုံးကိုမှ ရလိုသူတရားတော်
  အသျှင်သာသနောဒယ (သာသနဓဇဓမ္မာစရိယ၊ သာသနဓဇသီရိပဝရဓမ္မာ စရိယ)
* အလှူခြောက်မျိုး အကျိုးခြောက်ဖြာ တရားတော်
  အရှင်ဝိစေကာနန္ဒာစာရ (ပါဠိပါရဂူ၊ သာသနဓဇဓမ္မာစရိယ)
* နတ်သားအမေး ဘုရားအဖြေ တရားတော်
  အရှင်ဩသဓ (တချုဂဏဝါစက၊ ဓမ္မကထိက)
* မျက်ရည်များနဲ့ မလွမ်းပါနဲ့ တရားတော်
  အရှင်အာစာရလင်္ကာရ (၉-ဘွဲ့ရ၊ ဂန္ထဝါစကပဏ္ဍိတ)
* ပွင့်သောပန်း၊ လန်းသောနေ့ တရားတော်
  အရှင်ကိတ္တိယောသ (တချာဂဏဝါစက၊ ဓမ္မကထိက)
* ပျော်သလိုသာ နေလိုက်ပါ တရားတော်
  အရှင်ပညာသေဋ္ဌာလင်္ကာရ (သာမဏေကျော်၊ ဓမ္မာစရိယ၊ ဝိနယဓရ)
* ဘဝအဖြေ ရတနာမြေ တရားတော်
  အရှင်သုမတိ (သု၊ သဒ္ဓမ္မရံသီ)
* မေတ္တာအသင်္ချေ တရားတော်
  အရှင်ဓမ္မိက (ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ)

ထွက်ပါတော့မည်

# ဓမ္မ ရင်ပြင်

## တရားတော်များ

## အတွဲ (၂)


သု (သဒ္ဓမ္မရံသီ)

စု စည်း ပူ ဇော် ပါ သည်


ဤဝေဟာစဉ် တရားတော်များ ဓမ္မရင်ပြင် အတွဲ (၂) ၌ အောက်ပါ-နိုင်ငံကျော် နာမည်ကျော် ဓမ္မကထိက အကျော်အမော် ဆရာတော်ကြီးများက ကိုယ်တိုင် ဟောပြောခြင်းကို ရေးသားမှုဖြင့် ချီးမြှင့်ထားကြပါသည်။

* ဆောင်ရန်ရှောင်ရန်အမှု တရားတော်
  မင်းကွန်းဆရာတော်ဘုရားကြီး
* နေ့ခုနှစ်စင်းထွက်၍ ကမ္ဘာပျက်ပုံ တရားတော်
  သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီး
* အနုပ္ပဟိတသုတ္တန်တရားတော်
  ဘဒ္ဒန္တသညာတရ (မူလဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)
* မြတ်နိုးသင့်လှ ဥပုသ်သီလတရားတော်
  ဘဒ္ဒန္တသိရိပညာဓဇ (သာသနဓဇဓမ္မာ စရိယ၊ ဥဘတောဝိဘင်္ဂဓရ)
* အိုလဲမဟောင်း အလွန်ကောင်း တရားတော်
  အသျှင်ခေမဒီပက (သာသနဓဇဓမ္မာ စရိယ၊ ဝိနယဝိဒူ)
* အပါယ်မကြောက်ပုဂ္ဂိုလ်ချမ်းယောက် တရားတော်
  အသျှင်သာသနောဒယ (သာသနဓဇ ဓမ္မာစရိယ၊ သာသနဓဇသိရိပဝရဓမ္မာ စရိယ)
* ပူဇော်ထိုက်ပေ ပူဇော်စေ တရားတော်
  ဦးဓမ္မာဘိသိရိ (သာသနဓဇဓမ္မာစရိယ၊ ပဋ္ဌနိကာယဝိဒူ)
* အခွင့်ရယ်သာတုန်းခဏဝယ် တရားတော်
  အရှင်ဝိဝေကာနန္ဒာတရ (ပါဠိပါရဂူ၊ သာသနဓဇဓမ္မာစရိယ)
* အလိုကြီးက ဆုံးရှုံးရ တရားတော်
  အရှင်ဩသဓ (တချဂဏဝါစက၊ ဓမ္မကထိက)
* အနိုင်မဲ့ ကျေးဖူးရှင် တရားတော်
  အရှင်အာစာရလင်္ကာရ (၉-ဘွဲ့ရ ဂန္ထဝါစကပဏ္ဍိတ)
* အရှုံးထဲမှာ အမြတ်ရှာ တရားတော်
  အရှင်ကိတ္တိယောသ (တချဂဏဝါစက၊ ဓမ္မကထိက)
* လှပတဲ့ လောကကြီးကို မြင်အောင် ကြည့်ပါ တရားတော်
  အရှင်ပညာသေဋ္ဌာလင်္ကာရ (သာမဏေကျော်၊ ဓမ္မာစရိယ၊ ဝိနယဓရ)
* သစ်တုံးပမာ ဤခန္ဓာ တရားတော်
  အရှင်သုမတိ (သု၊ သဒ္ဓမ္မရံသီ)
* အကာကိုခွဲ အနှစ်စွဲ တရားတော်
  ဦးဩသဓာနန္ဒ (သာသနဓဇဓမ္မာစရိယ၊ ဝိနယဓရ)

သု (သဒ္ဓမ္မရံသီ)

# လုံးစုံပြည့်ဝ ချမ်းသာရအောင်

## (လိုက်နာရမည့် ဗုဒ္ဓစကားတော်များ)

ဒုတိယအကြိမ်

ထွက်ပါတော့မည်

လောကထဲက ဖြစ်၊ တည်၊ ပျက် လှုပ်ရှားကြတဲ့ သူတို့ဟာ စိတ်ရဲ့ ချမ်းသာမှုကိုလိုလား ကိုယ်ရဲ့ချမ်းသာမှုကို တောင့်တရင်း စီးမျောလာခဲ့တဲ့ ဟို --- အဝေးဆုံးက အချိန်နာရီတွေဟာ နည်းတော့တာမှ မဟုတ်တာ -။ ပြီးတော့ --- အဲဒီကိုယ်စိတ်တို့ရဲ့ ပြည့်ဝချမ်းသာမှု မရောက်သေးတဲ့ နေ့နှစ်တွေဆီ တမ်းတရင်း လှမ်းလက်စ ခြေဦးတို့ကရော - ရေရာတဲ့ အနေအထား၊ မှန်ကန်တဲ့ လမ်းမပေါ် တကယ်ရော တည်မှီနေပြီလား --- အဲဒီအတွေးတွေ၊ အဲဒီအဝေးတွေကို ရေရာသေချာတဲ့ အကောင်အထည်ဖော်နည်းဆိုတာကတော့- ဗုဒ္ဓရဲ့စကားတော်မှတစ်ပါး မှန်ကန်သေချာတဲ့စာသားဆိုတာ ဘယ်မှာမှ မရှိနိုင်ပါ။

[ စာရေးသူ ]

ဤဟောစဉ်တရားတော်များ ဓမ္မစွမ်းရည် အတွဲ (၁) ၌ အောက်ပါ–နိုင်ငံကျော် နာမည်ကျော် ဓမ္မကထိက အကျော် အမော် ဆရာတော်ကြီးများက ကိုယ်တိုင်ဟောပြောခြင်းကို ရေးသားမှုဖြင့် ရိုးမြှင့်ထားကြပါသည်။

# ဓမ္မ စွမ်းရည်

## တရားတော်များ

အတွဲ (၁)

သုံ (သဒ္ဓမ္မရံသီ)

စု စည်း ပူ ဇော် ပါ သည်

**ထွက်ပါတော့မည်**

* ပဋ္ဌိပတ္တိပူဇနာကာရဘုရားရှိခိုး
  မဟာစည်ဆရာတော်ဘုရားကြီး
* ဥပုသ်တရားတော်
  သပြေကန်ဆရာတော်ဘုရားကြီး
* သီတိဘာဝသုတ္တန်တရားတော်
  သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီး
* အိုဘယ့်မြတ်ရဟန်းတရားတော်
  ဦးဩဘာသနန္ဒ(သာသနဓဇဓမ္မာစရိယ၊ ဝိနယဓရ)
* အိမ်ကိုရဟန်းပင့် ကျိုးငါးဆင့် တရားတော်
  ဘဒ္ဒန္တသိရိပညာဓဇ (သာသနဓဇဓမ္မာ စရိယ၊ ဥဘတောဝိဘင်္ဂဓရ)
* ခါသကြွန်မင်္ဂလာတရားတော်
  အသျှင်ခေမဒီပက(သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ)
* ရှင်ပြုအလှူပွဲ ခြိမ့်ခြိမ့်သဲ တရားတော်
  အသျှင်သာသနောဒယ (သာသနဓဇ ဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာ စရိယ)
* ကဆုန်လပြည့် ဗုဒ္ဓနေ့အကြောင်း သိကောင်းစရာ တရားတော်
  ဦးဓမ္မာဘိသိရိ (သာသနဓဇဓမ္မာစရိယ၊ ပဋ္ဌာနိကာယဝိဒူ)
* တူယှဉ်တွဲလို့ ပျော်ပွဲဝင်မယ် တရားတော်
  အရှင်ဝိဝေကာနန္ဒာစာရ (ပါဠိပါရဂူ၊ သာသနဓဇဓမ္မာစရိယ)
* မိတ်ဆွေကောင်းဖြင့် ကြီးပွားရေး တရားတော်
  အရှင်အာစာရလင်္ကာရ (၉-ဘွဲ့ရ၊ ဂန္ထဝါစကပဏ္ဍိတ)
* ကြိုက်ရာလမ်းကို ရွေးချယ်ပါ တရားတော်
  အရှင်ကိတ္တိဃောသ (စာချဂဏဝါစက၊ ဓမ္မကထိက)
* ချစ်ခြင်းအားရဲ့ကြီးမားပါလှတယ် တရားတော်
  အရှင်ပညာသေဋ္ဌာလင်္ကာရ (သာမဏေကျော်၊ ဓမ္မာစရိယ၊ ဝိနယဓရ)
* ဗုဒ္ဓဟောကြား ဒါနတရားတော်
  အရှင်ဩဘာသ (စာချဂဏဝါစက၊ ဓမ္မကထိက)
* အံ့ဖွယ်ရှစ်ဖြာတရားတော်
  အရှင်သုမတိ (သု၊ သဒ္ဓမ္မရံသီ)

ဤဓမ္မစဉ်တရားတော်များ ဓမ္မစွမ်းရည် အတွဲ (၂) ၌ အောက်ပါ-နိုင်ငံကျော် နာမည်ကျော် ဓမ္မကထိက အကျော်အမော် ဆရာတော်ကြီးများက ကိုယ်တိုင် ဟောပြောခြင်းကို ရေးသားမှုဖြင့် ချီးမြှင့်ထားကြပါသည်။

# ဓမ္မ စွမ်းရည်

## တရားတော်များ

### အတွဲ (၂)

သု (သဒ္ဓမ္မရံသီ)

စု စည်း ပူ ဇော် ပါ သည်

ထွက်ပါတော့မည်

* ဓမ္မဒါနအာလှူအနုမောဒနာ တရားတော်
  သပြေကန်ဆရာတော်ဘုရားကြီး
* မြစ်ရေအလျဉ်ကူး၍ ကုန်သည်ခုနစ်ဦးတို့ ကုန်ကူးကြပုံ တရားတော်
  သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီး
* မြတ်ကထိန်သင်္ကန်းနဲ့ မဂ်လမ်းကိုရှုယ်
  ဥုးဓမ္မာဘိသိရိ (သာသနဓဇဓမ္မာစရိယ၊ ပဋ္ဌာန်ကာယဝိဒူ)
* ငါးမျိုးပြည့်မှ မြင့်မြတ်ကြတရားတော်
  ဘဒ္ဒန္တသိရိပညာဓဇ (သာသနဓဇဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂဓရ)
* ရယူထိုက်ပေ ရယူစေ တရားတော်
  အသျှင်ခေမဝံပက (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ)
* လမြတ်ဝါဆို တရားတော်
  အသျှင်သာသနောဒယ (သာသနဓဇဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာ စရိယ)
* သားကောင်းသမီးမြတ် ဖြစ်ဖို့ရာ တရားတော်
  အရှင်ဝိဝေကာနန္ဒာဘိဝံသ(ပါဠိပါရဂူ၊ သာသနဓဇဓမ္မာစရိယ)
* လမ်းအခွဲမှာ ဝမ်းမနည်းပါတရားတော်
  အရှင်ဓမ္မရာဇ (မဟာစည်နယ်လှည့် ဓမ္မကထိက)
* လူဖြစ်ရကျိုးနပ်သွားသူ တရားတော်
  ဦးသြဘာသ (တချဂဏဝါစက၊ ဓမ္မကထိက)
* သိချင်းသံကြား ဘုရားဖြစ်တရားတော်
  အရှင်အာစာရလင်္ကာရ (၉-ဘွဲ့ရ ဂန္ထဝါစကပဏ္ဍိတ)
* မြင့်မြတ်ဘသူတို့ နားခိုရာတရားတော်
  အရှင်ကိတ္တိယောသ (တချဂဏဝါစက၊ ဓမ္မကထိက)
* လောကကြီးကို ရင်နာနေလို့များလား တရားတော်
  အရှင်ပညာသေဋ္ဌာလင်္ကာရ (သာမဏေကျော်၊ဓမ္မာစရိယ၊ ဝိနယဓရ)
* အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း တရားတော်
  အရှင်သုမတိ (သု၊ သဒ္ဓမ္မရံသီ)
* သစ္စာနယ်မြေတရားတော်
  အရှင်ဓမ္မိက (ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ)

မဟာကထိက၊ သာသနဓဇဓမ္မာစရိယ
သီတဂူကြယ်တစ်ပွင့်ဆရာတော်

**သီတဂူအရှင်ပညာနန္ဒ** (စစ်ကိုင်း)

၏

# ပွဲတွေတရားတော်များ

## အတွဲ (၂)

## သု (သဒ္ဓမ္မရံသီ)

စု စည်း ပူ ဇော် ပါ သည်

ထွက်ပါတော့မည်

* မသိမသာ

* နေရောင်ခြည်မှာသာ ပျော်လိုက်ပါ

* သိသင့်တာတွေ သိစေချင်လို့

* ငါမဟုတ်တဲ့ အမှတ်အသား

* တရားဦးမို့ ထူးတဲ့ဓမ္မစကြာ

* နှစ်သစ်မြတ်နိုးဖွယ်ရာ

* မှန်းဆလို့ရာ မသိနိုင်ပါ

* ဗုဒ္ဓပွင့်ပေါ်လာခြင်း အကြောင်းရင်း

* ရယူလိုသောဆု

* ဒီခေတ်မှာ ဈေးမဆစ်နဲ့

အထက်ပါတရား (၁၀) ပုဒ်မှာ သီတဂူကြယ်တစ်ပွင့်ဆရာတော်ရဲ့ ပွဲတွေ့၊ လက်တွေ့ ဟောကြားခဲ့ရာ ပရိသတ်အများရဲ့ လက်ခံကျေနပ်မှုကို အပြည့်အဝ ရရှိခဲ့တာကြောင့် အောင်မြင်ခဲ့တဲ့ တရားတော်များ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အကျိုးရှိရာကို ဆောင်ရွက်ရာမှာ တကယ်အကျိုးရှိဖို့၊ ကုသိုလ်ဖြစ်အောင် အားထုတ်ကြရာမှာ တကယ်ကုသိုလ်ဖြစ်ဖို့ အရေးကြီးလှပါတယ်။ အဲဒီအရေးကြီးတာကို သတိရှိစွာဖြင့် ကြိုးစားထားတာပါ။

[ စိစဉ်သူ ]

ဓမ္မာကထိက၊ သာသနဓဇဓမ္မာစရိယ
သီတဂူကြယ်တစ်ပွင့်ဆရာတော်

**သီတဂူအရှင်ပညာနန္ဒ** (စစ်ကိုင်း)

၏

# ပွဲတွေ့တရားတော်များ

## အတွဲ (၃)

## သု (သဒ္ဓမ္မရံသီ)

စုစည်း ပူဇော် ပါ သည်

* တစ်ညတန်ဘိုး
* ခဏာတန်ဘိုး
* သီလတန်ဘိုး
* ဓမ္မတန်ဘိုး
* မိဘပြစ်မှား အပါယ်သွား
* မြူတိမ်ကင်းသောလစန္ဒာ
* တရားသိတော့ တရားနဲ့ပျော်
* ဇာတိကိုမုန်း ဒုက္ခဆုံး
* သေမင်းမကြောက် ရဲရဲတောက်
* ဤကမ္ဘာမှာ ဤတစ်ရွာ
* မိဘကျေးဇူး ဆပ်ဖူးပြီလား

အထက်ပါ သီတဂူကြယ်တစ်ပွင့်ဆရာတော်၏ ကိုယ်တွေ့လက်တွေ့ အောင်မြင်ကျော်ကြားခဲ့ပါသော တရားတော် (၁၁) ပုဒ်ကို စုစည်းထားခြင်း ဖြစ်ပါတယ်။ ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ ဖတ်လိုသူဖတ်ဖို့၊ မှတ်သားလိုသူ မှတ်သားဖို့၊ ပြန်ပြောလိုသူ ပြန်ပြောနိုင်ဖို့၊ ဟောကြားလိုသူတကယ် ဟောကြားနိုင်ဖို့နဲ့ အကျိုးလိုလားသူအတွက် အကျိုးပြစ်စေဖို့ အတွက်ပါ။

[ စိစဉ်သူ ]

ထွက်ပါတော့မည်

* ဘဝကိုရရှိ
အလှကိုလည်း မက်မောကြ၏။
* ထိုဘဝ
ထိုအလှတို့ရဲ့ ပြည့်စုံရာ
မြစ်ဖျားခံ ကံတရား
ကံလှအောင် ဉာဏ်ယှဉ်
အမှတ်တမဲ့သတိတွေ
မငြိကပ်ပါစေနဲ့။
* အမှတ်ဟာရသတိတွေ
ပြည့်စုံစွာ ဖြည့်ဆည်းကြရင်း
နေ့စဉ်ဘဝလေးထဲမှာ
ဘယ်လိုနေထိုင်ကြမလဲ ---။

[ စာရေးသူ ]

ထွက်ပါတော့မည်

သု (သဒ္ဓမ္မရံသီ)

# နေ့စဉ်ဘဝ
# လူတိုင်းလှဖို့

ဤဟောစဉ်တရား ကျမ်းစာအုပ်တွင်
အောက်ပါ နာမည်ကျော် ဆရာတော်ကြီးများ
ဟောကြားချီးမြှင့်အပ်သော တရားတော်များ ပါဝင်ပါသည်။

# စံတော်ဝင်

## တရားတော်များ

အတွဲ (၁)

သု (သဒ္ဓမ္မရံသီ)
စုစည်းပူဇော်ပါသည်

ထွက်နေပါပြီ

* သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်
  အဂ္ဂဝမ္မသုတ္တန်
* ကျိုက်ဝိုင်းဦးကုန္ဒက
  (နိုင်ငံကျော် ဓမ္မကထိက)
  မိဘမေတ္တာ ဒေသနာ
* အရှင်ဩဘာသ
  ကိုယ့်ကိုချစ်လျှင် ကိုယ်ပြုပြင်
* အရှင်ဒေဝိန္ဒ (ငဖဲ)
  သံသရာ့ရိက္ခာ ရအောင်ရှာ
* အရှင်အာစာရာလင်္ကာရ
  ပန်းလှုဒါန နိဗ္ဗာန်ရ
* အရှင်ပညာသေဋ္ဌာလင်္ကာရ
  နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်း
* အရှင်ကိတ္တိဃောသ
  ကံကြမ္မာရဟတ် တစ်ပတ်အလည်
* အရှင်ဓမ္မိက
  ဝင့်နဲ့ငရဲ အထူးပွဲ
* အရှင်ဝါယာမ
  သာသနာ့အံ့ဖွယ်ရှစ်ဖြာ
* အရှင်သုမတိ (သု၊ သဒ္ဓမ္မရံသီ)
  အရာရာမှာ ကိုယ်ချင်းစာ
  တောင်ပို့ပမာ ရှုမြင်ပါ
* အရှင်ဉာဏာဗလ (ဝဋ္ဋသကာ)
  လိုရာသုံး မှတ်သားဖွယ်ရာ ကဗျာ
  ပဒေသာအတွဲ (၁)

မျိုးဆက်သစ်စာပေ - အမှတ် (၂၁၂/B₂)၊ ပထမထပ်၊ (၃၆) လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၂၄၉၉၄၁

ဤပြဟောစဉ်တရား ကျမ်းစာအုပ်တွင်
အောက်ပါ-နာမည်ကျော် ဆရာတော်ကြီးများ
ဟောကြားရှိုးမြှင့်အပ်သော တရားတော်များ ပါဝင်ပါသည်။

# ခံပြ

## တရားတော်များ

အတွဲ (၁)

## သု (သဒ္ဓမ္မရံသီ)

စု စည်း ပူ ဇော် ပါ သည်

ထွက်နေပါပြီ

* သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်
  သီလသုတ္တန်
* အရှင်အာစာရာလင်္ကာရ
  အောင်လံဓမ္မ လွှင့်ထူကြ
* အရှင်ဓမ္မိက
  အမှတ်တရမှာတမ်း
* အရှင်ဩသဓ
  ကျေးဇူးရှင်ပြစ်မှား မြေမျိုသွား
* အရှင်သုမတိ (သု၊ သဒ္ဓမ္မရံသီ)
  ကြိုက်နှစ်သက်ရာ အားထုတ်ပါ
  အနေလှပ သေလည်းလှအောင်
  အလုပ်မှန်သမျှ စွဲမြဲကြ
* အရှင်သောသန
  အလှူဒါန ခက်ခဲလှ
* အရှင်ဝါယာမ
  သိင်္ဂါရဝသုတ္တန်
  ဓမ္မစကြာ
* အရှင်ပညာသေဋ္ဌာလင်္ကာရ
  မေတ္တာလမ်းခွဲ အသည်းမာမာ
* အရှင်ကိတ္တိဃောသ
  သံသရာတစ်ကွေ့
* အရှင်ဉာဏဗလ (ဝဋ္ဋံသကာ)
  လိုရာသုံးမှတ်သွားဖွယ်ရာ
  ကဗျာပဒေသာအတွဲ (၁)

မျိုးဆက်သစ်စာပေ - အမှတ် (၂၁၂/$B_2$)၊ ပထမထပ်၊ (၃၆) လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၉၉၄၁

ဤပြဟောစဉ်တရား ကျမ်းစာအုပ်တွင်
အောက်ပါ -နာမည်ကျော် ဆရာတော်ကြီးများ
ဟောကြားချီးမြှင့်အပ်သော တရားတော်များ ပါဝင်ပါသည်။

# စံပြ

## တရားတော်များ

## အတွဲ (၂)

သု (သဒ္ဓမ္မရံသီ)
စု စည်း ပူ ဇော် ပါ သည်

ထွက်နေပါပြီ

* အရှင်ဇနကာဘိဝံသ
ရုပ်ပုံတော်အဖွင့်ဂါထာ
* သဒ္ဓမ္မရံသီရိပ်သာဆရာတော်
ဟိတ် (၆) ပါး
* အရှင်သုမတိ (သု၊ သဒ္ဓမ္မရံသီ)
မိမိကိုယ်သာ အားကိုးပါ
ရလိုသောအရာ ရောက်လိုသောအရပ်
မျှော်မိမိုက်မှား
* အရှင်ကိတ္တိယောသ
ဖြေဆည်ရာ
* အရှင်ဓမ္မိက
မဆုံသောလမ်း
* အရှင်ဝါယာမ
အနတ္တလက္ခဏသုတ်
လောကဦးဗုဒ္ဓဘာကြောင့် ပွင့်ပေါ်လာရ
သနည်း
* အရှင်ကောသလ္လ (ငဖဲ)
အမေ့နို့ဘိုးဆပ်
* အရှင်ပညာသေဋ္ဌာလင်္ကာရ
အာရုံငါးပါး အချစ်ရှိရဲ့လား
* အရှင်ဥူးဟောဗလ (ဝဋ္ဋသကာ)
လိုရာသုံးမှတ်သားဖွယ်ရာကဗျာ ပဒေသာ
အတွဲ (၂)

မျိုးဆက်သစ်စာပေ - အမှတ် (၂၁၂/$B_2$)၊ ပထမထပ်၊ (၃၆) လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၂၄၉၉၄၁

ဤဟောစဉ်တရား ကျမ်းစာအုပ်တွင်
အောက်ပါ-နာမည်ကျော် ဆရာတော်ကြီးများ
ဟောကြားချီးမြှင့်အပ်သော တရားတော်များ ပါဝင်ပါသည်။

# စံတော်ချိန်

တရားတော်များ

အတွဲ (၂)

သု (သဒ္ဓမ္မရံသီ)
စုစည်းပူဇော်ပါသည်

ထွက်နေပါပြီ

* အရှင်ဝါသေဋ္ဌာဘိဝံသ
  တရားအဖွင့်ဂုဏ်တော်ဂါထာ
* သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်
  သပွါယ်တရားငါးပါး
* အရှင်ပညာသေဋ္ဌာလင်္ကာရ
  ဝေးရာသို့သာ ခွာလိုပါသည်
* အရှင်ဓမ္မိက
  အမှောင်ညရဲ့ အလင်းတံခါး
* အရှင်ဝါယာမ
  ကြိုတင်မသိရ ငါးဌာန
  ကြည်ညိုဖွယ်ရာ ဩဝါဒပါတိမောက်
* အရှင်ကိတ္တိဃောသ
  အားကိုးရာရှာ ဘယ်မှာလည်း
* အရှင်သုမတိ (သု၊ သဒ္ဓမ္မရံသီ)
  သာမညောငယ်တရားပြ
  တိပိဋကဆရာတော်တရားရ
  မကောင်းမှုပယ် ကောင်းမှုတွယ်
* အရှင်ကောဏ္ဍဿ (မအူပင်)
  အရိုးမကွဲခင်က အသည်းစွဲနေသင့်တယ်
* အရှင်ဒေဝိန္ဒ (ငဖဲ)
  ဘေးတွေ့ကြုံလာ အားထားရာ
* အရှင်ဉာဏဗလ (ဝဋ္ဋသကာ)
  လိုရာသုံး မှတ်သားဖွယ်ရာ ကဗျာ
  ပဒေသာအတွဲ (၂)

မျိုးဆက်သစ်စာပေ - အမှတ် (၂၁၂/$B_2$)၊ ပထမထပ်၊ (၃၆) လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၂၄၉၉၄၁

သု [သဒ္ဓမ္မရံသီ]

ဩ

# ဘဝတံခွန်စာစဉ်အဖြစ် ထုတ်ဝေပြီးစာအုပ်များ


၁။ အလီမှာပုံဝတ္ထုများ
၂။ မင်္ဂလာပုံဝတ္ထုများ
၃။ အဆုံးအမအနှစ်သာရများ
၄။ ကမ်းလိုက်သည့်လက်မား
၅။ လုံးစုံပြည့်ဝချမ်းသာရအောင်
(လိုက်နာရမည့်ဗုဒ္ဓစကားတော်များ)
၆။ ချစ်တတ်အောင်သင်
၇။ ဆန်လေတဲ့သည်ရေ
၈။ ရင်ငြိမ်းပန်း
၉။ သောကခြေရာဖြေဆည်ရာ
၁၀။ လောက၌အကောင်းဆုံးသောအဖော်မွန်
၁၁။ ဓမ္မနေခြည်မှာအချိန်မီတွေ့ထိမိပြီပဲ
၁၂။ ခံယူစေချင်ပါသောအမွေ
၁၃။ နေသာသောညများ
၁၄။ သေမင်းကိုရင်ဆိုင်ရဲပြီလား
၁၅။ ရှူးစမ်းဆင်ခြင်အောင်ပွဲဝင်တရားတော်
၁၆။ ငြိမ်းချမ်းရွှေပြည်တရားတော်
၁၇။ လက်ရွေးစင်တရားတော်များအတွဲ(၁)
၁၈။ လက်ရွေးစင်တရားတော်များအတွဲ(၂)
၁၉။ အကျော်အမော်တရားတော်များအတွဲ(၁)
၂၀။ အကျော်အမော်တရားတော်များအတွဲ (၂)
၂၁။ ပွဲတွေ့တရားတော်များ အတွဲ (၁)
၂၂။ စံပြတရားတော်များ အတွဲ (၁)
၂၃။ စံပြတရားတော်များ အတွဲ (၂)
၂၄။ စံတော်ဝင်တရားတော်များ အတွဲ (၁)
၂၅။ စံတော်ဝင်တရားတော်များ အတွဲ (၂)

**ယခု**

၂၆။ အချိန်နှင့်အလုပ်
(သီတဂူဆရာတော်ဘုရားကြီး)

**ဆက်လက်၍**

၂၇။ ပွဲတွေ့တရားတော်များ အတွဲ (၂)
၂၈။ ပွဲတွေ့တရားတော်များ အတွဲ (၃)
၂၉။ ဓမ္မရင်ပြင်တရားတော်များ အတွဲ (၁)
၃၀။ ဓမ္မရင်ပြင်တရားတော်များ အတွဲ (၂)
၃၁။ ဓမ္မစွမ်းရည်တရားတော်များ အတွဲ (၁)
၃၂။ ဓမ္မစွမ်းရည်တရားတော်များ အတွဲ (၂)
၃၃။ လက်ရွေးစင်တရားတော်များ
အတွဲ (၁) (၂) ပေါင်းချုပ်
၃၄။ နေ့စဉ်ဘဝလှူတိုင်းလှဖို့ (စီစဉ်ပြီး)


# ဘာသာရေးစာပေတည်တံ့ရေးနှင့် ပြန့်ပွားရေးထာဝရငွေပဒေသာပင်
## ဓမ္မဒါနအလှူရှင်များ

| စဉ် | ဓမ္မဒါနအလှူရှင်များ | လှူဒါန်းငွေကျပ် |
|---|---|---|
| ၁။ | အောင်သစ္စာကျောင်းဆရာတော်၊ ကျိုက်ထိုမြို့ | ၂၀၀၀၀/- |
| ၂။ | သိတဂူအရှင်ပညာနန္ဒ၊ ငြိမ်းချမ်းရွှေပြည်ကျောင်း၊ မန္တလေးမြို့။ | ၂၅၀၀၀/- |
| ၃။ | အရှင်အာစာရာလင်္ကာရနှင့် မိခင်ကြီးဒေါ်ညိုမိသားစု၊စစ်ကိုင်းမြို့။ | ၁၀၀၀၀/- |
| ၄။ | ဦးဘိုနီမိသားစု၊ ရန်ကုန်မြို့။ | ၁၀,၀၀,၀၀၀/- |
| ၅။ | ဒေါ်သန်းသန်းဌေးမိသားစု၊ ရန်ကုန်မြို့။ | ၂၀၀၀၀/- |
| ၆။ | ဦးသိန်းဇော်+ဒေါက်တာဒေါ်ယုယုမိသားစု၊ရန်ကုန်မြို့။ | ၁၃၀၀၀/- |
| ၇။ | ဦးသိန်းညွန့် (ဒေါ်ကြင်အေး) မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၈။ | ဒေါက်တာဦးမြအောင်+ဒေါက်တာဒေါ်ခင်အေးသီမိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၉။ | ပြန်ကြားရေး–ဒုဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဇနီး ဒေါ်တင်တင်နွယ်မိသားစုနှင့်အတူ (၂၁၊ ၉၊ ၂၀၀၂)ရက်နေ့ စာရေးအရှင်မွေးနေ့၌လှူဒါန်းကြသောစုပေါင်းမိသားစုမှ | ၁၀၀၀၀/- |
| ၁၀။ | ဒေါက်တာသန်းအုံး+ဒေါ်ခင်ဖုန်းမြင့်၊ သမီး မဆုမွန် နာဂိုယာမြို့၊ ဂျပန်နိုင်ငံ။ | ၁၀၀၀၀/- |
| ၁၁။ | ပိုင်ဇေရဲထွန်း (ကြော်ငြာ၊ ဗီဒီယိုနှင့် ရုပ်ရှင်သရုပ်ဆောင်) ရန်ကုန်မြို့။ | ၈၀၀၀/- |
| ၁၂။ | မအေးအေးမြင့် (လွင်ဦးထွေး) မိသားစု၊ တောင်ကြီးမြို့။ | ၆၀၀၀/- |
| ၁၃။ | ကျေးဇူးရှင်မိခင်ကြီး ဒေါ်အေးကြည်အား အမှူးထား၍ ဦးဟန်ဝင်း (အင်ဂျင်နီယာချုပ်၊ အော်တိုတယ်လီဖုန်း၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊)+ဒေါ်မာလာ (အထက်တန်းပြဆရာမ (ငြိမ်း)) မိသားစု၊ ရန်ကုန်မြို့။ | ၅၀၀၀/- |
| ၁၄။ | ကိုရဲချစ်ဆွေမိသားစု၊ လန်ဒန်မြို့၊ အင်္ဂလန်နိုင်ငံ။ | ၄၀၀၀/- |
| ၁၅။ | (ဦးအာသာကိုရှိ) ဒေါ်ကြင်လန်းမိသားစု၊ စက်ဘပူမြို့။ | ၄၀၀၀/- |
| ၁၆။ | ယောဂီဒေါ်ဟန်ကြည်မိသားစု၊ ရန်ကုန်မြို့။ | ၄၀၀၀/- |
| ၁၇။ | (သခင်မြလေး) ဒေါ်ဝင်းဝင်းကြည်မိသားစု၊ရန်ကုန်မြို့။ | ၃၀၀၀/- |
| ၁၈။ | နှစ်ဘက်သောမိဘများအား ရည်စူး၍ ဦးဖေညွန့်+ဒေါ်တင်အေးမိသားစု၊ရန်ကုန်မြို့။ | ၃၀၀၀/- |

| | | |
|---|---|---|
| ၁၉။ | ဦးတင်ဝင်း+ဒေါ်စန်းနွယ် စန်းမော်ပရိဘောဂ"မိသားစု၊ တောင်ကြီးမြို့။ | ၃၀၀၀၀/- |
| ၂၀။ | ကိုဖုန်းလွင် + ကိုစိုးလွင် မိသားစု၊ စက်ဘွယ်မြို့။ | ၂၁၀၀၀/- |
| ၂၁။ | ဒေါ်စန်းမိသားစု၊ ရန်ကုန်မြို့။ | ၂၀၀၀၀/- |
| ၂၂။ | ဦးဇော်ထွန်း+ဒေါ်သီတာသော်မိသားစု၊ဗင်ကူးဗား‌မြို့၊ ကနေဒါနိုင်ငံ။ | ၂၀၀၀၀/- |
| ၂၃။ | ဒေါ်ထွေးကြည်၊ ဒေါ်ပို၊ ဒေါ်စန်းရီ မိသားစု၊ရန်ကုန်မြို့။ | ၁၅၀၀၀/- |
| ၂၄။ | ဒေါ်တင်အေးကြည် မိသားစု၊ တောင်ကြီးမြို့။ | ၁၅၀၀၀/- |
| ၂၅။ | ဂရပ်ဖစ်နေဝင်းအောင်+စာရေးဆရာမနှင်းဝေငြိမ်း သား-မောင်မြတ်ကောင်းခန့်မိသားစု၊ရန်ကုန်မြို့။ | ၁၅၀၀၀/- |
| ၂၆။ | ဦးမင်းသန်းသောင်း + ဒေါ်ခင်ခင်ခ မိသားစု၊ ရန်ကုန်မြို့။ | ၁၄၀၀၀/- |
| ၂၇။ | ဦးအေးချစ် + ဒေါ်ရင်လှ မိသားစု၊ ရန်ကုန်မြို့။ | ၁၁၀၀၀/- |
| ၂၈။ | ဆရာကြီး ဒေါ်ပညာဝတီ မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၂၉။ | ဒေါ်ခင်စန်းညွန့်မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၃၀။ | ဖခင်ကြီး ဦးကင်ဟုတ်အား အမှူးထား၍ ဒေါ်ရင်သိန်း မောင်နှစ်မတစ်စုကောင်းမှု၊သိမ်ဆိမ့်၊ ကျိုက်ကော်၊ သထုံမြို့။ | ၁၀၀၀၀/- |
| ၃၁။ | ကိုဝင်းနိုင်+မမြတ်မွန်အေး၊ သမီး-မဝိုင်းမြတ်နိုးမိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၃၂။ | ဦးအောင်သန်း+ဒေါက်တာမြင့်မြင့်အေးမိသားစု၊ပုသိမ်မြို့။ | ၁၀၀၀၀/- |
| ၃၃။ | ကိုသက်ချစ်ဆွေ+မခင်ခင်မိုး၊ သား-မောင်ဘောဘိသက်မိသားစု၊ ခေတ္တ စက်ဘွယ်မြို့။ | ၁၀၀၀၀/- |
| ၃၄။ | ဦးချစ်ဆွေ+ဒေါ်ခင်မေသိန်း၊ ညီမ မမြင့်မြင့်အေး၊ သမီး-မအေးမိချစ်ဆွေမိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၃၅။ | ကိုထွန်းဇော်စိုးမိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၃၆။ | ကိုသန်းမြင့်လွင်+မစမ်းစမ်းဝေမိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၃၇။ | ဦးငွေထွန်း+ဒေါ်စိန်မြိုင်မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၃၈။ | ဦးမောင်မြ+ ဒေါ်စံမြိုင်မိသားစု၊ ကလေးမြို့။ | ၁၀၀၀၀/- |
| ၃၉။ | ဒေါက်တာဦးကြည်ဝင်းမိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၄၀။ | ဦးထွေးမြင့်+ဒေါ်မြင့်မြင့်ရွှေမိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၄၁။ | အဆောင်မှူးဒေါ်ကြူကြူနှင့်ဓမ္မမိတ်ဆွေများ၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၄၂။ | ခွဲထောက်တပ်ကြပ်ကြီးစိုးနိုင်ဝင်းမိသားစု၊ ဒါလီစခန်း၊ငဖဲမြို့နယ်။ | ၁၀၀၀၀/- |
| ၄၃။ | ဒေါ်ညိုညိုလွင် မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |
| ၄၄။ | ဒေါ်တင့်တင့်မေ မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀/- |

| စဉ် | ဓမ္မဒါနအလှူရှင်များ | လှူဒါန်းငွေကျပ် |
|---|---|---|
| ၄၅။ | ဦးမြအောင် + ဒေါ်ခင်ကြည် မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀ိ/- |
| ၄၆။ | ဒေါက်တာမောင်ရှိန် + ဒေါ်ခင်မလေး မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀ိ/- |
| ၄၇။ | ဦးနန်+ဒေါ်သိန်းရီမိသားစု၊ ရှောက်တောင်ကျေးရွာ၊ ငပဲမြို့။ | ၁၀၀၀၀ိ/- |
| ၄၈။ | ကိုကျော်ထူး+မစိန်စိန်ဝင်း မိသားစု၊ ရှောက်ထောင်ကျေးရွာ၊ ငပဲမြို့။ | ၁၀၀၀၀ိ/- |
| ၄၉။ | ကိုဇော်ဝင်းနိုင်+မမြင့်ယဉ်ယဉ်စိုး၊ သား-မောင်ဟိန်းထက်နိုင်၊ သမီး-မမြင့်သီရိဇော် မိသားစု၊ ရန်ကုန်မြို့။ | ၁၁၀၀၀ိ/- |
| ၅၀။ | ဦးအုပ်စိုး+ဒေါ်စိန်ငွေးမိသားစု၊ ရန်ကုန်မြို့။ | ၅၀၀၀ိ/- |
| ၅၁။ | သဒ္ဓမ္မရံသီရိပ်သာ အလုပ်အမှုဆောင်ဥက္ကဋ္ဌ ဒု-ဗိုလ်မှူးကြီး တင်အောင်ငြိမ်းနှင့်မိသားစု၊ ရန်ကုန်မြို့။ | ၅၀၀၀ိ/- |
| ၅၂။ | သဒ္ဓမ္မရံသီရိပ်သာ အလုပ်အမှုဆောင် အတွင်းရေးမှူး ဦးကောင်းရင်နှင့်ဇနီးမိသားစု၊ ရန်ကုန်မြို့။ | ၅၀၀၀ိ/- |
| ၅၃။ | ဒေါ်သုမနစာရီ (အဖွားနွဲ့)၊ သဒ္ဓမ္မရံသီရိပ်သာ၊ ရန်ကုန်မြို့။ | ၅၀၀၀ိ/- |
| ၅၄။ | ဒေါ်သန်းသန်းအေး၊ သား ကိုအောင်ဇော်မိသားစု၊ ရန်ကုန်မြို့။ | ၅၀၀၀ိ/- |
| ၅၅။ | (ဦးကျောက်နီ) ဒေါ်ကြင်စန်းမိသားစု၊ လေသာကုန်းကျေးရွာ၊ ငပဲမြို့။ | ၅၀၀၀ိ/- |
| ၅၆။ | ကိုကျော်တင်စိုး မိသားစု၊ ရန်ကုန်မြို့။ | ၅၀၀၀ိ/- |
| ၅၇။ | ကိုမြင့်အောင်နှင့်ဇနီး မိသားစု၊ ညောင်ကိုင်းကျေးရွာ၊ ငပဲမြို့နယ်။ | ၅၀၀၀ိ/- |
| ၅၈။ | အဖွားမြအား အမှူးထား၍ ဦးစိုင်းဘုန်းထူး+ဒေါ်ပြုံးပြုံးညွန့် မိသားစု၊ ရန်ကုန်မြို့မှ ၆၅၀၀၀ိ/-ကျပ်တန်ဖိုးရှိရေစိုခံဓာတ်ပုံကြီးကိုလှူဒါန်းကြပါသည်။ | |
| ၅၉။ | ဦးစိုးလွင်+ဒေါ်ချိုချိုလွင်၊ သမီး-မနှင်းဝေဖူး၊ သား-မောင်ကောင်းမြတ်စိုး မိသားစုမှ ၁၅၀၀၀ိ/-တန် walkman ကက်ဆက် လှူဒါန်းပါသည်။ | |

လူစွမ်းကောင်းတို့သည် အချိန်နှင့်အလုပ်ကို သူတို့၏အခွင့်အရေးအဖြစ်
တိတိကျကျ မိမိရရ ယူလိုက်ကြသည်။
သူတို့သည် အချိန်နှင့်အလုပ်ကို ကြီးကျယ်ခမ်းနားအောင်
ပြုလုပ်ဖန်တီးလိုက်ကြသည်။



Gifted men seized Time and Work as their Opportunity.
They make them Great and Grand.